# ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်၊ တနင်္လာနေ့ (27-7-2015) (၈၂၇၄)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်လ်ဒိုက်ဗ်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၆**

၂၀၁၅ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အဗ္ဗဒူလာ ယာမင်အဗ္ဗဒူလ်ဂေယွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## မိုးရွာသွန်းမှုများ

| | | |
|---|---|---|
| အမ်း | ၈ ဒသမ ၃၄ | လက်မ |
| မောင်တော | ၇ ဒသမ ၅၂ | လက်မ |
| စစ်တွေ | ၆ ဒသမ ၈၉ | လက်မ |
| မြောက်ဦး | ၆ ဒသမ ၈၉ | လက်မ |
| ကျောက်တော် | ၆ ဒသမ ၅၀ | လက်မ |
| ပလက်ဝ | ၅ ဒသမ ၇၅ | လက်မ |
| ကျောက်ဖြူ | ၅ ဒသမ ၄၇ | လက်မ |
| သံတွဲ | ၄ ဒသမ ၈၄ | လက်မ |

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အသင်္ခယာစောယွမ်းမင်း ကြေးသွန်းရုပ်တုဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



**နေပြည်တော် ဇူလိုင် ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ဧယျပူရတိုင်း စစ်ကိုင်းမြို့တည်နန်းတည်နှစ်(၇၀၀)ပြည့်ပွဲတော် အထိမ်းအမှတ် အသင်္ခယာစောယွမ်းမင်း ကြေးသွန်းရုပ်တု ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ကြေးသွန်းရုပ်တုကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ အရှင်ဉာဏိဿရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❒



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အသင်္ခယာစောယွမ်းမင်း ကြေးသွန်းရုပ်တုကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (ပြန်/ဆက်)

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ တည်ဆောက်ပြီးရေလှောင်တမံကြီး ၂၄ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိကြောင်းနှင့် တာတမံများကျိုးပေါက်မှုမရှိကြောင်း သိရသည်။

အဆိုပါ ရေလှောင်တမံကြီး ၂၄ ခုမှာ ကြီးအုံကြီးဝရေလှောင်တမံ၊ ကညင်ရေလှောင်တမံ၊ မန်းတမံရေလှောင်တမံ၊ ရာဇဂြိုဟ်ရေလှောင်တမံ၊ ကျေးပင်အက်ရေလှောင်တမံ၊ နန်ကသူရေလှောင်တမံ၊ ကင်းတပ်ရေလှောင်တမံ၊ ရေဘုတ်ရေလှောင်တမံ၊ သိန်ရင်ရေလှောင်တမံ၊ ပြိုင်းချောင်းရေလှောင်တမံ၊ တောင်နဝင်းရေထိန်းတမံ၊ မုက္ခာရေလှောင်တမံ၊ မင်းမြင်ရေလှောင်တမံ၊ လင်ပန်းရေလှောင်တမံ၊ ကိုးပင်ရေလှောင်တမံ၊ ပေကြီးရေလှောင်တမံ၊ ဇာမဏီရေလှောင်တမံ၊ မင်းရဲရေလှောင်တမံ၊ စဥ့်ကူးချောင်းဝေါင်းရေလှောင်တမံ၊ လိုင်ဗားရေလှောင်တမံ၊ ရှောက်ချောင်းရေလှောင်တမံ၊ ဘန့်ဘွေးကုန်းရေလှောင်တမံ၊ ပျဉ်ပုံကြီးဆည်ရေလှောင်တမံနှင့် ဝါးပါးရေလှောင်တမံတို့ဖြစ်သည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့** ❖




ကြေးမုံ စာ တ ည်း ရှ ေ ထ ာ င့် ၂၇-၇-၂၀၁၅၊ တနင်္လာနေ့

# ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့တို့ ရန်ကုန်မြို့တွင် ညှိနှိုင်းဆွေးနွေးခဲ့ကြရာ လော်ခီးလာမှအဆိုပြုသည့် အချက်(၁၃)ချက်ကို ဆွေးနွေးနိုင်ခဲ့ကြသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူညီမှုစာချုပ်(မူကြမ်း)အတွက် (၈)ကြိမ်မြောက် တရားဝင်ညှိနှိုင်းဆွေးနွေးကြရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့မှ တောင်းဆိုထားသည့်အချက် လေးချက်ကို ဆွေးနွေးခဲ့ပြီး လော်ခီးလာအစည်းအဝေးမှ ပြင်ဆင်သည့် စာချုပ်(မူကြမ်း)ပါ အချက်(၁၃)ချက်ကိုဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

နှစ်ဖက်ကိုယ်စားလှယ်များသည် ယခုနှစ် မတ် ၃၁ ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်(အတည်ပြုမူကြမ်း)အပေါ် လော်ခီးလာညီလာခံမှ ပြန်လည်အဆိုပြုလာသည့် အချက်(၁၃)ချက်အား အခြေခံလျက် သဘောတူစာချုပ်(အတည်ပြုမူကြမ်း)ကို အချောသတ်သည့် ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ နောက်တစ်ကြိမ် အစည်းအဝေးကို ဩဂုတ်လ ပထမပတ်တွင် ကျင်းပရန် နှစ်ဖက်သဘော တူညီခဲ့ကြသည်။

ဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် နှစ်ဖက်ကိုယ်စားလှယ်များသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(အတည်ပြုမူကြမ်း)အမြန်ဆုံးချုပ်ဆိုနိုင်ရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို အမြန်ဆုံးကျင်းပကာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း အသိပေးပြောကြားထားသည်။

အဆိုပါငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ကျွန်ုပ်တို့နိုင်ငံ၏ နိုင်ငံရေးလုပ်ငန်းစဉ်၌ အရေးအကြီးဆုံးလုပ်ငန်းစဉ်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေး အပြောင်းအလဲဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည့်အချိန်ကာလတွင် ပြည်တွင်းငြိမ်းချမ်းရေး အောင်မြင်မှုရရှိစေရန်အတွက် နိုင်ငံ့အကျိုးကိုရှေးရှု၍ မတူသည်များကိုဖယ်ကာ တူရာများကို ပေါင်း၍ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံအပြောင်းအလဲအတွက် တိုတောင်းလှသည့်အချိန်အတွင်း ငြိမ်းချမ်းရေးတည်ဆောက်ရသည်မှာ ခက်ခဲသောအလုပ်ဖြစ်သော်လည်း ခိုင်မာသော သဘောတူညီချက်များရရှိရန်အတွက် စိတ်ရှည်သည်းခံမှုဖြင့် ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်သည်။ စစ်မှန်သောငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန်အတွက် တစ်ပြည်လုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသည် အရေးကြီးသော အချက်ဖြစ်သည်။ နှစ်ဖက်စလုံးက လက်ခံနိုင်သည့် နည်းလမ်းများကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ရည်မှန်းထားသည့်အတိုင်း ရရှိမည်ဟု မျှော်လင့်ပါသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီဖြစ်သည်။ တိုင်းရင်းသားများအချင်းချင်း သဘောထားအမြင်ကွဲလွဲမှု၊ အယူအဆနှင့် ရပ်တည်ချက်ကွဲပြားမှု စသည့်အကြောင်းကိစ္စအမျိုးမျိုးတို့ကြောင့် လက်နက်ဆွဲကိုင်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်မှာ အချိန်ကြာမြင့်ခဲ့ပြီဖြစ်သည်။ အကျိုးဆက်အားဖြင့် တိုင်းပြည်ငြိမ်းချမ်းရေးမရရှိခဲ့သဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ပေသည်။ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ ဖွံ့ဖြိုးတိုးတက်သောတိုင်းပြည်တွင် တိုင်းရင်းသားပြည်သူအားလုံး အတူတကွရပ်တည်နေထိုင်နိုင်ရေးအတွက် ငြိမ်းချမ်းရေးရရှိအောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ယခင်ခေတ်ကာလနှင့်မတူ ငြိမ်းချမ်းရေးရရှိရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အကြိမ်များစွာ ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်သည်။ ယခုကဲ့သို့ နှစ်ဖက်အဖွဲ့အစည်းများအကြား ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ခဲ့ခြင်းသည် ငြိမ်းချမ်းရေးကို ရှေးရှုဖော်ဆောင်နိုင်ခြင်း၏ လက္ခဏာများပင်ဖြစ်သည်။ စိန်ခေါ်မှုများ၊ အခက်အခဲများမည်မျှပင် ရှိပင်ရှိငြားသော်လည်း စိတ်ရှည်သည်းခံကာ နိုင်ငံတော်နှင့် ပြည်သူအကျိုးကို ရှေးရှုဆောင်ရွက်ကြခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ဦးတည်ဖော်ဆောင်နိုင်လိမ့်မည်ဟု ကြေးမုံက ရှုမြင်ပါသည်။ ။

## အလုံမြို့နယ်၌ သိပ္ပံဈေး(ဆင်မင်းဈေး)သစ်ကြီး ဖွင့်လိုက်ပြီ

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဆင်မင်းရပ်ကွက် ကမ်းနားလမ်းနှင့် သိပ္ပံလမ်းကြားတွင် တည်ရှိသော သိပ္ပံဈေး(ဆင်မင်းဈေး)သစ်ကြီးကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက ဖွင့်လှစ်ပြီး ဈေးသူဈေးသားများ စိတ်ချမ်းသာစွာ ဈေးစတင်ရောင်းချနေပြီဖြစ်သည်။**(ယာပုံ)**



အဆိုပါ ဆင်မင်းဈေး (သိပ္ပံဈေး) သည် လွန်ခဲ့သော နှစ်ပေါင်း ၆၀ ခန့်က စတင်ရှိခဲ့ပြီး ဆင်မင်းရပ်ကွက်ကို အစွဲပြု၍ ဆင်မင်းကွက်သစ်ဈေးဟု ခေါ်ရာမှ ဆင်မင်းဈေးဟုခေါ်ကာ မြေစိုက်တစ်ထပ်ဈေးဖြစ်သည်။

ယခုအချိန်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဈေးအရှေ့ဘက်ရှိ သိပ္ပံလမ်းအား အမှီပြု၍ သိပ္ပံဈေးဟု အမည်ပေးခဲ့ပြီး လူအများသိသော ဆင်မင်းဈေး မူလအမည်အား ဖျက်ခြင်းမရှိဘဲ ယခုဖွင့်လှစ်လိုက်သော ဈေးသစ်ကြီးတွင် သိပ္ပံဈေး(ဆင်မင်းဈေး)ဟု အမည်တပ်ထားသည်ကို တွေ့မြင်ရမည်။


သိပ္ပံဈေး (ဆင်မင်းဈေး)ဟောင်းကို ၂၀၁၂ ခုနှစ် ဇူလိုင်လအတွင်းက ဖျက်သိမ်းခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနနှင့် နေကမ္ဘာမြန်မာကုမ္ပဏီတို့က အကျိုးတူပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်ကာ အကျယ် ပေ ၃၀၀ × ၁၄၄ ပေတွင် ဈေးရုံပေါင်း ကိုးရုံ၊ ဆိုင်ခန်းပေါင်း ၇၂၂ ခန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဈေးကြီးအား အဓိကဈေးဝင်လမ်း၊ ထွက်လမ်း၊ မီးဘေးလုံခြုံရေးအတွက် လျှပ်စစ်မီးများတပ်ဆင်ထားမှု၊ သန့်ရှင်းရေးအတွက် ရေပေးဝေမှုစနစ်နှင့် သန့်စင်ခန်းများကို အဆင့်မြင့်မြင့်နှင့် စနစ်တကျတည်ဆောက်ထားကြောင်း သိရသည်။

**ကိုတင်မောင်ဦး(အလုံ)**

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းမှားယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၅၀(ဂ)တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။




## ထင်သာမြင်သာ ပြုပြင်စရာ



မရမ်းကုန်းမြို့နယ်နှင့် အင်းစိန်မြို့နယ်သို့ အလွယ်တကူ ဖြတ်သန်းသွားလာနိုင်သည့် မြောက်ဥက္ကလာပမြို့နယ်ရှိ ကျောက်ရေတွင်းဘူတာ မီးရထားခုံးကျော် တံတားအောက်တွင် စားသောက်ဖွယ်ရာများ ခင်းကျင်းရောင်းချရာမှ အကြွင်းအကျန်များကြောင့် ကြွက်များပေါကာ တံတားကြီးအုတ်တိုင်များအနီး ကြွက်များဖောက်ထွင်းမှုကြောင့် ခံနိုင်ဝန်လျော့ပါး၍ ပျက်စီးနိုင်သဖြင့် ထင်သာမြင်သာ ပြုပြင်စရာဖြစ်နေပါသည်။ **(၁၉၇)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

# နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန တည်ဆောက်ပေးခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်စေရန်နှင့် ယဉ်ကျေးမှုများကို သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်ဖြစ်



**နေပြည်တော် ဇူလိုင် ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံသဘင်အစည်းအရုံးနာယက ဦးရွှေနှန်းတင် ဦးဆောင်သည့် သဘင်ပညာရှင်များ၊ မြို့မအသင်းနှင့် ဂီတအစည်းအရုံးမှ ပညာရှင်များ၊ မြန်မာ့ရိုးရာ ပန်း (၁၀)မျိုးပညာရှင်များအား တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန အကောင်အထည်ဖော်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က မန္တလေးမြို့၌ နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန တည်ဆောက်မည့် စီမံကိန်းတည်နေရာ၊ ဖြစ်ပေါ်လာပုံနှင့် ရည်ရွယ်ချက်၊ တည်ဆောက်မည့် အဆောက်အအုံတွင် အထပ်အလိုက်ပါဝင်မည့် အခန်းဖွဲ့စည်းပုံ၊ ဗိသုကာပုံစံများနှင့် လက်ရှိဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မှာကြားရာတွင် မန္တလေးမြို့၌ နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန တည်ဆောက်ပေးခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များမပျောက်ပျက်စေရန်နှင့် ယဉ်ကျေးမှုများကို သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်ဖြစ်ကြောင်း၊ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ပန်း (၁၀)မျိုး ပညာရှင်များအား အနုပညာဗဟိုဌာန တည်ဆောက်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအတွက် ဝင်ငွေများ ပိုမိုရရှိလာစေမည်ဖြစ်ပါကြောင်း၊ အနုပညာဗဟိုဌာနကို မန္တလေးနှင့် အလားတူ ရန်ကုန်တွင်လည်း တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ယင်းဗဟိုဌာနများ တည်ဆောက်ပြီးစီးပါက အနုပညာဆိုင်ရာ ဖျော်ဖြေတင်ဆက်မှုများကို တစ်နှစ်ပတ်လုံး ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အနုပညာဆိုင်ရာ အရောင်းပြခန်းများနှင့် အနုပညာသင်တန်းများကိုပါ ဖွင့်လှစ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းဗဟိုဌာနများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းအဆောက်အအုံများပြီးစီးပါက အနုပညာရှင်များက အုပ်ချုပ်မှုအဖွဲ့အစည်းများဖွဲ့စည်းပြီး တာဝန်ယူကာ လုပ်ငန်းများ ဆက်လက်စီမံဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အနုပညာရှင်များက သဘင်၊ ဂီတ အနုပညာလုပ်ငန်းများအတွက် လိုအပ်ချက်များကို တင်ပြကြရာ နိုင်ငံတော်သမ္မတက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယခုတည်ဆောက်မည့် နိုင်ငံတကာအဆင့်မီအနုပညာဗဟိုဌာန (မန္တလေး)ကို ချမ်းမြသာစည်မြို့နယ် (၇၃)လမ်းနှင့် (၇၈) လမ်းကြား မြေဧက ၈ ဒသမ ၈၁ ဧက အကျယ်ပေါ်တွင် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)ရာနှုန်းပြည့်ပြီးစီး၍ မော်တော်ယာဉ်များဖြတ်သန်းခွင့်ပြု

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ခန့်မှန်းကုန်ကျငွေကျပ် ၆ ဒသမ ၁၅၃ ဘီလီယံဖြင့်တည်ဆောက်ခဲ့သည့် ငမိုးရိပ်တံတား (မင်္ဂလာတောင်ညွန့်) ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ယနေ့နံနက် ၈ နာရီမှစတင်ကာ မော်တော်ယာဉ်များ ဖြတ်သန်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

ယနေ့ မော်တော်ယာဉ်များ စတင်ဖြတ်သန်းခွင့်ပြုလိုက်သော တံတားသစ်ကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားအရှည် ၄၀၅ မီတာ၊ အကျယ် ၁၁ ဒသမ ၅ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၈ မီတာ၊ လူသွားလမ်း နှစ်ဖက်ရှိပြီး တစ်ဖက်ကို ၁ ဒသမ ၇၅ မီတာ၊ ရေယာဉ်များ ကင်းလွတ်တံတား အမြင့် ၁၆ ပေ ၅ လက်မ၊ တံတားခံနိုင်ဝန် ခွင့်ပြုတန်ချိန် ၇၅ တန်ဖြစ်သည်။ အဆိုပါတံတား၏ ယာဉ်သွားလမ်းမှာ အသွားအပြန် နှစ်လမ်းသွားဖြစ်သည်။

ယခုဖွင့်လှစ်လိုက်သော တံတားနှင့်ကပ်လျက် နှစ်တစ်ရာနီးပါးခန့်ရှိသော တံတားဟောင်းကိုလည်း ရှေးဟောင်းမြို့ပြအမွေအနှစ်အဖြစ် ထိန်းသိမ်းထားရှိပြီး တံတားကြံ့ခိုင်မှု အားနည်းခြင်းကြောင့် စက်ဘီး၊ ဆိုက်ကား၊ အနှေးယာဉ်များ နှင့်လူများကိုသာ ဖြတ်သန်းခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ငမိုးရိပ်တံတား(ပါရမီ)နှင့် ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)တို့ကို တည်ဆောက်ပေးနိုင်ခဲ့ကာ ယာဉ်ကျပ်တည်းမှုကို အထိုက်အလျောက် လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)လက်ထောက်ဌာနမှူး ဦးကျင်အုန်းက ပြောသည်။

**(စောသိန်းဝင်း)**

■



❖ **ရွှေ့ဖုံးမှ**

ထို့ပြင် ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၁၆ ခုတွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီခြင်းမရှိဘဲ အဆိုပါ ရေလှောင်တမံများရှိ ရေပမာဏမှာ သဖန်းဆိပ်ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၂၈၆၃၅၅၄ ဧကပေ၊ ခပေါင်းရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၃၉၅၄၆၉ ဧကပေ၊ ကင်းတားရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၁၅၂၄၀၀၊ ဖြူးရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၄၀၁၉၇၆၊ ဆည်တော်ကြီးရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၂၅၇၄၀၀၊ ပေါင်းလောင်းရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၄၅၁၆၇၆ ဧကပေ၊ ဆင်သေရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၂၄၀၃၅ ဧကပေ၊ ချောင်းမငယ် ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၆၂၁၆၉ ဧကပေ၊ ငလိုက်ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၃၇၁၀၀၊ ရေဆင်းရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၁၅၇၅၀၊ မဒန်းရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၁၆၂၈၇ ဧကပေ၊ မြို့လှ (တပ်ကုန်း) ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၆၉၇၈ ဧကပေ၊ သဲဖြူရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၄၉၄၇ ဧကပေ၊ တောက်ပြိုရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၁၆၂၄ ဧကပေ၊ မုံချောင်းရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၄၅၅ ဧကပေနှင့် ကင်းသာရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၆၂ ဒသမ ၈၀ ဧကပေဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပွားသည့်ဒေသများတွင် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# နောင်ချိုမြို့နယ် ရတနာသိင်္ဂီကျေးရွာရှိ တံတားနှစ်စင်းရေစီးဖြင့် မျောပါပျက်စီး

**နောင်ချို ဇူလိုင် ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရတနာသိင်္ဂီကျေးရွာအတွင်းရှိ သံကူကွန်ကရစ် ချောင်းဦးတံတားအလျား ပေ ၅၀၊ အနံ ၁၅ပေ၊ အမြင့် ၁၀ပေနှင့် သစ်သားတံတားအလျားပေ ၂၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၀ ပေရှိ တံတားနှစ်စင်းမှာ ဇူလိုင် ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ရေစီးနှင့်အတူ မျောပါပျက်စီးခဲ့ကြောင်းနှင့် အဆိုပါတံတားနှစ်စင်း ပျက်စီးမှုကြောင့် လူနှင့် တိရစ္ဆာန်များ ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**(မြန်/ဆက်)**

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည်

**နေပြည်တော် ဇူလိုင် ၂၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့သည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ရွှေဆံတော်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ပြည်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်မြို့သည် ခေတ်အဆက်ဆက်တွင် ဖွံ့ဖြိုးတိုးတက်သည့်မြို့ဖြစ်ပါကြောင်း၊ မြို့၏ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ထိန်းသိမ်းရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ရှိသူများက လွတ်လပ်ပွင့်လင်းစွာ တင်ပြကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မြင့်၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် တာဝန်ရှိသူများက ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်၊ မြေယာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် လွှတ်တော်ရပ်နားချိန်တွင် ဒေသအနှံ့သွားရောက်၍ ပြည်သူများ၏အသံကို နားထောင်ခဲ့ပါကြောင်း၊ အလုပ်မအားလပ်သည့်ကြားမှပင် လုပ်နိုင်စွမ်းရှိသည့် အချိန်ကာလအတွင်း ပြည်သူလူထု အကျိုးစီးပွားအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့သို့ရောက်ရှိပြီး ကြို့ပင်ကောက်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြို့မိမြို့ဖများ၊ ပြည်သူများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူများ၏အသံကို နားထောင်ကာ ပြည်သူများ၏ဆန္ဒကို သိရှိပြီး ပြည်သူတို့၏လိုအပ်ချက်များနှင့် ပတ်သက်၍ ဆောလျင်စွာ ဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များကို ဦးစားပေးလုပ်ဆောင်ပေးမည်ဖြစ်သကဲ့သို့ ပေါင်းစပ်ညှိနှိုင်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသင့်သည်များကိုလည်း စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ပွင့်လင်းစွာထုတ်ဖော်တင်ပြကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့နှင့် အုတ်ဖိုမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီတို့မှ တာဝန်ရှိသူများက ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အချက်အလက်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်တင်ပြပြီး ပြန်လည်ရှင်းလင်းပြောကြားသည်။



ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းနှီးစွာနှုတ်ဆက်သည်။

ယင်းနောက် မိုးညိုမြို့နယ်သို့ မွန်းလွဲပိုင်းတွင်ရောက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဒေသခံမြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒေသအကျိုးစီးပွားအတွက် လိုအပ်ချက်များကို လွတ်လပ်ပွင့်လင်းစွာ တင်ပြဆွေးနွေးကြပါရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မိုးညိုမြို့နယ် စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စည်ပင်သာယာရေးကော်မတီ၊ မင်းလှမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် စည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူများက လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းမှာကြားသည်။

တွေ့ဆုံပွဲများသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ ၊ ကော်မတီသုံးရပ်မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# သီလဝါဆီတင်/ချ ဆိပ်ကမ်းဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၂၆**

Green Asia Port Terminal (Thilawa) ဖွင့်ပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်-ကျောက်တန်းနယ်မြေ သီလဝါဆိပ်ကမ်းဒေသအကွက်အမှတ်(၁၇၊ ၁၈-အေ)၌ကျင်းပသည်။

ထိုစက်သုံးဆီ တင်/ချဆိပ်ခံတံတားကို ဖွင့်လှစ်နိုင်ခဲ့ခြင်းအားဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်ကို ပြတ်လပ်မှုမရှိအောင် ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ကမ္ဘာ့စက်သုံးဆီဈေးကွက်တွင် အတက်အကျ များနေသဖြင့် တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များကို သီလဝါဆိပ်ကမ်းအနီးဒေသ၌ စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရေး အထောက်အကူပြု အဆောက်အအုံများ အလုံအလောက်အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ပြုသည့်အတွက် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းအတက်အကျကို အတိုင်းအတာတစ်ခုအထိကာမိစေပြီး နိုင်ငံတော်အတွင်း စက်သုံးဆီပြတ်လပ်မှုမရှိစေရန် ရည်ရွယ်၍ ဆောက်လုပ်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တစ်ဖန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ စာရင်းဇယားတွင် ရန်ကုန်ဆိပ်ကမ်းနှင့်သီလဝါဆိပ်ကမ်းတို့မှ တစ်ဆင့်စက်သုံးဆီတင်သွင်းခဲ့မှုမှာ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် စက်သုံးဆီတန်ချိန် ၂ ဒသမ ၂၂ သန်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၂ ဒသမ ၃၅ သန်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၃ ဒသမ ၄၇ သန်းအထိတင်သွင်းခဲ့သဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ်နှင့် ၂၀၁၄-၂၀၁၅ ခုနှစ်တို့ကို နှိုင်းယှဉ်ပါက ၄၇ ဒသမ ၆၅ ရာခိုင်နှုန်းအထိ သိသိသာသာ တိုးတက်များပြားလာသည်ကို တွေ့ရှိရကြောင်း၊ စက်သုံးဆီတင်သွင်းမှုကို နိုင်နိုင်နင်းနင်းကိုင်တွယ်ရန် သီလဝါဆိပ်ကမ်း၌ စက်သုံးဆီ တင်/ချ ဆိပ်ကမ်းများ အလုံအလောက် လုပ်ငန်း လုပ်ကိုင်ခွင့်ပြုခဲ့သည့်အတွက် အချိန်ကိုက်ဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊ သီလဝါဆိပ်ကမ်းဒေသ၌ စက်သုံးဆီတင်/ချ ဆိပ်ကမ်းကို အကောင်အထည်ဖော်တည်ဆောက်ပြီး စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခွင့်ပြုခဲ့သဖြင့် ယနေ့တရားဝင်ဖွင့်ပွဲအခမ်းအနားကျင်းပသည့် Green Asia Port Terminal (Thilawa) သည် သုံးခုမြောက်စက်သုံးဆီတင်/ချ ဆိပ်ကမ်းဖြစ်ကြောင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည့် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။



ဖွင့်လှစ်လိုက်သည့် ဆိပ်ခံတံတားမှာ မျက်နှာစာအလျား ၁၃၃ မီတာ၊ အကျယ် ၁၉ ဒသမ ၅မီတာရှိသည့် ပင်မဆိပ်ခံတံတား၊ အလျား ၁၃၃ မီတာ၊ အကျယ် ၁၉ ဒသမ ၅ မီတာရှိသည့် ချဉ်းကပ်တံတားတို့ကို ၂၈ မီတာမှ မီတာ ၄၀ အရှည်ရှိသော ကွန်ကရစ်ပိုင် ၂၀၄ ချောင်းဖြင့် Psc Pile Foundation Rcc Structure နှင့် တည်ဆောက်ထားကြောင်း၊ ဆီလှောင်ကန်များကို ဂါလန်လေးသန်းဆံ့ နှစ်လုံး၊ နှစ်သန်းဆံ့ လေးလုံးကို ဆိပ်ခံတံတားကဲ့သို့ပိုင်ပေါင်း ၄၉၇ ချောင်းနှင့် Psc Pile Foundation ဖြင့် တည်ဆောက်ထားကြောင်း၊ ဆိပ်ခံတံတားသို့ရေစူး ကိုးမီတာနှင့် Dwt 15000 ရှိသော ဆီသင်္ဘောများဆိုက်ကပ်နိုင်ပြီး လက်ရှိတွင် ဂါလန် ၁၆ သန်း သိုလှောင်ထားနိုင်သည်ကို ဂရင်းအေးရှား ဝန်ဆောင်မှု ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးမောင်ကျေး၏ ရှင်းလင်းချက်အရ သိရသည်။

ယင်းအခမ်းအနားဖွင့်ပွဲသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဖိတ်ကြားထားသူများက ဆိပ်ခံတံတားကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆိပ်ခံတံတားနှင့် သိုလှောင်ကန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်း-ဌေးအောင်**
**ဓာတ်ပုံ-ခင်မောင်ဝင်း**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၆**

၂၀၁၅ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထံမှ မော်လ်ဒိုက်ဗ်နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဒွန်ယာ မော်မွန်း ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလများမှ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်း

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလများမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလျက်ရှိရာ ဇူလိုင် ၂၀ ရက်မှ ဇူလိုင် ၂၆ ရက်အထိ နိုင်ငံရေးပါတီ ခုနစ်ပါတီနှင့် တစ်သီးပုဂ္ဂလတို့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၀ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း လေးဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၃ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ကိုးဦး စုစုပေါင်း ၄၆ ဦးတို့ အမည်စာရင်းတင်သွင်းခဲ့ကြကြောင်း သိရှိရသည်။ နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလတို့၏ လွှတ်တော်များအလိုက် အမည်စာရင်းတင်သွင်းမှုအသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.orgတွင်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ



**✻ ကျောဖုံးမှ**

ကိုထွန်းမောင် ဇနီးသည်ပြင်ဆင်ထားသော အဆာပြေထမင်းကို စားပြီး သမ္ဗန်ရှိရာ မြစ်ဆိပ်သို့ ဆင်းလာခဲ့သည်။ တစ်ဦးတည်းသော သားအတွက် ငွေကိုကြိုးစားရှာရပေဦးမည်။

ရန်ကုန်တစ်ဖက်ကမ်းသို့အမြန်ရောက်ရန် ကိုထွန်းမောင်တစ်ယောက် စိတ်လောနေသည်။ ယခုလို အရုဏ်တက်ချိန်တွင် ရန်ကုန်မြစ်သည် ရေစီးကြမ်းသော်လည်း ရန်ကုန်တစ်ဖက်ကမ်းသို့ အချိန်မီရောက်ရန်အတွက် ကိုထွန်းမောင်အားထုတ်ရမည်ဖြစ်သည်။ နံနက် ၅ နာရီခန့်ဆိုလျှင် ဈေးကြိုအဖွဲ့တွေ ပြန်လာမည်ဖြစ်သည့်အတွက် သမ္ဗန်နံပါတ် စောစောချိတ်ရန်လိုအပ်နေသဖြင့် အရုဏ်ဦးအလင်းရောင်ကိုအားပြုရင်း သမ္ဗန်ကို မောင်းနှင်လာရသည်။

တစ်ဖက်ကမ်းရှိသမ္ဗန်ဂိတ်သို့ ကိုထွန်းမောင်ရောက်ချိန်တွင်တော့ သူ့ထက်စော၍ ဘဝတူသမ္ဗန်သမားများ ရောက်နှင့်နေပေသည်။ သူ့ထက်ကြိုရောက်နှင့်နေသည့် သမ္ဗန်အရေအတွက်ကား ၁၀ စင်းတိတိ။ မိုးရာသီနံနက်စောစော လှိုင်းတွေထန်နေသည့်အချိန်တွင် ဝီရိယထားကြိုးစားလာခဲ့ပေမယ့်လည်း ကိုထွန်းမောင်၏ ကြိုးစားမှုရလဒ်က ၁၁ ယောက်မြောက်သာ ဖြစ်နေသည်။ ရောက်ရှိလာမည့် မိမိအလှည့်ကိုသာစောင့်မျှော်နေရင်း ခရီးသည်များတစ်သုတ်ပြီးတစ်သုတ် တစ်ဖက်ကမ်းသို့ ထွက်ခွာသွားသည်ကို ငေးကြည့်နေမိသည်။ ကိုထွန်းမောင်တို့လို သမ္ဗန်သမားများအဖို့ မှန်းချက်နှင့် နှမ်းထွက်မကိုက်သည့် နေ့ရက်များစွာရှိခဲ့သော်လည်း ဝီရိယကို မလျှော့ခဲ့ပေ။ သမ္ဗန်သမားဖခင်ဖြစ်သူ၏ အမွေအား ကိုထွန်းမောင် လက်ခံရယူခဲ့သော်လည်း ကျောင်းတက်နေသည့် သားဖြစ်သူကိုမူ ပညာတတ်ကြီးဖြစ်အောင် လုပ်ပေးရမည်ဆိုသည့် အသိစိတ်တွေ လွှမ်းမိုးနေခဲ့သည်။ သူကဲ့သို့ ကြမ်းတမ်းသည့် အလုပ်မျိုးအား သားဖြစ်သူကို ကိုထွန်းမောင်မလုပ်စေချင်ပါ။

နေ့စဉ် ဝင်ငွေထဲမှ အိမ်စရိတ်၊ ဂိတ်ကြေး၊ ဆီဖိုး၊ အုံနာကြေး၊မထသ(ခေါက်ကြေး) ကြေးတွေဖယ်လိုက်လျှင် အိမ်သုံးစရိတ်အပြင် စုစုဆောင်းဆောင်း သိပ်မကျန်ဘူးဆိုတာ သူသိသည်။ထိုအခြေအနေတွေကြောင့်လည်းနေ့စဉ်ညနေ ၆ နာရီ သမ္ဗန်သိမ်းချိန်ထက် နောက်ထပ်အလုပ်ချိန်ကို နှစ်နာရီခန့်တိုးမြှင့်မှရတော့မည်ဖြစ်ကြောင်း သူ နားလည်လိုက်သည်။

“ကျွန်တော်တို့လို သမ္ဗန်သမားတွေက အခုလို မနက်စောစောနဲ့ ရုံးတက်၊ရုံးဆင်းချိန်တွေကိုပဲ အားထားပြီး လုပ်နေရတာပါ။ နေပူ၊ မိုးရွာမရှောင်လုပ်နေတာတောင် ပြန်ရင် အိမ်စရိတ်လောက်ပဲရတယ်။ တစ်ခါတလေ ရာသီဥတုမကောင်းလို့ မထွက်ရတာရှိသေးတယ်။အဲဒီလို အချိန်မျိုးမှာ ကိုယ်လည်းတွက်ခြေမကိုက်တဲ့အပြင် ခရီးသည်တွေရဲ့ ငြိုငြင်မှုတွေတောင်ခံကြရတယ်။ မလွယ်ပါဘူး” ဟု ကိုထွန်းမောင်တစ်ယောက်ညည်းနေမိသည်။

လက်ရှိအခြေအနေအရ သမ္ဗန်တစ်စင်းကို အနိမ့်ဆုံးဈေးနှုန်းငွေကျပ် ရှစ်သိန်းမှ အမြင့်ဆုံးငွေကျပ် ၁၇ သိန်းဝန်းကျင်ပေါက်နေချိန်ဖြစ်သဖြင့် နေ့စားသမ္ဗန်သမားဖြစ်သူ သူ့အတွက် သမ္ဗန်တစ်စင်းပိုင်ဆိုင်ဖို့ဆိုသည်မှာ အိပ်မက်ထဲမှာပင် မမက်ရဲသည့်အခြေအနေမျိုး။

ဒလမြို့နယ်မှ ရန်ကုန်တစ်ဖက်ကမ်းသို့ နေ့စဉ်လာရောက် အလုပ်လုပ်ကိုင်သူများစွာရှိသည့်အနက် အများစုမှာ ရုံးတက်၊ ရုံးဆင်းချိန်များတွင် နီးစပ်ရာ သမ္ဗန်ဂိတ်များမှသမ္ဗန်ကို အားပြုစီးနင်းလေ့ရှိသည်။ ရန်ကုန်မှ ဒလတစ်ဖက်ကမ်းသို့ ကူးသည့် သမ္ဗန်ဆိပ် ၁၀ ခုခန့်ရှိရာ ကိုထွန်းမောင်တို့ ကမာအောင်သမ္ဗန်ဂိတ်သည် သမ္ဗန်အစင်းရေ ၁၈၀ ခန့်ရှိပြီး အကြီးဆုံးသမ္ဗန်ဂိတ် တစ်ခုဖြစ်သည်။ ကိုထွန်းမောင်တို့ဂိတ်တွင် သမ္ဗန်မောင်းနှင်သူအများစုမှာ သမ္ဗန်တစ်စင်းကို တစ်ရက် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ငှားရမ်း၍မောင်းနှင်နေကြသူများသည်။ သမ္ဗန်သမားတစ်ဦး ကြိုးစားရှာဖွေပါက တစ်နေ့လျှင် ငွေကျပ်တစ်သောင်းမှ ငွေကျပ် တစ်သောင်းခွဲဝန်းကျင်ခန့်ရရှိလေ့ရှိသည်။ ကိုယ်ပိုင်သမ္ဗန်သမားများအတွက် ပို၍တွက်ခြေကိုက်သော်လည်း အငှားသမ္ဗန်သမားများမှာ အုံနာခ ငွေကျပ် နှစ်ထောင်နှင့် ဓာတ်ဆီဖိုး၊ ဂိတ်ကြေး၊ မထသ(ခေါက်ကြေး) ကြေးနုတ်လိုက်လျှင် ငွေကျပ် ငါးထောင်ခန့်သာကျန်သည်။ ကိုထွန်းမောင်တစ်ယောက် သူ၏အလုပ်ချိန်ကို တိုးမြှင့်လိုက်သည်။ တစ်နေ့တာ စားစရိတ်၊ ကျောင်းစရိတ်နှင့် အထွေထွေကုန်ကျစရိတ်များ နုတ်လိုက်ပါက ကိုထွန်းမောင်အတွက် ပိုသည်ဟူ၍ မရှိသေးသောကြောင့်ပင်ဖြစ်သည်။

သမ္ဗန်သမားများ၏ ပုံမှန်ကြုံတွေ့ရမှုများထဲတွင် တစ်နှစ်တစ်ခါ လိုင်စင်ဝင်ရခြင်းလည်းပါဝင်သည်။ မိုးမဝင်မီကာလအတွင်း လိုင်စင်ဝင်ရပြီး သမ္ဗန်လိုင်စင်မရှိပါက မောင်းနှင်ခွင့်မရှိပေ။

“သမ္ဗန်လိုင်စင်ဝင်မယ်ဆိုရင် သမ္ဗန်ဆိပ်တွေကို သက်ဆိုင်ရာကဆင်းပြီးစစ်ဆေးတယ်။ သမ္ဗန်ကိုယ်ထည်ကြံ့ခိုင်မှု၊ စက်ကောင်း၊ မကောင်း၊ အသက်ကယ်အင်္ကျီ ၁၁ ခု ပါ၊ မပါ၊ ရေထုတ် ပိုက်ကောင်း၊ မကောင်း အကုန်စစ်ကြတယ်။ ဒါတွေကောင်းမှ လိုင်စင်ရတာပါ” လို့ ကိုထွန်းမောင်က စင်းလုံးငှားရမ်းစီးနင်းသူ ခရီးသည်အား ပြောပြနေမိသည်။

သမ္ဗန်သမားဘဝ သမ္ဗန်သမားတစ်ဦးဖြစ်ရန် လွယ်ကူသည်တော့ မဟုတ်ပေ။ သမ္ဗန်သမားတစ်ဦးဖြစ်ရန်အတွက် စက်တပ်သမ္ဗန် မမောင်းနှင်မီ လက်ခတ်သမ္ဗန်ဖြင့် မြစ်ချောင်းအတွင်း အရင်ဆုံးလေ့ကျင့်ရသည်။ လက်ခတ်သမ္ဗန်ကျွမ်းကျင်ပိုင်နိုင်မှ စက်တပ်သမ္ဗန်ကို စတင်လေ့ကျင့်ရပြန်သည်။ စတင်လေ့ကျင့်ရာတွင် ရေတက်ရေကျကိုနားလည်ရန် အရင်ဆုံးသင်ကြရသည်။ မောင်းနှင်မှုကျွမ်းကျင်ရုံဖြင့် သမ္ဗန်သမားမဖြစ်သေးပေ။ မိမိမောင်းနှင်မည့် ရပ်ကွက်မှတစ်ဆင့် မြို့နယ်သို့ သက်ဆိုင်ရာ စာရွက်စာတမ်းဖြင့် တင်ပို့၍သက်ဆိုင်ရာဂိတ်တွင် လက်တွေ့မောင်းနှင်ပြပြီးမှသာ သမ္ဗန်မောင်းနှင်ခွင့် လိုင်စင်ကို ရရှိမည်ဖြစ်သည်။

သမ္ဗန်မောင်းနှင်ခွင့်ရရှိသော်လည်း မိုးတွင်းကာလများနှင့် ဆောင်းတွင်းကာလများသည် သမ္ဗန်သမားများအတွက် တစ်ခါတစ်ရံ အခက်အခဲများ ကြုံတွေ့ကြရပြန်သည်။ မိုးသည်းထန်စွာရွာသွန်းချိန်နှင့် မြူနှင်းများကျဆင်းနေအချိန်များတွင် သာမန်အချိန်များထက် အန္တရာယ်များသဖြင့် အထူးဂရုစိုက် မောင်းနှင်ကြရသည်။

“အခုလို မိုးတွင်းကာလမှာ မိုးအများကြီးသည်းရင် ရှေ့ကိုတောင် မမြင်ရတော့တဲ့အချိန်ဆို သမ္ဗန်တွေကို ဂိတ်ထွက်ခွင့်မပေးဘူး။ ဒီလိုပဲ ဆောင်းတွင်းမြူအများကြီးကျနေရင်လည်း ဂိတ်ထွက်ခွင့်မပေးပါဘူး။ တစ်ခါတလေ ခရီးသည်တွေက သမ္ဗန်မထွက်လို့ပြဿနာရှာတာလည်း ကြုံဖူးတယ်။ ခရီးသည်တွေအသက်အန္တရာယ် စိုးရိမ်ရတဲ့အတွက် ဂိတ်မထွက်ရပါဘူး။ မိုးသည်းလို့ ဒါမှမဟုတ် မြူကွဲတဲ့အချိန်ကြမှ ဂိတ်ထွက်ရတယ်။ ဒါပေမယ့် ရုတ်တရက်ဆိုတဲ့အခြေအနေမျိုးကလည်း ရှိသေးတယ်။ မောင်းနေတုန်းလမ်းတစ်ဝက်လောက်မှာ ရုတ်တရက်လေနဲ့မိုးကျလာတာ ရှိတတ်တယ်။ ဒီလိုအချိန်ဆိုရင် ဘယ်လိုမှ မတတ်နိုင်ဘူး။ သမ္ဗန်သမားရဲ့ကျွမ်းကျင်မှုအပေါ်မှာပဲ မူတည်တော့တယ်”လို့ ခရီးသည်၏အမေးကို ပြောပြမိသည်။

သမ္ဗန်မတော်တဆမှုဖြစ်ပါက ခရီးသည်များအတွက် အန္တရာယ်ဖြစ်စေသလို သမ္ဗန်သမားတို့၏ ဘဝကိုလည်းထိခိုက်စေပါသည်။ သမ္ဗန်များကိုအစင်း ၂၀ တစ်ဖွဲ့၊ ၃၀ တစ်ဖွဲ့စသည်ဖြင့် ဖွဲ့စည်းပေးထားသလို သမ္ဗန်မတော်တဆဖြစ်သော သမ္ဗန်သာမက တစ်ဖွဲ့လုံးဂိတ်ပိတ်သည်အထိ အရေးယူသည်။ သမ္ဗန်သမားတစ်ဦးထဲမှ နှစ်ခါ၊ သုံးခါ စသည်ဖြင့် မတော်တဆမှုများလာပါက ရာသက်ပန်ဂိတ်ပိတ်သိမ်းသည်အထိလည်း ရှိသည်။

ထိုကြောင့်သမ္ဗန်မတော်တဆမှုများ မဖြစ်ပွားစေရန်အတွက် သက်ဆိုင်ရာဂိတ်များမှ တာဝန်ရှိသူများက သမ္ဗန်တစ်စင်းလျှင် ခရီးသည်အများဆုံး ၁၀ ဦးအထိ စီးနင်းခွင့်ပြုထားသည်။ သို့သော်လည်း ရာသီဥတုအခြေအနေပေါ်မူတည်၍ အများဆုံး ခုနစ်ဦးမှ ငါးဦးအထိ ကန့်သတ်ထားပြီး ရာသီဥတုဆိုးရွားနေပါက ဂိတ်ပိတ်ထားသည်အထိပင်ရှိသည်။ထို့ပြင် သမ္ဗန်သမားများအနေဖြင့်လည်း အရက်သေစာသောက်စား၍ မောင်းနှင်ခြင်း၊ ခရီးသည်များအတွက် အန္တရာယ်ကင်းစေရန် အသက်ကယ်အင်္ကျီများ မပါရှိပါကလည်း ဂိတ်ပိတ် အရေးယူမှုများအထိရှိနေသည်။

“ဒီရာသီဆို ရေစီးအလွန်ကြမ်းတော့ ပိုပြီးဂရုစိုက်မောင်းရတယ်။ ရေစီးကြမ်းတဲ့အချိန် ရေလယ်မှာသမ္ဗန်စက်သေသွားမှာကို အကြောက်ဆုံးပါ။ စက်ပစ္စည်းဆိုတာကလည်း စစ်ဆေးတုန်းကကောင်းပြီး အချိန်မရွေးထဖြစ်တတ်တဲ့ သဘောရှိတယ်။ မြစ်ထဲမှာမျောပါလာတဲ့ ဒိုက်၊ အမှိုက်တို့နဲ့ ပန်ကာငြိပြီး စက်ရပ်သွားတာမျိုးလည်းဖြစ်တတ်တယ်။ မတော်တဆ စက်ရပ်သွားရင် ခက်တက်ကို အသုံးပြုပြီး ရအောင်ကြိုးစားရတယ်။ ရေစီးအလွန်ကြမ်းရင်တော့ နောက်ဆုံး မတတ်သာတဲ့အခါမှာ မတော်တဆမှုမျိုးတွေတောင်ဖြစ်တတ်လို့ အလွန်အန္တရာယ်များပါတယ်” လို့ ကိုထွန်းမောင်တစ်ယောက် ခရီးသည်သိလိုသမျှကို စိတ်လိုလက်ရရှင်းပြမိသည်။

ထို့သို့ အန္တရာယ်များကို ရှောင်ရှားနိုင်ရန်အတွက် မနက် သမ္ဗန်စထွက်ချိန်တွင် စက်၊ ခက်တက်၊ ရေထိုးပိုက်၊ သမ္ဗန်ကိုယ်ထည်တွေကို စစ်ဆေးရခြင်းကပင် သူ၏လုပ်ငန်းခွင်ဝင်ချိန် ပထမဆုံးအလုပ်တစ်ခုလိုဖြစ်နေသည်။

“ရာသီဥတုနဲ့ရေစီးကြမ်းတဲ့အပေါ်မူတည်ပြီး ခရီးသည်ကိုတင်ရတယ်။ လူလျှော့တင်တဲ့အခါမျိုးနဲ့ အချိန်မီမထွက်နိုင်တဲ့အခါမျိုးမှာ ခရီးသည်တချို့ရဲ့ ပြစ်တင်ပြောဆိုသံတွေ ကြားရတယ်။ သူတို့အနေနဲ့လည်း လုပ်ငန်းခွင်ကို အချိန်မီရောက်ဖို့လိုတယ်ဆိုတာ နားလည်ပါတယ်။ ဒါပေမယ့် လူ့ရဲ့အသက်က ပိုပြီးတန်ဖိုးရှိတဲ့အတွက် ခရီးသည်အလိုကို လိုက်လျှောလို့ မရဘူး။ အန္တရာယ်ကင်းကင်းနဲ့ လိုရာခရီးရောက်ဖို့အရေးကြီးတယ်”လို့ ကိုထွန်းမောင်က ထပ်မံပြောပြသည်။

သမ္ဗန်သမားတစ်ဦး အနေဖြင့် ငွေကြေးလောဘဖြင့် အပြိုင်အဆိုင် ရှာဖွေခြင်းများရှိတတ်သော်လည်း သတ်မှတ်စည်းကမ်းများကို ဖောက်ဖျက်၍ မောင်းနှင်ခြင်းများမပြုလုပ်ရန် လွန်စွာအရေးကြီးသည်ကို ကိုထွန်းမောင်တို့ သမ္ဗန်သမားတိုင်းသိရှိကြသည်။

“ကျွန်တော့်မှာ မိန်းမရယ်၊ သားလေးတစ်ယောက်ရယ်ရှိတယ်။ အမျိုးသမီးက ကျန်းမာရေးမကောင်းလို့ အလုပ် မလုပ်နိုင်တော့ သူတို့မိသားစုက ကျွန်တော့်ကိုပဲ မှီခိုနေရတာ။ ကျွန်တော်သာပြိုလဲသွားရင် မိသားစုလည်း သွားပြီ။ ဒီလိုပဲ သမ္ဗန်ပေါ်မှာလိုက်ပါလာတဲ့ခရီးသည်တွေရဲ့ ဘဝကိုမှီခိုနေတဲ့ မိသားစုတွေ ဘယ်လောက်ရှိမှန်း မသိနိုင်ဘူး။ အဲဒီအတွက် သူတို့မိသားစုတွေမထိခိုက်စေဖို့ ကျွန်တော်တို့အပေါ်မှာတာဝန်ရှိတယ်။ ဒါကြောင့်ခရီးသည်တွေရဲ့ လိုရာခရီးကို စိတ်ရှည်ရှည်ထားပြီး ဖြည်းဖြည်းနဲ့ မှန်မှန်ပို့ပေးမယ်။ ကိုယ်လိုအပ်တဲ့ ငွေကြေးအတွက်ကိုတော့ အလုပ်ချိန်ကို ထပ်တိုးပြီးရှာသွားမယ်”လို့ ကိုထွန်းမောင်က ခရီးသည်ကြီးအား သူ့အကြောင်းတစ်စိတ်တစ်ဒေသကို လှစ်ဟပြမိပြန်သည်။

သမ္ဗန်တစ်ကြိမ်ထွက်လျှင်ခရီးသည် ၁၀ ဦးအထိ လိုက်ပါစီးနင်းခွင့်ပြုထားပြီး တစ်ဦးလျှင်ငွေကျပ် တစ်ရာနှုန်းသတ်မှတ်ထားသည်။ သမ္ဗန်သမားအများစုမှာ ငွေကျပ် တစ်ထောင်ပေး၍စင်းလုံးငှားရမ်းမှုကို ပိုနှစ်သက်ကြသော်လည်း တကယ့်လုပ်ငန်းခွင်တွင်တော့ အလှည့်ကျစနစ်ဖြင့်သာ ကိုယ့်အလှည့်တွင်ကြုံသည့် ခရီးသည်ကိုသာ တင်ဆောင်ရခြင်းဖြစ်သည်။ ထိုအတွက်ကိုလည်း ကိုထွန်းမောင် စိတ်ထဲမည်သို့မျှ မရှိပေ။ ငယ်စဉ်ကတည်းက ဘာသာတရား လက်ကိုင်ထားသူပီပီ ခရီးသည်များများရခြင်း မရခြင်းမှာ မိမိ၏ကြိုးစားအားထုတ်မှုဖြစ်သည့် ကံ၊ ကံ၏အကျိုးပေါ်တွင်သာ မူတည်သည်ဟု နှလုံးသွင်းတတ်ခဲ့ပြီဖြစ်သည်။

အန္တရာယ်အခက်အခဲများကြားက မိသားစုဝမ်းရေးကို ဖြေရှင်းနေရပေမယ့်လည်း သားဖြစ်သူကို ပညာတတ်ကြီးဖြစ်စေချင်သည့် စိတ်ဆန္ဒတစ်ခုကြောင့် ပင်ပန်းနွမ်းနယ်မှုတစ်စက်မျှ မရှိ၊ သူ၏မျက်ဝန်းတွင် ပီတိအဟုန်ကိုသာ တွေ့မြင်နေရသည်။ မည်မျှပင် ပင်ပန်းစေကာမူ သားသမီးအတွက်ဆိုသည့် မိဘမေတ္တာကိုလည်း အထင်းသားမြင်နေရသည်။

မိုးစက်တဖွဲဖွဲလေးကျနေချိန်မှာပင် ကိုထွန်းမောင်တစ်ယောက် မိမိ၏ ကျေးဇူးရှင်တွေ လိုရာခရီးကို အန္တရာယ်ကင်းစွာပို့ဆောင်ပေးရင်း တစ်နေ့တာအချိန်တွေကုန်ဆုံးသွားလို့ နေလုံးကွယ်ပျောက်ကာ ည ၈ နာရီရောက်ချိန်မှာ ကမာအောင်ချောင်း ကမ်းနဖူးတွင် လာရောက်စောင့်မျှော်နေမယ့် ဇနီးနဲ့သားကိုမြင်ယောင်ရင်း ရေစီးသန်နေသည့် ရန်ကုန်မြစ်ကြီး၏ ကျောပေါ်တွင် အားမာန်အပြည့်ဖြင့် ရုန်းကန်နေဆဲ။ ။

**✻ မြန်မာ-အမေရိကန်မှ**

လဲကျသွား၏။ ပထမအချိန်ပို သုံးမိနစ်တွင် ဆိုင်းရပ်စ်မှာ သိသိသာသာ အထိနာလာပြီး မျက်လုံးနှစ်လုံးစလုံး ဖူးကွဲလာ၏။ မွေထိုင်းဆိုင်းရပ်စ်၏ စည်းထားသည့် ခါးစည်းများလည်း ကျွတ်ကျကုန်၏။ တူးတူး၏ချုပ်ထိုးမှု၊ ဆိုင်းရပ်စ်၏ ရင်ဗိုက်တွင်း ပစ်ကန်၊ ပစ်ထိုးသွင်းလိုက်ပြီး ပထမအချိန်ပို ငါးမိနစ်ပြီးဆုံးခဲ့သည်။

ဒုတိယအချိန်ပို ငါးမိနစ်တွင် တူးတူး၏ ခြေသိမ်းကန်၊ ထိုးလုံး၊ ကန်လုံး၊ ဘယ်ဒူး၊ ဘယ်လက်သီး၊ ဘယ်ခြေချက်ဖြင့် ဆိုင်းရပ်စ်၏ ဘယ်နားအုံနှင့် ခေါင်းကိုထိပြီး ဆိုင်းရပ်မျက်စိနှစ်ဖက်စလုံးထိ၍လဲကျကာ ဒိုင်လူကြီးက (၉)အထိရေပြီး ပြန်ထိုးသတ်ကြပြန်သည်။ တူးတူး လိုက်ထိုး နေစဉ်အတွင်း အချိန်ပို ဒုတိယပိုင်း ငါးမိနစ် ပြည့်သွား၍ ညနေ ၅ နာရီ မိနစ် ၄၀တွင် ပွဲတွဲသရေဖြင့် ဒိုင်လူကြီး ဆုံးဖြတ်ပေးလိုက်ရာ လက်ဝှေ့ကွင်းတစ်ကွင်းလုံး ဆူညံပြီး ပြီးဆုံးသွားခဲ့သည်။

ပါဝင်ထိုးသတ်မည့် တွဲဆိုင်းများဖြစ်သည့် လေးချီစိန်ခေါ်ပွဲတွင် ထွန်းလွင်မိုး(နဂါးမာန်)က ပြည့်ဖြိုးအောင်(မြွေဟောက်မင်း PTC)အား တတိယအချီ ၂ မိနစ် ၃ စက္ကန့်တွင် အနိုင်ထိုး၊ ကျားဘဟိန်း(အလင်းရောင်)က ထွန်းငယ် (မြွေဟောက်မင်း PTC) အား ပထမအချီတွင် အနိုင်ရသည်။

(၅)ချီပွဲတွင် ရာမာဉ်(နဂါးမာန်)နှင့် ထွန်းနိုင်ဦး(အဖြူရောင်သွေးသစ်) တို့က ပူးတွဲသရေ၊ အားမာန် (အဖြူရောင်သွေးသစ်)နှင့် အောင်ပိုင်လေး(ရွှေသောင်ရင်း)တို့ ပူးတွဲသရေ၊ လေးညို့ရှင် (ခ) ရှမ်းကို (T&T)က ကျားပေါက်(ရွှေသောင်ရင်း)အား ပထမချီ ၁ မိနစ် ၃၃ စက္ကန့်တွင် အနိုင်ရခဲ့ပြီး ဝါးရင်းတုတ် ဖိုးကေ (T&T)ကို သွေးသစ်အောင် (နဂါးနီ) က ဒုတိယချီ ၁ မိနစ် ၉ စက္ကန့်မှာ အလဲထိုးအနိုင်ရခဲ့ကြသည်။

**သတင်း-သန့်ဇင်ဝင်း**
**ဓာတ်ပုံ-ခင်မောင်ဝင်း**

❐❐❐

# ရေကြီးနစ်မြုပ်မှုများကြောင့် သီးနှံစိုက်ကေများ ထိခိုက်ပျက်စီး

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုနှစ် ဇွန်လနှင့် ဇူလိုင်လများအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေကြီးနစ်မြုပ်မှုနှင့် သီးနှံများ ထိခိုက်ပျက်စီးမှုအခြေအနေမှာ ကချင်ပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၁၉၄၇၄ ဧကအနက် ၃၄၉၁ ဧက ပြန်ပေါ်ခဲ့သော်လည်း ၁၇၈၉ ဧက ထိခိုက်ပြီး ခုနစ်ဧက ပျက်စီးခဲ့ကြောင်း၊ ရခိုင်ပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၂၉၁၅ ဧကအနက် ၂၉၁၅ ဧက ပြန်ပေါ်ခဲ့သော်လည်း ၂၁၇၁ ဧက ထိခိုက်ပြီး ဧက ၁၄၄၀ ပျက်စီးခဲ့ကြောင်း၊ ရှမ်းပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၆၉၂၁ ဧကအနက် ၁၃၆ ဧက ပြန်ပေါ်ခဲ့သော်လည်း ၁၉ ဧက ထိခိုက်ပြီး သုံးဧက ပျက်စီးခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၈၆၉၈၂ ဧက အနက် ၅၃၉၅၈ ဧက ပြန်ပေါ်ခဲ့သော်လည်း ၂၆၁၃၂ ဧက ထိခိုက်ပြီး ၂၈၃၃ ဧက ပျက်စီးခဲ့ကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၁၃၂၇ ဧကအနက် ၁၃၂၇ ဧက ပြန်ပေါ်ခဲ့သော်လည်း ၁၃၂၇ ဧက ထိခိုက်ပြီး ဧက ၃၆၀ ပျက်စီးခဲ့ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၈၄၉ ဧကအနက် ၈၄၉ ဧက ပြန်ပေါ်ခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၄၆၇ ဧက ရှိခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

❐❐❐

# မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသို့ ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၂၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ တပ်မတော်(ကြည်း၊ရေ၊လေ) ပူးတွဲစစ်ဦးစီးချုပ်နှင့် အိန္ဒိယလေတပ်ဦးစီးချုပ် Air Chief Marshal Arup Raha, PVSM,AVSM,VM ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောအဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr. Gautam Mukhopadhaya နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ်စစ်သံမှူး Capt:Navy Manish Bhandari တို့က လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်တင်အောင်စန်း၊ စစ်ဦးစီးအရာရှိချုပ်(လေ)ဗိုလ်မှူးချုပ်မောင်မောင်ကျော်တို့ လိုက်ပါသွားကြသည်။**(ယာပုံ)**

ချစ်ကြည်ရေးခရီးစဉ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အိန္ဒိယသမ္မတနိုင်ငံအစိုးရ တပ်မတော်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံနှင့်တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ဆွေးနွေးမည်ဖြစ်ပြီး အကြီးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ထင်ရှားသောနေရာများကို လေ့လာကြည့်ရှုမည်ဖြစ်သည်။

မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံ နှစ်နိုင်ငံသံတမန်နှင့်စစ်ဘက်ဆိုင်ရာဆက်ဆံရေးသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် စတင်ခဲ့ပြီး နှစ်နိုင်ငံသံတမန်နှင့်စစ်ဘက်ဆိုင်ရာဆက်ဆံမှု ၆၇ နှစ်ကျော်ရှိပြီဖြစ်သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆိုပါ မြောက်သွားရောက်သော ချစ်ကြည်ရေးခရီးစဉ်ဖြစ် ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာ့တပ်မတော်အကြီးအကဲ တစ်ဦးအနေဖြင့် အိန္ဒိယသမ္မတနိုင်ငံသို့ ဒုတိယအကြိမ် ကြောင်း သိရသည်။

**(မြဝတီ)**



# ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့မှ အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်

**နေပြည်တော် ဇူလိုင် ၂၆**

ကရင်ပြည်နယ် ဝေါလေမြို့နယ်(ခွဲ) သေဘောဘိုးကျေးရွာရှိ တပ်မတော်စစ်ကြောင်းထံသို့ ဇူလိုင် ၂၅ ရက် ညနေပိုင်းတွင် ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့မှ ခွဲထွက်လာသည့် စောခိုင်ခေါင်းဆောင်သော အဖွဲ့ဝင် ၁၇ ဦးသည် လက်နက်မျိုးစုံ ၁၇ လက်၊ ကျည်အိမ်မျိုးစုံ ၂၄ ခု၊ ကျည်မျိုးစုံ ၄၀၇ တောင့်၊ ဗုံးသီးမျိုးစုံ ကိုးလုံးတို့နှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည်။

၎င်းတို့၏ ထွက်ဆိုချက်များအရ တပ်မတော်စစ်ကြောင်းများအား ကျော်သက်နှင့်စောဆန်းအောင်ခေါင်းဆောင်သောအဖွဲ့က စတင်ပစ်ခတ်ခဲ့ရာမှ တိုက်ပွဲများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF) တို့ ပူးပေါင်း၍ နယ်မြေရှင်းလင်းမှုများကြောင့် ကျော်သက်နှင့်စောဆန်းအောင်အဖွဲ့၏ ကိုယ်ကျိုးစီးပွားအတွက် မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများအား ဖော်ထုတ်သိရှိရခြင်းဖြစ်ကြောင်းနှင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ လူနေရပ်ကွက်များအတွင်း လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ခြင်းအပေါ် ၎င်းတို့အဖွဲ့အတွင်း သဘောထားကွဲလွဲပြီး ပြိုကွဲလျက်ရှိကြောင်း၊ ၎င်းတို့၏ မင်းမဲ့စရိုက်ဆန်ဆန် ဆက်လက်ဆောင်ရွက်နေမှုများအပေါ် ကြိုက်နှစ်သက်ခြင်းမရှိသည့်အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ သဘောထားမှန်များကို သိရှိလာခြင်းကြောင့် တာအုပ်ကျေးရွာရှိ စောလားပွယ်ခေါင်းဆောင်သော ကေကေအိုအဖွဲ့၏ ဆက်သွယ်ကူညီမှုဖြင့် ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**

# ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့ထံမှ လက်နက်ခဲယမ်းများ ထပ်မံသိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၆**

ကော့ကရိတ်မြို့နယ် ကောင်းမူကျေးရွာ၏ အရှေ့ဘက်နှင့် အရှေ့မြောက်ဘက်ရှိ တောင်ကုန်းများတွင် ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့အကြွင်းအကျန်များ ခိုအောင်းမှုမရှိစေရေးအတွက် တပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF) တို့က နယ်မြေရှင်းလင်းလျက်ရှိရာ ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်ထိ ၎င်းအဖွဲ့များနှင့် တိုက်ပွဲသုံးကြိမ်ဖြစ်ပွားပြီး ၎င်းတို့ထံမှ အလောင်းတစ်လောင်း၊ လက်နက်မျိုးစုံခုနစ်လက်၊ ဗုံးသီး ၁၈ လုံး၊ မိုင်းမျိုးစုံ ၁၃ လုံး၊ ကျည်မျိုးစုံ ၇၈ တောင့်နှင့် ကျည်အိမ်နှစ်ခုတို့ သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် ပျားပင်ကျေးရွာတစ်ဝိုက်တွင် တပ်မတော်စစ်ကြောင်းက ဇူလိုင် ၂၄ ရက် နံနက်က နယ်မြေရှင်းလင်းစဉ် မသင်္ကာဖွယ်ရာ အရပ်ဝတ်ဖြင့် လူသုံးဦးအား စစ်ဆေးရာမှ ၎င်းတို့မှာ ကေကေအိုအဖွဲ့မှ တပ်ဖွဲ့ဝင် သုံးဦးဖြစ်ပြီး လက်ပစ်ဗုံးတစ်လုံးနှင့်အတူ ဖမ်းဆီးရမိသည်။

အဆိုပါ ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ကောင်းမူကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၂၅၀၀ ခန့်ကွာဝေးသည့် တောင်ကြောတစ်ဝိုက်တွင် သိမ်းဆည်းထားသည့် အမ်-၁၆ သေနတ် နှစ်လက်၊ ယင်းကျည် ၁၂၅ တောင့်၊ ကျည်အိမ်လေးခု၊ ကာဘိုင်သေနတ်တစ်လက်၊ ယင်းကျည် ၅၂ တောင့်နှင့် ကျည်အိမ်သုံးခုတို့အားလည်းကောင်း၊ ဒူရိမ်ကျေးရွာ၌ အမ်-၁၆ သေနတ်တစ်လက်၊ ယင်းကျည် ကိုးတောင့်၊ ကျည်အိမ်တစ်ခု၊ ကာဘိုင်သေနတ်တစ်လက်၊ ယင်းကျည် ၈၅ တောင့်၊ ကျည်အိမ်သုံးခု၊ ဗုံးသီးနှစ်လုံးနှင့် ယမ်းကြိုး(ဒီတိုနေတာနှင့်တွဲလျက်) နှစ်ခွေတို့အားလည်းကောင်း သိမ်းဆည်းရမိသည်။

ကော့ကရိတ်မြို့နယ်အတွင်း ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်ထိ တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်တပ် (BGF)တို့က နယ်မြေရှင်းလင်းခဲ့စဉ် ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့ထံမှ လက်နက်မျိုးစုံ ၁၂ လက်၊ ဗုံးသီးအလုံး ၂၀၊ မိုင်းမျိုးစုံ ၁၃ လုံး၊ ကျည်မျိုးစုံ ၃၄၉ တောင့်၊ လက်ပစ်ဗုံးတစ်လုံးနှင့် ယမ်းကြိုး (ဒီတိုနေတာတွဲလျက်)နှစ်ခွေတို့ သိမ်းဆည်းရမိခဲ့ပြီး နယ်မြေလုံခြုံရေးအတွက် တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်တပ် (BGF)တို့က ဆက်လက်နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# သီပေါမြို့တွင် တံတားကျိုးကျသည့်နေရာ၌ ယာယီဘေလီတံတား ဆောက်လုပ်လျက်ရှိ

**သီပေါ ဇူလိုင် ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် ဇူလိုင် ၂၄ ရက်မှ စတင်၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုနှင့် တောင်ကျရေများကြောင့် ဒုဌဝတီမြစ်နှင့် နမ့်ပေါချောင်းတို့ရေလျှံကာ ဇူလိုင် ၂၅ ရက် မွန်းတည့် ၁၂ နာရီခန့်က သီပေါမြို့နှင့် နမ့်ဆန်၊ နမ္မတူ၊ မန်တုံမြို့နယ်များသို့ ဆက်သွယ်သည့် နှစ်ပေါင်း ၁၀၀ ကျော်ခန့်သက်တမ်းရှိ အရှည် ၁၇၇ ပေရှိသော နမ့်ပေါချောင်းတံတားကြီးကျိုးကျခဲ့ရာ ငါးဦးသေဆုံးခဲ့ပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။

အဆိုပါ သေဆုံးသူများမှာ သီပေါမြို့ ရွှေကျောင်းရပ်နေ ကိုထွန်းနိုင်ဦး (၂၄)နှစ်၊ ကိုခင်မောင်ထူး(၁၉)နှစ်၊ မြို့လယ်ရပ်နေ မထက်ထက်ဦး(၁၇)နှစ်၊ ဒီဒီ(ခ)ဝေယံကျော် (၁၄)နှစ်၊ တိန်းချေတိန်းစံရွာနေ စိုင်းကျော်ထွေး (၃၅)နှစ်တို့ဖြစ်ကြောင်းနှင့် ဒဏ်ရာရရှိသူများမှာ မြို့လယ်ရပ်နေ လေးမောင် (၁၃)နှစ်၊ စိုင်းကျော်ထွေး (၁၄)နှစ်၊ နားမွန်ကျေးရွာနေ ကိုထွန်းမြင့် (၂၀)နှစ်တို့ဖြစ်ကြပြီး ၎င်းတို့ကို သီပေါမြို့နယ်ဆေးရုံတွင် ဆေးကုသပေးလျက်ရှိကြောင်းနှင့် အသက်အန္တရာယ်စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

ထိုသို့ တံတားကျိုးကျပျက်စီးခဲ့မှုအပေါ် တာဝန်ရှိသူများက ဆက်လက်ရှင်းလင်းမှုများ ပြုလုပ်လျက်ရှိရာ အများပြည်သူ သွားလာမှုလွယ်ကူစေရန်နှင့် ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရန်အတွက် ယာယီဘေလီတံတား ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဝေန်မြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၆**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃၆ စင်တီမီတာ (တစ်ပေခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

| | |
|---|---|
| **နောက်နှစ်ရက်အတွက် ခန့်မှန်းချက်** | မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။ |

ပြည်တွင်းရေးရာ

# လူမှုစီးပွားဘဝမြင့်မားရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြတ်မြတ်အုန်းခင်သည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၅ ရက်က စစ်ကိုင်းမြို့ ပါရမီရပ်ကွက် အနှစ် (၇၀၀) ပြည့်ကွင်း၌ ဇေယျာပူရတိုင်း စစ်ကိုင်းမြို့တည်နန်းတည် အနှစ် (၇၀၀) ပြည့်အထိမ်းအမှတ်ပွဲတော် အကြိုပြခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ မြို့တော်ခန်းမ၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ထပ်မံပေးပို့သော အသက် (၁၀၀) နှစ်နှင့်အထက် သက်ကြီးဝါကြီးများကို ဂုဏ်ပြုလွှာနှင့်ချီးမြှင့်ငွေများ ပေးအပ်ခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ထပ်မံပေးပို့သော အသက် (၁၀၀) နှစ်နှင့်အထက် သက်ကြီးဝါကြီး ၁၁ ဦး အတွက် နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ဂုဏ်ပြုလွှာများနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ ချီးမြှင့်ငွေ ၂၅ ရာခိုင်နှုန်းမှ ချီးမြှင့်ငွေ တစ်ဦးလျှင် ကျပ် နှစ်သိန်းနှုန်းဖြင့် စုစုပေါင်း ကျပ် ၂၂ သိန်း၊ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး ထပ်မံထောက်ပံ့ငွေ ၆၅ ဒသမ ၉၆ သိန်းနှင့်အမျိုးသမီးအသုံးအဆောင် ပစ္စည်းများကို လူမှုရေးဝန်ကြီးထံ ပေးအပ်သည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘိုးဘွားရိပ်သာများ၊ လူငယ်ပရဟိတဂေဟာများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအတွက် ထောက်ပံ့ငွေ စုစုပေါင်း ၁၁၄၀ ဒသမ ၆၁ သိန်းနှင့်မုံရွာမြို့နယ် လှည်းဒါးကျေးရွာနေ ဦးကျော်ရွှေ-ဒေါ်နှင်းကြည်တို့က မွေးဖွားသည့် သုံးမြွှာပူး သမီးငယ် မမြူပြာ၊ မမူရာနှင့် မသူဇာတို့အတွက် ပညာသင်ထောက်ပံ့ကြေး တစ်ဦးလျှင် ကျပ် နှစ်သိန်းနှုန်းဖြင့် စုစုပေါင်း ကျပ်ခြောက်သိန်းတို့ကို သက်ဆိုင်သူများထံ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မိုးကောင်းမြို့နယ် ရေဘေးကယ်ဆယ်ရေး ထောက်ပံ့ငွေနှင့် ဆန်များပေးအပ်

**မိုးကောင်း ဇူလိုင် ၂၆**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ရေဘေးကယ်ဆယ်ရေးထောက်ပံ့ငွေနှင့် ဆန်ပေးအပ်ပွဲအခမ်းအနားကို နန့်ကောင်းရိပ်သာ၌ ယမန်နေ့ နံနက် ၇ နာရီခွဲတွင်ကျင်းပရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက အရှေ့ရပ်၊ ကျွန်းတော၊ နတ်ကြီးကုန်း၊ အိုးတန်းနှင့် ဖိုးချစ်ကုန်းအုပ်စုတို့အား ဟင်းဖိုးသုံးရက်စာ ကျပ်ခြောက်သိန်းစီ၊ ခမရ(၃၈၁)၊(၃၈၂)၊(၃၉၀)နှင့်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတို့အား ဆန် ၁၀ အိတ်နှင့်ငွေကျပ် ငါးသိန်း၊ နမ္မတီးဒေသအတွင်းမှ ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၁၀၀ နှင့် ငွေကျပ် ငါးသိန်းစီအားထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ရေဘေးသင့် အိမ်ထောင်စု ၁၀၃ စု၊ လူဦးရေ ၄၅၇ ဦးတို့အား ထမင်းဘူးနှင့်ရေဘူးများ ဝေငှခဲ့သည်။

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့က နမ္မတီးမြို့ရှိ ရေဘေးသင့်ကယ်ဆယ်ရေးစခန်းနှစ်ခု၊ ဆေးရုံလမ်းခွ၊ ABC ကျောင်းနှင့် နှစ်ခြင်းခရစ်ယာန်ကျောင်းတို့ရှိ ပြည်သူများအား အာဟာရ တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်သည်များ၊ မွေးလူနာများအား ကွေကာအုပ်၊ ကြက်ဥနှင့် မုန့်များသွားရောက် ထောက်ပံ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ကန့်ဘလူ၊ ကျွန်းလှ၊ ကောလင်း ရေဘေးကယ်ဆယ်ရေးအတွက် ငွေလှူဒါန်း

**ကန့်ဘလူ ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်နှင့် ကသာခရိုင်အတွင်းရှိ ကန့်ဘလူမြို့နယ်၊ ကျွန်းလှမြို့နယ်နှင့်ကောလင်းမြို့နယ်များမှ ရေဘေးသင့်ပြည်သူများအတွက် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ဝယ်ယူရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထောက်ပံ့လှူဒါန်းငွေကျပ်သိန်း ၃၀၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ငွေကျပ် ၂၅ သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ငွေကျပ်ငါးသိန်း၊ စစ်ကိုင်းတိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ငွေကျပ်ငါးသိန်းတို့ကို ဇူလိုင် ၂၅ ရက်က ပေးအပ်လှူဒါန်းခဲ့ရာ ကန့်ဘလူမြို့နယ် ကယ်ဆယ်ရေးပစ္စည်းအလှူလက်ခံဌာနမှ အလှူငွေများအားလက်ခံပြီး ရေဘေးကယ်ဆယ်ရေးပစ္စည်းများ အမြန်ဝယ်ယူနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၂၅ ရက် မွန်းလွဲ ၁ နာရီက ကန့်ဘလူမြို့နယ် သင်ပန်းတောကျေးရွာ တေဇိန္ဒသာသနာ့ကျောင်းအတွင်းရှိ ဓမ္မာရုံတွင် သင်ပန်းတောကျေးရွာရေဘေးသင့်ပြည်သူများအတွက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ထောက်ပံ့လှူဒါန်းငွေကျပ် ၆၁၄၅၀၀ တန်ဖိုးရှိ ခြင်ထောင်၊ အိပ်ရာခင်း၊ လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲ၊ ခေါက်ဆွဲခြောက်၊ ရေသန့်ဘူး၊ အချိုရည်ဘူး၊ ချိုချဉ်နှင့်ဘီစကွတ်မုန့်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ကမ္ဘာ့ကင်းထောက်(ဂျမ်ဘူရီ)တက်ရောက်ရန် မြန်မာကင်းထောက်အဖွဲ့ဝင်များထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၆**

ဂျပန်နိုင်ငံတွင် ကျင်းပမည့်(၂၃)ကြိမ်မြောက် ကမ္ဘာ့ကင်းထောက်(ဂျမ်ဘူရီ) သို့ တက်ရောက်ရန် မြန်မာကင်းထောက်အဖွဲ့ဝင်ငါးဦးနှင့် ကြီးကြပ်သူဆရာတစ်ဦးတို့သည် ယမန်နေ့ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာကင်းထောက်အဖွဲ့ဝင်ခြောက်ဦးအား မြန်မာနိုင်ငံကင်းထောက်အဖွဲ့ယာယီဥက္ကဋ္ဌ ဒေါက်တာတင်ညိုနှင့် ကင်းထောက်ကြီးများ၊ အခြေခံပညာဦးစီးဌာနမှ ပုဂ္ဂိုလ်များနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ကမ္ဘာ့ကင်းထောက်(ဂျမ်ဘူရီ)သို့ တက်ရောက်မည့် မြန်မာကင်းထောက်အဖွဲ့ဝင်များမှာ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသားငါးဦးနှင့် ကြီးကြပ်ဆရာတစ်ဦးတို့ဖြစ်ပြီး ဂျပန်နိုင်ငံတွင် ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၈ ရက်ထိ ကမ္ဘာ့နိုင်ငံအသီးသီးမှ ကင်းထောက်များနှင့်တွေ့ဆုံကာ နိုင်ငံအလိုက် ကင်းထောက်အတွေ့အကြုံလှုပ်ရှားမှုများကို ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။

**ကိုလတ်(သတင်းစဉ်)**

# ရထားသံလမ်း/တံတားများ ရေလွှမ်းမိုးတိုက်စားမှု ဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၂၆**

လားရှိုး - မန္တလေး ရထားလမ်းပိုင်းတွင် ဇူလိုင် ၂၅ ရက်က ရေလွှမ်းမိုးတိုက်စားမှုကြောင့် သီပေါ - တာပုလဲ အကြား မိုင်တိုင် (၅၀၉/၁၃-၁၄)ရှိ တံတားအမှတ်(၃၉၁)၏ ရေလယ်တိုင် အမှတ်(၃) အနည်းငယ်တိမ်းစောင်းသွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ဇူလိုင် ၂၆ ရက် လားရှိုး-မန္တလေး ၁၃၂ အစုန် ရထားခရီးစဉ် ဖျက်သိမ်းခဲ့ရသည်။ သီပေါ-တာပုလဲ ရထားလမ်းပိုင်းအား ခေတ္တပိတ်ထားပြီး တံတားပြုပြင်ရေးလုပ်ငန်းများကို မြန်မာ့မီးရထားမှ တိုင်း(၃) အင်ဂျင်နီယာမှူး ဦးစီးပြီး လုပ်သား ၆၅ ဦးတို့ဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ ထိုလမ်းပိုင်းအား ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၄ ရက်အထိ ၁၀ ရက်ခန့် ပိတ်၍ ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပြီး မန္တလေး-သီပေါ ရထားခရီးစဉ်ကို ဆက်လက်ပြေးဆွဲပေးလျက်ရှိသည်။



အလားတူ ရေဦးမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် အင်းပက်နှင့် မြစ်တော်အကြား မိုင်တိုင် (၅၂၁/၁-၂) ရှိ တံတားအမှတ် (၃၀၆)၏ ခင်ဦးဘက်ခြမ်းရေတိုက်စားပြီး မိုင်တိုင် (၅၂၁/၁၀-၁၈)တွင် ရထားသံလမ်းပေါ်သို့ ၁၀ လက်မခန့် ရေကျော်တက်ရောက်ခဲ့သဖြင့် အင်းပက်-မြစ်တော် ရထားလမ်းပိုင်းကို ပိတ်ထားပြီး အဆိုပါနေရာသို့ အင်ဂျင်နီယာအဖွဲ့ ရောက်ရှိကာ ပြုပြင်ဆောင်ရွက်ရန်အတွက် စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စဥ့်ကူးမြို့နယ်တွင် စိုက်ခင်းသီးနှံများရေလွှမ်း

**စဥ့်ကူး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ်တွင် ဇူလိုင် ၂၄ ရက်မှ ၂၅ ရက်အထိ မိုးရေချိန် ၁၀ ဒသမ ၄၈ လက်မထိ ရွာသွန်းမှုကြောင့် မြို့နယ်အတွင်းရှိ သီးနှံစိုက်ခင်းများ ရေလွှမ်းမိုးခဲ့သည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် ရပ်ကွက်/ကျေးရွာအုပ်စုခြောက်အုပ်စုနှင့် ကွင်းကိုးကွင်းမှ တောင်သူ ၂၀၃ ဦးပိုင် သီးနှံစိုက်ခင်းများအတွင်း ရေလွှမ်းမိုးခဲ့ရာ ရပ်ကွက်(၁)မှ မနောသုခ မိုးစပါးပျိုးခင်း ၄၅ ဧက၊ ရပ်ကွက်(၂)မှ မနောသုခ မိုးစပါးပျိုးခင်း ဧက ၆၀၊ ရှောက်ပင်ရိုးကျေးရွာအုပ်စုမှ မနောသုခ မိုးစပါးပျိုးခင်း ၇၄ ဧက၊ ပြေင်းအင်းကျေးရွာအုပ်စုမှ မနောသုခ မိုးစပါးပျိုးခင်း ၁၆ ဧက၊ ခူလယ်ကျေးရွာအုပ်စုမှ မနောသုခ မိုးစပါးပျိုးခင်း ၉၂ ဧက၊ ဝါးရုံကုန်းကျေးရွာအုပ်စုမှ မနောသုခ မိုးစပါးပျိုးခင်း ဧက ၁၂၀နှင့် စိုက်ခင်း ၄၅ ဧကတို့ ရေလွှမ်းမိုးခဲ့သည်။

ထို့နောက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စပါးပျိုးခင်း ၄၀၇ ဧကနှင့် မိုးစပါးစိုက်ခင်း ၄၅ ဧက စုစုပေါင်း ၄၅၂ ဧက ရေလွှမ်းမိုးခဲ့မှုအပေါ် ပျိုးခင်းများ ပျက်စီးဆုံးရှုံးမှုရှိပါက မျိုးများအလုံအလောက် အရန်ထားရှိပြီးဖြစ်ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**(ခရိုင်ပြန်/ဆက်)**

○ **မုန်တိုင်းငယ်မှ**

ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာပြီး ဒေသအလိုက် နေရာကွက်၍ မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့်ရုတ်တရက် ရေကြီးခြင်းများဖြစ်ပေါ်နိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရန် အကြံပြုအပ်ပါကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

# ကသာမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် မြစ်ရေများဝင်ရောက်

**မုံရွာ ဇူလိုင် ၂၆**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွှေလီမြစ်ရေတိုးလာပြီး ကသာမြို့နယ် အင်းကြီးကျေးရွာအုပ်စုရှိ လှေဘိုကျေးရွာ၊ အင်းကြီးကျေးရွာ၊ ဘုရားတောင်ကျေးရွာ၊ မယ်ငိုကျေးရွာများတွင် ဇူလိုင် ၂၆ ရက် နံနက်ပိုင်းမှစတင်ပြီး မြစ်ရေများ စတင်ဝင်ရောက်ခဲ့သည်။

မြစ်ရေများဝင်ရောက်ခဲ့သည့်ကျေးရွာများသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ အချိန်မီသွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မြစ်ရေများ ကျေးရွာများအတွင်း ဝင်ရောက်ခဲ့မှုကြောင့် အဆောက်အအုံ၊ လူနှင့် တိရစ္ဆာန် အသေအပျောက် အပျက်အစီးမရှိကြောင်းနှင့် ကသာမြို့၌ မိုးရေချိန် သုည ဒသမ ၀၄ လက်မ ရွာသွန်းခဲ့ပြီး ယနေ့ညနေပိုင်းတွင် မိုးရွာသွန်းမှု မရှိတော့ကြောင်း၊ ဧရာဝတီမြစ်ရေသည် ကသာမြို့၌ လက်ရှိအချိန်တွင် ၉၀၇ စင်တီမီတာသို့ ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်မှာ ၁၀၄၀ စင်တီမီတာ ဖြစ်ကြောင်း သိရသည်။

**ကသာ(ပြန်/ဆက်)**

ဥတုရာသီ တောကို မှီ၍




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စစ်ကိုင်းမြို့တည်နန်းတည် နှစ်(၇၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်တွင် ဖျော်ဖြေတင်ဆက်ကြသည့် မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။**

(ပြန်/ဆက်)

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ဦးခင်မောင်စိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲ၊ အလှူရှင် ဦးခင်မောင်မြင့်နှင့် မြို့မိမြို့ဖ ဦးဇော်ဝင်းတို့က စစ်ကိုင်းမြို့တည်နန်းတည် နှစ်(၇၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကား ပြောကြားရာတွင် စစ်ကိုင်းမြို့ကြီး၏ သမိုင်းအစဉ်အလာကောင်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းသည့် အနေဖြင့် ယခုကဲ့သို့နှစ်(၇၀၀) ပြည့်ပွဲတော်ကြီးကို အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြင့် စစ်ကိုင်းမြို့သူမြို့သားများက မျိုးရိုးဇာတိ၊ သမိုင်းအမွေကို လူထုအားနှင့် ဖော်ထုတ်ဆောင်ရွက်သည်ကို တွေ့ရသည့်အတွက် အလွန်နှစ်ထောင်းအားရဖြစ်မိပါကြောင်း၊ မိမိတို့သွားနေသည့် ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုဆိုသည့် အနှစ်သာရကို အားလုံးမျက်ဝါးထင်ထင် တွေ့ရှိရသကဲ့သို့ သမိုင်းယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ပြသနိုင်သည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ရှေးဘုရင်မင်းအဆက်ဆက်က ဇေယျာပူရ၊ အတုလဝတီ စသည့် အမည်နာမအမျိုးမျိုးဖြင့် ခေါ်ဝေါ်သတ်မှတ်ခဲ့သည့် စစ်ကိုင်းမြို့ကြီးသည် အမျိုးဘာသာ၊ သာသနာစည်ပင်ထွန်းကားခဲ့ရာ သမိုင်းဝင်မြို့ကြီး တစ်မြို့အသီးသီးကို ကျော်ဖြတ်ခဲ့သည်ဆိုသည်ကို အထင်အရှား တွေ့ရမည်ဖြစ်ပါကြောင်း၊ ခေတ်စနစ်အသီးသီး အခက်အခဲမျိုးစုံကြားမှ ကြံ့ကြံ့ခံရပ်တည်ခဲ့ကြသည့် စစ်ကိုင်းသူ၊ စစ်ကိုင်းသားများ၏ စိတ်ဓာတ်ကိုလည်း ဂုဏ်ပြုမှတ်တမ်းတင်ရမည်ဖြစ်ပါကြောင်း။

စစ်ကိုင်းမြို့သူ မြို့သားများ၏ စစ်ကိုင်းမြို့တည်နန်းတည် နှစ် (၇၀၀) ပြည့်ပွဲတော်ကြီးသည် မိဘပြည်သူများ စည်းလုံးညီညွတ်စွာဖြင့် ပြည်သူဗဟိုပြုဦးဆောင်မှုအခန်းကဏ္ဍမှ သီးပွင့်လာသည့် ပွဲတော်ကြီးတစ်ခုဖြစ်ပါကြောင်း။

သမိုင်းအစဉ်အလာကြီးမားပြီး အမျိုး၊ ဘာသာ၊ သာသနာစောင့်ထိန်းကြီးပွားစည်ပင်ရာ စစ်ကိုင်းမြို့ကြီးသည် နှစ် (၇၀၀)မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် မိမိမြို့၏ဂုဏ်ကို မပျက်ယွင်းအောင် ဆက်လက်ထိန်းသိမ်းရင်း ပိုမိုကြီးပွားတိုးတက်စည်ပင်ဝပြောစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ကိုင်းမြို့တည်နန်းတည် နှစ်(၇၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကြီး ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဇေယျပူရဝင်းအခင်းအကျင်းဖြင့် ဝင်းခင်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ကျောင်းသားကျောင်းသူများက ဘင်ခရာစွမ်းရည် အတီးအမှုတ်များဖြင့်လည်းကောင်း၊ မြန်မာတည်ထောင်မင်းပြုခဲ့ပြီး ပထမစစ်ကိုင်းခေတ်တွင် မင်းခုနစ်ဆက်နန်းစံခဲ့သည်။ ဒုတိယစစ်ကိုင်းမြို့ကို စည်သူထင်ကျော်က တည်ထောင်မင်းပြုခဲ့သည်။ တတိယစစ်ကိုင်းမြို့ကို နန္ဒမိတ်ကျော်ထင်က လည်းကောင်း၊ စတုတ္ထစစ်ကိုင်းမြို့ကို အလောင်းမင်းတရား၏သားတော် သီရိပဝရသုဓမ္မရာဇာဘွဲ့ခံ နောင်တော်ကြီးမင်းက လည်းကောင်း တည်ထောင်မင်းပြုခဲ့ကြသည်။

စစ်ကိုင်းမြို့သည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ ဘာသာ၊ သာသနာထွန်းကားစည်ပင်သည့်မြို့ကြီးအဖြစ် မြန်မာတွင်သာမက ကမ္ဘာကပင် သိရှိထင်ရှားသည့် မြို့တစ်မြို့ဖြစ်ပြီး သမိုင်းအစဉ်အလာကောင်းများ ထိန်းသိမ်းမြှင့်တင်ရန်၊ မိဘဘိုးဘွားတို့၏ ဂုဏ်ကျေးဇူးနှင့် အစဉ်အလာကောင်းများကို အောက်မေ့သတိရစေရန်၊ အနာဂတ်တွင် လက်ဆင့်ကမ်းအမွေအဖြစ် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် စသည့် ရည်ရွယ်ချက်များဖြင့် စစ်ကိုင်းမြို့တည်နန်းတည် နှစ်(၇၀၀) ပြည့်ပွဲတော်ကို ကျင်းပရခြင်းဖြစ်ပြီး ဇူလိုင် ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မဟာစည်းခုံကြီးစေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်ပြီး စေတီတော်ကြီးအတွက် အလှူငွေများ လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်

## ❐ နိုင်ငံတော်သမ္မတမှ

တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်္ဂလာအချိန်ကျရောက်သည်နှင့် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့်၊ ပါမောက္ခချုပ် ဦးစိုးတင့်၊ အလှူရှင် ဦးခင်မောင်မြင့်နှင့် အေးအေးခိုင် ကျောက်မျက်ကုမ္ပဏီမှ ဦးစိုးနိုင်တို့က အသင်္ချာစောယွမ်းမင်းကြေးသွန်းရုပ်တု ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အသင်္ချာစောယွမ်းမင်းကြေးသွန်းရုပ်တုကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တမ္ပဝတီ ဦးဝင်းမောင်က အသင်္ချာစောယွမ်းမင်း ကြေးသွန်းရုပ်တုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီတဂူဆရာတော်က အသင်္ချာစောယွမ်းမင်း ကြေးသွန်းရုပ်တုသွန်းလောင်းရခြင်းနှင့်ပတ်သက်ပြီး ဩဝါဒကထာ မိန့်ကြားတော်မူသည်။

ထို့နောက် သီတဂူဆရာတော်၊ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အသင်္ချာစောယွမ်းမင်း ကြေးသွန်းရုပ်တု ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထိုအချိန်တွင် အသင်္ချာစောယွမ်းမင်းကြေးသွန်းရုပ်တုဖွင့်ပွဲ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

ယင်းနောက် သက်တော်(၉၉)နှစ် ဝါတော်(၇၉)ဝါရှိတော်မူသည့် ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ အဋ္ဌိယက ကြေးသွန်းရုပ်တု တည်ထားနိုင်ခြင်းအတွက် ဝမ်းမြောက်ချီးကျူးစကား မိန့်ကြားတော်မူသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် စစ်ကိုင်းမြို့ပြည်သူ့အားကစားကွင်း၌ ကျင်းပသည့် စစ်ကိုင်းမြို့တည်နန်းတည် နှစ်(၇၀၀) ပြည့် အထိမ်းအမှတ်ပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။



**စစ်ကိုင်းမြို့တည်နန်းတည် နှစ်(၇၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်တွင် ဇေယျပူရဝင်းအခင်းအကျင်းဖြင့် ဝင်းခင်းပြသနေမှုကို မြင်တွေ့ရစဉ်။**

(ပြန်/ဆက်)

အဖြစ် နှစ်ပေါင်း ၇၀၀ ကြာအောင် တည်တံ့ခိုင်မြဲခဲ့ခြင်းသည် စစ်ကိုင်းမြို့သူမြို့သား အပေါင်းတို့အတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာပင် ဖြစ်ပါကြောင်း။

နှစ်ပေါင်း ၇၀၀ ကျော် ဖြတ်သန်းလာခဲ့ရသည့် စစ်ကိုင်း၏သမိုင်းကြောင်းတွင် ပဒေသရာဇ်ခေတ်၊ ကိုလိုနီခေတ်၊ ဖက်ဆစ်တော်လှန်ရေးခေတ်၊ လွတ်လပ်ရေးကြိုးပမ်းမှုခေတ်နှင့် ပြည်တွင်းရောင်စုံသူပုန် သောင်းကျန်းမှုကာလ နိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ အားကစားသမားများက ခြင်းလုံးစွမ်းရည်ပြကွက်များဖြင့် လည်းကောင်း၊ အားကစားသိပ္ပံမှ ကျောင်းသား ကျောင်းသူများက အားကစားနည်းများဖြင့် လည်းကောင်း ဖျော်ဖြေကြရာ နိုင်ငံတော်သမ္မတက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဇေယျာဘူမိဟူသည့် စစ်ကိုင်းမြို့တော်ကြီးကို ပင်းယတစ်စီးရှင်၏ သားတော် အသင်္ချာစောယွမ်းက အဖွဲ့ဝင်များသည် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် လေးကျွန်းမာန်အောင် ရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

# မော်လူးတွင် လမ်းတံတားများပျက်စီး၊ လယ်ယာမြေများရေဖုံးလွှမ်း

**မော်လူး ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသအတွင်းရှိ ကျေးရွာအုပ်စုများတွင် ဇူလိုင် ၂၄ ရက် နံနက် ၃ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ကာ လူနေအိမ်ခုနစ်လုံး၊ လမ်း၊ တံတားများနှင့် လယ်ယာမြေ ဧက ၃၀၀၀ ကျော် ရေဖုံးလွှမ်းခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မော်လူးချောင်းနှင့် ဟဲနုချောင်းသာမက လေးတန်ချောင်းတို့မှာ ကမ်းပြည့်လျှံ၍ ရွာများအတွင်းနှင့် လယ်ယာမြေများ ရေဖုံးလွှမ်းမှုများ ရှိခဲ့သည်။

ဟဲနုချောင်းကူးတံတား ရေတိုက်စားမှုကြောင့် မျောပါသွားပြီး အနောက်ဘက်မီးရထားသံလမ်း ဟဲနုရေပေါက်တွင် ကန့်လန့်ခံကာ မော်လူး၊ ဟဲနု မီးရထားသံလမ်းရေပေါက်ရှိ မီးရထားသံလမ်းများ အနောက်ဘက်သို့ ကွေးကောက်ခဲ့သည်။

ရေကြီးရေလျှံမှုနှင့်အတူ ဟဲနုချောင်းကမ်းဘေးရှိ နေအိမ်ခြောက်လုံး၊ ညောင်ပင်သာရွာရှိ နေအိမ်တစ်လုံးနှင့် ကျေးရွာအတွင်းရှိ စပါးကျီများ ရေထဲမျောပါသွားခဲ့သည်။

ရေဘေးသင့် အိမ်ထောင်စုခုနစ်စုတို့အား မော်လူးစံပြကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းစိန်က တစ်အိမ်လျှင် ကျပ် ၃၀၀၀၀ စီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဟဲနုကျေးရွာအတွင်းရှိ အိမ်ဝင်းခြံများနှင့် ဘုန်းတော်ကြီးကျောင်း အုတ်တံတိုင်းများ လဲပြိုပျက်စီးခဲ့ပြီး မော်လူးစည်ပင်သာယာဈေးအတွင်း ရေဝင်ရောက်မှုကြောင့် ဈေးဆိုင်ခန်းများရေနစ်မြုပ်ကာ အဝတ်အထည်နှင့် ကုန်ပစ္စည်းမျိုးစုံ ပျက်စီးခဲ့ကြောင်း သိရသည်။

မော်လူး-ရွှေလေးတန် ကားလမ်းမကြီးမှာလည်း ရေတိုက်စားမှုကြောင့် လမ်းများပျက်စီးခြင်း၊ မြေသားပြိုခြင်း၊ တံတားများပျက်စီးခြင်းတို့ကြောင့် သွားလာရေးခက်ခဲမှုများ ကြုံတွေ့ရခြင်းအပြင် မော်လူး၊ အုန်းဒုတ်၊ မင်းသာ၊ ပေါက်ကုန်း၊ ပဲခူး၊ သာစည်၊ ဟဲနုစသည့်စပါးစိုက်ကွင်း ဧက ၃၀၀၀ ကျော် ရေနစ်မြုပ်လျက်ရှိသဖြင့် တောင်သူများ စပါးဆုံးရှုံးမည်ကို စိုးရိမ်နေကြောင်းနှင့် ရေကြီးရေလျှံမှုကြောင့် စာသင်ကျောင်းများ ယာယီပိတ်ထားရကြောင်း သိရသည်။ **(ဝ၅၈)**



MYANMAR HEALTH FORUM 2015
မြန်မာ့ကျန်းမာရေးဖိုရမ်
Myanmar Health Forum
၂၈.၇.၂၀၁၅ ~ ၂၉.၇.၂၀၁၅
MICC II
နေပြည်တော်

# ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

**ကောလင်း ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်တွင် ဇူလိုင် ၁၆ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာများတွင် ရေလွှမ်းလျက်ရှိပြီး လူနေအိမ်နှင့် လယ်ယာမြေ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားလျက်ရှိရာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ဆရာဝန်ကြီးများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၅ ရက်က ကောလင်းမြို့နယ် အင်ပင်သာကျေးရွာအုပ်စုသို့ စက်လှေများဖြင့် သွားရောက်ပြီး ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ၊ ရေသန့်ဘူးများနှင့် အဝတ်အထည်များ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ထောက်ပံ့ပေးအပ်မှုကို အင်ပင်သာကျေးရွာအုပ်စု ကသစ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်ရာ ပျက်စီးဆုံးရှုံးသော လယ်ယာမြေများအား ပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရေး၊ မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများနှင့် ကာကွယ်ရေးနည်းလမ်းများ၊ မြွေအန္တရာယ်ကာကွယ်ကုသမှုနည်းလမ်းများကို အသိပညာပေးဆွေးနွေးပြောကြားပြီး ကျန်းမာရေး မကောင်းသူများအား အခမဲ့ စမ်းသပ်ဆေးဝါးကုသမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရေဘေးသင့်ပြည်သူများ ထောက်ပံ့ရေးပစ္စည်းများကို နွားလှည်းများဖြင့် ကျေးရွာသို့ သယ်ဆောင်စဉ်။

# အများပြည်သူသုံး ကျောက်ဆည်သဘာဝစိမ့်စမ်းရေကန်မှ သောက်သုံးရေအမြန်ဆုံးရရှိရေး ဆောင်ရွက်လျက်ရှိ

**မော်လူး ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဟဲနုချောင်းရေကြီးရေလျှံမှုဖြစ်ကာ ကျောက်ဆည်သဘာဝသောက်သုံးရေကန်မှ သဘာဝသောက်သုံးရေရရှိမှု အခက်အခဲကို ပြန်လည် ဖြေရှင်းပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကျောက်ဆည် သဘာဝချောင်းရေကို အမှီပြုကာ အသုံးပြုလျက်ရှိသောမော်လူးတွင် ရပ်ကွက်ပေါင်းခြောက်ရပ်ကွက်နှင့် ဟဲနုကျေးရွာ၊ အုန်းဒုတ်ကျေးရွာ၊ မင်းသာကျေးရွာ၊ မန်ကျည်းကုန်း ကျေးရွာများမှ ရေသုံးစွဲသူ ရေတိုင်ပေါင်း ၇၂၀ နှင့် အများသုံးရေတိုင် အပါအဝင် ရေသုံးစွဲသူအိမ်ထောင်စုပေါင်း ၂၀၀၀ ကျော်က နေ့စဉ်သုံးစွဲလျက်ရှိရာ ဇူလိုင်၂၄ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေကြီးရေလျှံမှုဖြစ်ကာ ကျောက်စီရေစစ်ကန်နှင့် ရေကြည်ကန်၏ အမိုးအကာများမှာ ရေစီးနှင့်အတူ မျောပါကာ ရေပေးဝေရေးပြတ်တောက်ခဲ့သဖြင့် ရေသုံးစွဲမှုအခက်အခဲနှင့်ကြုံတွေ့ခဲ့ရသည်။

ထို့ကြောင့် အများပြည်သူ ပြန်လည်သုံးစွဲနိုင်ရန် ရေပေးဝေရေးကော်မတီက ဇူလိုင် ၂၅ ရက်မှစတင်ကာ ပြုပြင်ဆောင်ရွက်လျက်ရှိရာ မကြာမီပြန်လည်သုံးစွဲနိုင်တော့မည် ဖြစ်ကြောင်းသိရသည်။ **(နီတိုး)**




မကွေးတိုက်စစ်မှူး ဆယ်လာ ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။

# ချင်းယူနိုက်တက်ကို အနိုင်ယူပြီး မကွေးဒုတိယနေရာရောက်လာ

**ရန်ကုန် ဇူလိုင် ၂၆**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်(၁၃)ဒုတိယနေ့ပွဲစဉ်များကို ယနေ့ဆက်လက်ယှဉ်ပြိုင်ကစားသည်။

သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် မကွေးအသင်းနှင့် ချင်းယူနိုက်တက်တို့ပွဲစဉ်တွင် မကွေးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အမှတ်ပေးဇယားထိပ်ဆုံးမှ ရန်ကုန်နှင့်ဧရာဝတီတို့ သရေကျမှုကို မကွေးအသင်းအသုံးချခဲ့ပြီး အနိုင်ရလဒ်နှင့်အတူ ဒုတိယနေရာကို ရယူနိုင်ခဲ့သည်။ ပထမပိုင်းတွင် ကစားပုံပျက်နေသည့် မကွေးအသင်းမှာ ဒုတိယပိုင်းမှ ကစားပုံပြန်ကောင်းလာပြီး အနိုင်ဂိုးများကို ရယူနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

နှစ်သင်းစလုံးအမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ချင်းအသင်းက တိုက်စစ်မှူးမက်သယူးကို အထောင်ထားကာ တိုက်စစ်ဆင်ခဲ့သည်။ မကွေးအသင်းမှာ တိုက်စစ်အသာကစားခဲ့သော်လည်း တိုက်စစ်ကစားပုံမကောင်းခြင်း၊ အချိတ်အဆက်လွဲနေခြင်းတို့ကြောင့် ပထမပိုင်းတွင် ထိရောက်သည့် ဂိုးသွင်းခွင့်မရခဲ့ပေ။ ၅၂ မိနစ်တွင် မကွေးအသင်းဂိုးရခဲ့ပြီး နောက်ခံလူဒီဂျမ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မကွေးအသင်းကစားပုံပိုကောင်းလာပြီး ဒုတိယအနိုင်ဂိုးကို ၇၁ မိနစ်တွင် မျိုးဇော်ဦးက သွင်းယူခဲ့သည်။

ဗထူးကွင်း၌ ကစားခဲ့သည့် ရတနာပုံအသင်းနှင့် ကမ္ဘောဇအသင်းတို့ပွဲစဉ်တွင် ရတနာပုံအသင်းက လေးဂိုး-သုံးဂိုးဖြင့်လည်းကောင်း၊ အောင်ဆန်းကွင်း၌ ကစားခဲ့သည့် ဇွဲကပင်နှင့် ဟံသာဝတီတို့ပွဲစဉ်တွင် ဇွဲကပင်က နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ပွဲစဉ်(၁၃)အပြီးတွင် ရန်ကုန်အသင်းက ၃၇ မှတ်ဖြင့် ထိပ်ဆုံး၌ဆက်လက်ဦးဆောင်လျက်ရှိပြီး မကွေးအသင်းက ၂၈ မှတ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။ ဧရာဝတီနှင့် ရတနာပုံအသင်းတို့က ၂၆ မှတ်စီ၊ ကမ္ဘောဇအသင်းက ၁၉ မှတ်တို့ရရှိနေသည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

# မန္တလေးတိုင်းဒေသကြီး ဗဟိုအကျဉ်းထောင်အား စစ်ဆေး

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး တရားသူကြီးချုပ် ဦးစိုးသိန်းသည် မန္တလေးတိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးတဲရင့်စ် စံမွိုင်းနီခွဲ၊ ရုံးအဖွဲ့ခွဲမှူး ဒေါ်သင်းသင်းချို၊ မန္တလေးခရိုင်တရားသူကြီး ဒေါ်ခင်ခင်လှနှင့် အောင်မြေသာစံမြို့နယ် တရားရုံးမြို့နယ်တရားသူကြီးတို့နှင့် အတူ ဇူလိုင် ၂၄ ရက်က မန္တလေးတိုင်းဒေသကြီး ဗဟိုအကျဉ်းထောင်အား စစ်ဆေးကြသည်။ **(ယာပုံ)**

ရှေးဦးစွာ အကျဉ်းထောင်တာဝန်ခံအရာရှိရုံးခန်း၌ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမိုးဇော်နှင့် အကျဉ်းထောင်တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးတို့က မန္တလေးတိုင်းဒေသကြီး ဗဟိုအကျဉ်းထောင်အတွင်း၌ အကျဉ်းသူ အကျဉ်းသားများနှင့် အချုပ်တရားခံများ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ နေထိုင်စားသောက်မှု၊ သောက်သုံးရေနှင့် သန့်ရှင်းရေး၊ ဥပဒေပါအခွင့်အရေးများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့်အဖွဲ့သည် တရားခံများနေရာထိုင်ခင်းသက်သာချောင်ချိမှု ရှိ၊ မရှိ၊ အစာစားရာတွင် အာဟာရပြည့်စုံမှု ရှိ၊ မရှိ၊ မကျန်းမာပါက ဆေးကုသခွင့်၊ အမျိုးသမီးတရားခံများအား အကာအရံဖြင့် လုံခြုံစွာထားရှိမှု၊ အမျိုးသမီးအဖော် အစောင့်အရှောက်ဖြင့်ထားရှိခြင်း၊ တရားခံများအား နှိပ်စက်ညှဉ်းပန်းခြင်း ရှိ၊ မရှိနှင့် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးနှင့် စပ်လျဉ်း၍ တရားခံများအား ရင်းနှီးပွင့်လင်းစွာ မေးမြန်းပြီး အချုပ်တရားခံအမှုများ မြန်မြန်ဆန်ဆန် စစ်ဆေးပြီးပြတ်နိုင်ရေး၊ စစ်ဆေးဆဲအမှုလက်ကျန်လျော့နည်းကျဆင်းရေးတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ အကျဉ်းဦးစီးဌာနတို့နှင့် ပေါင်းစပ်ဆောင်ရွက်နေကြောင်း ပြောကြားခဲ့ပြီး အချုပ်တရားခံများနှင့် အကျဉ်းကျတရားခံများနေထိုင်သည့် အဆောင်များအား ကြည့်ရှုစစ်ဆေးခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မုံရွာဗောဓိတစ်ထောင်နယ်မြေမှ အမြွာညီအစ်မသုံးဦးအား ပညာဒါနကူညီ

**မုံရွာ ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခတက္ကန်(တ)ရွာအုပ်စုလှည်းဒါးကျေးရွာမှ အမြွာညီအစ်မသုံးဦး ပညာသင်စရိတ်အတွက် အနယ်နယ်အရပ်ရပ်မှ ပညာဒါနအလှူငွေများ ထောက်ပံ့ပေးပို့ကြကြောင်း သိရသည်။

အနယ်နယ်အရပ်ရပ်မှ စေတနာရှင်အသီးသီး၏ ထောက်ပံ့ငွေများ လွှဲပြောင်းပေးအပ်ခြင်းကို ဇူလိုင် ၁၈ ရက်က အဆိုပါ ကျေးရွာရှိ မူ/လွန်ကျောင်းတွင် ပြုလုပ်ခဲ့ရာ ပညာသင်စရိတ်ထောက်ပံ့ငွေများကို မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးအောင်ဝင်းဆွေက အမြွာညီအစ်မသုံးဦးနှင့် မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

"အခုလိုပညာသင်စရိတ် ထောက်ပံ့ပေးကြတဲ့ နေရာအနှံ့ကစေတနာရှင်၊ ကုသိုလ်ရှင်တွေကို အများကြီးကျေးဇူးတင်ပါတယ်။ သမီးတို့ အခုဆိုရင် ကျောင်းဆက်တက်ရတော့မယ်။ သမီးတို့တွေ ပညာတတ်ကြီးတွေဖြစ်ခွင့်ရပြီ၊ အစက ကျောင်းကိုတက်သာနေရတာစိတ်ကအမြဲပူနေရတာ၊ ရွာနဲ့ကျောင်းကဝေးတော့ နေ့စဉ်စရိတ်တွေကိုအမေကမတတ်နိုင်တော့ရင် သမီးတို့ကို ကျောင်းထုတ်တော့မယ်ဆိုပြီးအမြဲစိတ်ပူရတယ်။ အခုတော့ အဲဒီအပူလေးတွေ မရှိတော့ပါဘူး။ သမီးတို့ ညီအစ်မတစ်တွေ စာကိုဒီထက်ပိုပြီး ကြိုးစားပါ့မယ်"ဟု အငယ်ဆုံးမသူဇာက ပြောသည်။ စေတနာရှင်များ၏ ပညာသင်စရိတ် ထောက်ပံ့ငွေမှာ ဇူလိုင် ၁၇ ရက်အထိငွေကျပ် ၁၆ သိန်းရရှိပြီး အဝတ်အထည်များလည်း လှူဒါန်းကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ယုဇနလမ်းမပေါ်မှ အမောများ

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၉၃) ရပ်ကွက် ယုဇနဉယျာဉ်မြို့တော်အိမ်ရာသို့ ဝင်ရောက်သည့် လမ်းမကြီးသည် ကတ္တရာပျောက်ဆုံး၍ ချိုင့်ခွက်များဖြစ်နေပြီး ရွှံ့နွံအိုင်များဖြစ်နေခဲ့သည်။

ထိုယုဇနဉယျာဉ်အဝင်လမ်းမကြီးသည် အိမ်ရာများသို့ဝင်ရောက်ရာ၌ မုခ်ဦး(အဝင်အစ)မှ အဆုံးအထိ ခရီးသည်တင်လိုင်းကားများနှင့် ကိုယ်ပိုင်ကားလေးများပါ ဝင်/ထွက်သွားလာရာ အဓိကလမ်းဖြစ်သည်။

မြို့တော်နေသူတစ်ဦးက "ကျွန်တော်တို့ အလုပ်သွားအလုပ်ပြန်၊ ရုံးတက်/ရုံးဆင်းမှာလိုင်းကားစီးတိုင်း အဲဒီချိုင့်ခွက်တွေ၊ ရွှံ့အိုင်တွေထဲက ကားတွေဖြတ်မောင်းတိုင်း ခရီးသည်တင်အားလုံး ယိမ်းထိုးပြီး မှောက်သွားမှာ စိုးရိမ်ရတယ်။ ဘုရားတပြီး စီးနေရတယ်။ လိုင်းကားတွေမှာလည်း ရွေးချယ်စရာလမ်းမရှိတော့ မဖြစ်မနေ ဒီချိုင့်ခွက်တွေကပဲ ဖြတ်မောင်းနေရတော့ ကားလည်းနာတာပေါ့" ဟု ယုဇနဉယျာဉ်မြို့တော်နေသူတစ်ဦးက ပြောသည်။

ယုဇနတက္ကစီဂိတ်ထိုးခရီးသည်ပို့ဆောင်သော အငှားယာဉ်မောင်းတစ်ဦးက "ဒီလမ်းက ပျက်နေတာအတော်ကြာနေပြီ။ ဒီလမ်းနဲ့သက်ဆိုင်တဲ့ အဖွဲ့အစည်းကလည်း ဘယ်အဖွဲ့အစည်းမှန်းမသိဘူး။ ယုဇနဉယျာဉ်မြို့တော် ကုမ္ပဏီကလား၊ စည်ပင်ကလား၊ အိုးအိမ်ကလား၊ သက်ဆိုင်တဲ့အဖွဲ့က အမြန်ဆုံးပြင်သင့်ပါတယ်။ ပိုဆိုးတာက ယခုနောက်ထပ် လူနေတိုက်ခန်းတွေ တိုးချဲ့ဆောက်လုပ်နေတော့ ယန္တရားကားကြီးတွေနဲ့ အုတ်၊ သဲ၊ ဘိလပ်မြေကားတွေ ဝင်ထွက်သွားလာနေတာပေါ့။ လမ်းပျက်ရတဲ့အထဲ သဲရယ်၊ ဘိလပ်မြေမှုန့်တွေရယ်၊ မိုးရယ်ရောပြီး မဆလာဗွက်ထနေတော့ ဗွက်အိုင်ထဲမှာ လမ်းလျှောက်လို့မရတော့ဘူး။ ကျွန်တော်တို့ကားလေးတွေကတော့ အတတ်နိုင်ဆုံး ဒီလမ်းမကြီးကိုရှောင်၊ လမ်းသွယ်တွေကဖြတ်ပြီး မောင်းလို့တော့ရပါတယ်။ ဒါပေမယ့် အတွင်းထဲမှာ ဟိုကွေ့၊ ဒီပတ်နဲ့ခရီးမတွင်ဘဲ ကြန့်ကြာတာပေါ့ဗျာ"ဟု ပြောသည်။

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ ယုဇနဉယျာဉ်မြို့တော်သည် တစ်မြို့နယ်လုံးလူဦးရေ၏ ၃၀ရာခိုင်နှုန်းခန့်နေထိုင်သော ရပ်ကွက်ဖြစ်ကြောင်းနှင့် အဆိုပါ အဓိကဝင်ပေါက်လမ်းမကြီးအား သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးရန် ယုဇနဉယျာဉ်မြို့တော်နေ ပြည်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**



# လက်လုပ်လက်စားများအတွက် အပိုဝင်ငွေပေးနေသည့် တစ်ကျော့ပြန်အုံတုံ

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ကျပန်းလုပ်ကိုင်ကြသူများသည် ဝန်ထမ်းအိမ်ရာများအနီးအနားမှ တောမြေများတွင် အလေ့ကျရှင်သန်ပေါက်ပွားလျက်ရှိသော အုံတုံပင်များမှ သစ်ခေါက်များကိုရှာဖွေခွာယူကာ အခြောက်လှန်းရောင်းချခြင်းဖြင့် အပိုဝင်ငွေရရှိလျက်ရှိကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် ဌာနဆိုင်ရာများ၊ ဝန်ထမ်းအိမ်ရာများသာရှိပြီး ယင်းအဆောက်အအုံများကြားရှိ မြေကွက်လပ်များတွင် တောတောင်များ၊ ရေကန်များ၊ အနီးအနားရှိမြေကွက်လပ်များတွင် မူလသဘာဝအတိုင်း သစ်ဝါးများရှင်သန်တောထလျက်ရှိရာ တောတွင်းရေလှောင်ကန်များကို အမှီပြုရန်ယာယီတဲထိုးနေထိုင်ကြသူ အများအပြားရှိနေသည်။ ကြုံရာကျပန်း လုပ်ကိုင်စားသောက်ကြသူများဖြစ်၍ လက်ကောက်ဝတ်၊ လက်မောင်းခန့် သစ်များခုတ်ယူလျက် စက်ဘီး၊ ဆိုင်ကယ်များနှင့် သယ်ယူကြသည်ကို နေ့စဉ်လိုလို တွေ့နေရသည်။

ယခုအခါ အတွေ့ရများလာသည်မှာ တောထဲမှ အုံတုံပင်များအား အခေါက်ခွာ၊ အခြောက်လှန်း ဈေးကွက်သို့ ပေးပို့ရောင်းချသည့်အလုပ်က ပိုမိုအဆင်ပြေနေသည်ကို တွေ့ရသည်။ တောထဲ၊ ရေကန်စပ်များတွင် နေထိုင်ကြသူများသည် သစ်ဝါးခုတ်၊ ထင်းခုတ်၊ ဝက်မွေး ကြက်မွေးစသည်ဖြင့် အဆင်ပြေရာလုပ်ကိုင်ကြသည်ဖြစ်ရာ အုံတုံခေါက်ခွာရောင်းသည့် အလုပ်သည်လည်း လက်ရှိတွင် အဆင်ပြေလျက်ရှိသည်။

"အုံတုံပင်တွေက တောထဲမှာရှာရတာပါ။ ပေါပါတယ်။ အခေါက်ခွာလိုက်ပေမယ့် အပင်မသေပါဘူး။ အပွေးခေါက်တွေ ပြန်တက်လာတာပါပဲ။ ကျွန်တော်တို့ကတော့ ရေနီကိုပို့ရောင်းရတာပါ။ အမွှေးတိုင်လုပ်တယ်။ ဝယ်တဲ့လူကြိုက်အောင် အခြောက်အောင်လှန်းရတယ်။ ဒါမှ မဟုတ်ရင် မယူဘူး။ အခုပေါက်ဈေးက တစ်ပိဿာ ငွေကျပ် ၇၀၀ ပါ။ အချိန်တစ်ဆယ်၊ နှစ်ဆယ်လောက်ရတော့ ဆိုင်ကယ်နဲ့၊ နည်းနည်းများရင် လိုင်းကားတွေနဲ့ ယူသွားပြီး ရောင်းရတာပါ"ဟု လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။



အုံတုံသည် ရှေးအခါက အုတ်စီ၊ အုတ်ထပ်ရာ၌ မရှိမဖြစ်သုံးရသည့် ဘိလပ်မြေနေရာတွင် အစားထိုးသုံးရသောအရာဖြစ်သည်။ ဘိလပ်မြေမပေါ်ခင်က အုံတုံခေါက်သည် အင်္ဂတေဖျော်ရာတွင် မပါမဖြစ် အရေးပါကြောင်း၊ ရွှေတိဂုံဆံတော်ရှင် တည်ထားသည်မှာပင် မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် အုံတုံခေါက်ပါဝင်သောအမယ်စုံဖြင့် အင်္ဂတေကိုဖျော်စပ်ကာ ကမ္ဘာတည်သရွေ့ ခိုင်ခံ့စွာတည်နေခြင်းဖြစ်ကြောင်းဖြင့် ဆရာကြီး သခင်ကိုယ်တော်မှိုင်း (ဆရာလွန်း)၏ လက်မှုပညာဋီကာ စာအုပ်တွင် အင်္ဂတေ အကောင်းဆုံးလုပ်နည်း "ကြဇုဧကေ၊

**(ရာမည-သွေးမွှန်)**

ဒွယတင်လဲ၊ ဆင့်ကဲသုံးဆ၊ ဥသျှစ်မှလှန်း၊ ခြောက်ဆကော်ရည်၊ တည်သည် မှန်လှ၊ ဆဲ့နှစ်ဆ သကာ၊ ယူကာ အုံဒုံ၊ ငါးပါးစုံကို၊ ရောကုန်အမြဲ၊ ထုံးနှင့်သဲလည်း၊ ယှဉ်တွဲတူမျှ၊ ချင့်ပြီးမှ လျှင်၊ ရောထကော်ရည်၊ ထောင်းသည်လေးခါ၊ ညက်ပြီးစွာလျှင်၊ မြတ်စွာရောင်ဟုန်၊ ရွှေတိဂုံကို၊ တည်ကုံအစ၊ ပထမလုပ်ကြဖူးလေ၊ အင်္ဂတေသည်၊ မာတွေခိုင်လှ၊ ကျောက်တမျှ၊ ဗိသုကာကျမ်းထွက်"ဟု ဆိုထားသည်။

မည်သို့ဆိုစေ၊ ဘိလပ်မြေပေါ်ပြီးသည့်နောက် အုံတုံခေါက်၏ အရေးပါမှုသည် တစ်စတစ်စမှေးမှိန်ပျောက်ကွယ်လာသည်။ အုံတုံပင်ကိုပင် ကြားဖူးမြင်ဖူးသူ ရှားပါးသည်။ ယခုအခါ တစ်ကျော့ပြန်ကာ အသုံးဝင်မှုပုံစံတစ်မျိုးဖြင့် လူ့အကျိုးကိုထမ်းရွက်ရန် ပေါ်ပေါက်လာပြန်ပါသည်။ လက်လုပ်လက်စားတို့အတွက် အလုပ်အကျွေးပြုရန် ဖြစ်လာနေသည်။

စီးပွားရေးမျက်စိရှိသူများ မဟုတ်သည်နှင့်အညီ အမြင်နိမ့်ပါး၊ ရိုးသားကြသူများဖြစ်ရာ မိမိရသမျှနှင့် ကျေနပ်ရောင့်ရဲလျက် တောတိုး အုံတုံပင် ရှာဖွေ၊ ဓားဖြင့်ခုတ်ခွာယူ၊ လူအသွားအလာ နည်းပါးသော ကွန်ကရစ်လမ်းနံဘေး၊ ပလက်ဖောင်းများတွင် ဖြန့်ကြဲနေလှန်း၊ ခြောက်တော့ ထုပ်ပိုး၊ ဝယ်လက် ဆီသို့ပေးပို့၊ သူတို့ပေးသမျှ ဆီဖိုးဆန်ဖိုးရတော့ပြန်လာ။ ဤသို့ဖြင့် လက်လုပ်လက်စားများအတွက် "အုံတုံ"မည်သော သစ်တစ်ပင်သည် သမိုင်းထဲက တစ်ကျော့ပြန်လာကာ တစ်နိုင်တစ်ပိုင် အကျိုးပြုလျက်ရှိနေပါကြောင်း ရေးသားပုံဖော်လိုက်ရပါသည်။

❖

## ရွှေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန် အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက ဗဟန်းမြို့နယ် ကျောက်ဆည်မဗ္ဗာရုံ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းနိုင်က အမှာစကားပြောကြား၍ ရပ်ကွက်အလိုက် တာဝန်များ ခွဲဝေပေးအပ်ခြင်း၊ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခြင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်သင်းထိုက်စိုးက ဥပဒေဆိုင်ရာများ ဆွေးနွေးတင်ပြခြင်းများ ပြုလုပ်ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ရပ်ကွက်(၂၂)ရပ်ကွက်ရှိ သင်တန်းသားများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သန္တာမေ(IPRD)**



## ကျွန်းလှမြို့၌ ကယ်ဆယ်ရေးပစ္စည်းများ ပြည်သူထံအရောက်ဖြန့်ဝေ


**ကျွန်းလှ ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို ယနေ့အချိန်အထိ လာရောက်လှူဒါန်းလျက်ရှိရာ ဇူလိုင် ၂၅ ရက်က ရွှေဘိုမြို့ GTC ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူတို့က ဆန် ၁၁ အိတ်၊ ခေါက်ဆွဲခြောက် လေးဖာ၊ ရေသန့်သုံးဂါလန်ပုံး ၁၀၀၊ ရေသန့်သေး ၂၉ ကပ် စုစုပေါင်းတန်ဖိုး ကျပ် ၅၆၂၁၅၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

ရေဘေးသင့် ပြည်သူများသည် ရေကျသွားပြီဖြစ်သဖြင့် မိမိတို့နေအိမ်သို့ ပြန်လည်ရောက်ရှိနေကြသည့်အတွက် ကယ်ဆယ်ရေးပစ္စည်းများကို မြို့နယ်ကွပ်ကဲရေးရုံးမှ ခွဲဝေပေးပြီး ရပ်ကွက်/ကျေးရွာတာဝန်ရှိသူများက အိမ်ထောင်စုအလိုက်ပြည်သူများထံ အရောက်ဖြန့်ဝေပေးကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဒီပ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း။** ဆရာတော်လောင်းလျာကို မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ၌ အဖဦးစံဖေ၊ အမိဒေါ်စောကျင်တို့က ၁၂၉၀ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက် (ကြာသပတေး)နေ့တွင် ဖွားမြင်တော်မူခဲ့ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း။** ၁၃၀၂ ခုနှစ်တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကော့ကဒွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်ဘဒ္ဒန္တပဏ္ဏဝကို ဥပဇ္ဈာယ် ပြု၍ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၃၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်နေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ နောင်တော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တက္ကန္ဓောဘာသကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း။** ဆရာတော်သည် တောင်စွန်းတိုက်နယ် တောင်စွန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏ စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း။** ဆရာတော်သည် ၁၉၆၅ ခုနှစ်တွင် ရသေ့အသွင်ဖြင့် တောထွက်၍ မြန်မာနိုင်ငံအတွင်းရှိ ဘုရားစေတီပုထိုးများနှင့် မိမိမွေးရပ်ဇာတိဖြစ်သော ကျိုက်ထီးဆောင်း ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ထီးတော်တင်ခြင်း၊ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်ကို ရည်စူး၍ စေတီပုထိုးများတည်ထားကိုးကွယ်ခြင်း၊ အသံမစဲမဟာပဋ္ဌာန်းပွဲများကျင်းပပေးခြင်း၊ သာသနိကအဆောက်အအုံများ တည်ဆောက်ပြုပြင်မွမ်းမံခြင်း၊ ပရဟိတလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဝိပဿနာတရားစခန်းပွဲများကျင်းပပေးခြင်းစသော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

**ဘွဲ့တံဆိပ် အလှူခံရရှိတော်မူခြင်း။** ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သောလုံ့လဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူခြင်းကြောင့် သာသနဓုရဝဟဂုဏ် လဇ္ဇီပေသလ သိက္ခာကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်သည် ၂၀၀၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်သော အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း။** ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၇)နှစ် သိက္ခာတော် ၄၄ ဝါ အရ ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက် (၂၅-၇-၂၀၁၅) (စနေနေ့) ညနေ ၃ နာရီခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

## မုံရွာနယ်မှ တောင်သူများ ပင်ထောင်ခရမ်းချဉ်သီး စတင်ပျိုးထောင်



**မုံရွာ ဇူလိုင် ၂၆**

ခရမ်းချဉ်သီးသည် မီးဖိုချောင်သုံး မရှိမဖြစ် အသီးတစ်မျိုးဖြစ်သလို လူတို့၏ ကျန်းမာရေးအတွက် များစွာ အထောက်အကူပြုသလို ဗီတာမင်ဓာတ်များစွာပါဝင်ကာ အလွန်အသုံးတည့်သည့် သီးနှံတစ်မျိုးဖြစ်ရာ ခရမ်းချဉ်သီးအမျိုးမျိုးကို မြန်မာနိုင်ငံ၏ ဒေသအတော်တော်များများတွင် စိုက်ပျိုးကြရာ ပင်ထောင်ခရမ်းချဉ်သီးသည်လည်း အပါအဝင်ဖြစ်သည်။

အဆိုပါ ပင်ထောင်ခရမ်းချဉ်သီး စိုက်ပျိုးရန် ပျိုးထောင်ထားမှုနှင့် ပတ်သက်၍ မုံရွာမြို့နယ်လှည်းဒါးကျေးရွာမှ တောင်သူတစ်ဦးက "ပင်ထောင်ခရမ်းချဉ်ကို ကျွန်တော်တို့ရွာမှာ ဇူလိုင်လကစပြီး ပျိုးထောင်တယ်။ မျိုးကတော့လိုရာ ၉၀၉ ဖြစ်ပါတယ်။ တစ်ထုပ်ကိုခန့်မှန်းခြေမျိုးစေ့နှစ်ထောင်လောက်ပါတယ်။ အရင်ဆုံး ခရမ်းချဉ် ပျိုးတော့မယ်ဆိုရင် ပလတ်စတစ်ကွမ်းရာအိတ်အရွယ်လေးတွေထဲကို မြေဆွေးထည့်၊ ခရမ်းချဉ် အစေ့လေးတွေမြုပ်၊ ရေဖျန်းပြီး မိုးကာနဲ့နေမပူအောင်၊ လေလုံအောင် အုပ်ထားပေးရတယ်။ တစ်နေ့ကို ရေနှစ်ခါ ဖျန်းရတယ်။ ခရမ်းပျိုးထုပ်လေးတွေက သုံးရက်သားလောက်ဆို အညှောင့်လေးတွေထွက်လာတယ်။ ၁၇ ရက်သားလောက်ရရင် စိုက်လို့ရပြီ။ စိုက်တော့မယ်ဆိုလယ်ထဲကိုမြေပေါင်ဆွဲ ပလတ်စတစ်အိတ်ခွံချွတ်ပြီး စိုက်တယ်။ အဲဒီနောက်ပိုင်း ခရမ်းချဉ်ပင်လေးတွေက ရက်ကြာတော့ အပွင့်အဖူးလေးတွေဆင်လာတာနဲ့ တိုင်ထောင်ပေးရတယ်။ ခရမ်းချဉ်ပင်က စစိုက်ကတည်းက တိုင်ထောင်၊ အပင်ရှင်း၊ ပေါင်းရှင်းစတဲ့လုပ်ငန်းတွေ တောက်လျှောက် လုပ်ဆောင်ပေးရတယ်။ ပိုးသတ်ဆေးကလည်း တစ်ပတ်တစ်ခါလောက် ဖျန်းပေးရတယ်။ ခရမ်းချဉ်စစိုက်ကတည်း ကနေ အချိန်နှစ်လခွဲခန့်ဆိုရင် ရောင်းတန်းဝင်အသီးတွေကိုဆွတ်ခူးနိုင်ပြီ။ မုံရွာနယ်ဘက်မှာဆိုကျွန်တော်တို့ ဒီလှည်းဒါးကခရမ်းချဉ်သီးတွေက အရင်ပေါ်တာဖြစ်ပြီး မနှစ်ကဆို မုံရွာပွဲရုံတွေကို ရောင်းပေမယ့်လည်း ပထမဆုံးပေါ်ပြီး ဈေးကောင်းမရရှိခဲ့တာမျိုး ရှိခဲ့ပါတယ်"ဟု ပြောသည်။

အဆိုပါ ပင်ထောင်ခရမ်းချဉ်ပင်သည် မိုးလွန်လျှင် အသီးအထွက်နှုန်းကျကာ အပင်အောင်ပါက တစ်ပင်လျှင် သုံးပိဿာခွဲလောက်အထိထွက်ရှိပြီး အင်းသီးများကဲ့သို့ လူကြိုက်များကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

## လက်ခုပ်တီးတတ်သူများ ဖြစ်ပါစေ . . .

ကျွန်တော် အလယ်တန်းကျောင်းသားဘဝက ကျောင်းအုပ်ဆရာကြီးတစ်ဦးနှင့် တွေ့ကြုံဖူးပါသည်။ ဆရာကြီးနာမည်မှာဦးကိုကိုကြီးဟု မှတ်မိနေပါသည်။ ဆရာကြီးသည် မြန်မာအမျိုးသားတိုက်ပုံ နို့နှစ်ရောင်ကို အမြဲဝတ်ဆင်လေ့ရှိပါသည်။ ကျွန်တော် သတ္တမတန်းမှ အဋ္ဌမတန်းသို့ကူးပြောင်းပညာသင်ကြားချိန်တွင် ဆရာကြီးနေရာအပြောင်းအရွှေ့အဖြစ် တခြားကျောင်းတစ်ကျောင်းသို့ ပြောင်းရွှေ့ရလေသည်။ ဆရာကြီးအား နှုတ်ဆက်အရိုအသေပြုပွဲကို ကျောင်းရှိခန်းမ၌ ကျင်းပခဲ့ပါသည်။

ဆရာကြီး၏ နှုတ်ဆက်ပွဲ အရိုအသေပြုပွဲ နောက်ဆုံးအစီအစဉ်တွင် ဆရာ ဆရာမများနှင့် ကျောင်းသူကျောင်းသားများအား စည်းကမ်းကောင်းမွန်သည့် ကျောင်းဖြစ်အောင် ဆရာ ဆရာမများ၊ ကျောင်းသားများ ပူးပေါင်းဆောင်ရွက်ကြရန်၊ ကျောင်းသားများ စာကြိုးစားကြရန်၊ ကျောင်း၌ မိမိရှိစဉ် စေတနာရှေ့ထားဆုံးမခဲ့သည်များတွင် အမှားပါရှိပါက မိမိအား နားလည်ခွင့်လွှတ်ပေးရန်၊ ဝန်ထမ်းဘဝဖြစ်၍ တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည်ဖြစ်သော်လည်း ဤကျောင်းနှင့် ဆရာဆရာမများ၊ ကျောင်းသားများကို သတိရနေမည်ဖြစ်ကြောင်း စသည်ဖြင့် ဝမ်းနည်းနှုတ်ဆက်စကားပြောကြားပါသည်။ ဆရာကြီး၏ ဝမ်းနည်းနှုတ်ဆက် စကားဆုံးသည်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက လက်ခုပ်တီးကြသည်။ လက်ခုပ်သံတဖြောင်းဖြောင်း မြည်မဆုံးဖြစ်လေသည်။

လက်ခုပ်တီးသံအဆုံးတွင် ဆရာကြီးကစင်ပေါ်မှ ဆင်း၍မသွားဘဲ စကားဆက်ပြောလေသည်။ ဆရာဆရာမတွေ ကျောင်းသားတွေက ကျုပ်ပြောင်းသွားမှာကို ပျော်လွန်းလို့ လက်ခုပ်တီးတာလား။ အခမ်းအနားလုပ်တာက နှုတ်ဆက်ပွဲလုပ်တာ။ နှုတ်ဆက်ပွဲလုပ်တယ်ဆိုတာ ဝမ်းနည်းကြောင်းအထိမ်းအမှတ်လည်း ဟုတ်တယ်။ ဒီလိုနှုတ်ဆက်ပွဲမှာ လက်ခုပ်တီးသင့်လား၊ မတီးသင့်ဘူးလား၊ ကျောင်းသားတွေကမသိ နားမလည်လို့ထားတော့၊ ဆရာဆရာမတွေကဘာကြောင့် တီးရတာတုန်း။ လက်ခုပ်တီးတယ်ဆိုတာ ဂုဏ်ပြုဆုချီးမြှင့်ပွဲတို့၊ လှူဒါန်းငွေပေးအပ်ပွဲတို့၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်စရာပွဲမျိုးမှာ တီးရတယ်။ နောက်ဆုံးအနေနဲ့ အားလုံးကိုမှာချင်တာက လက်ခုပ်တီးသင့်မှ တီးပါ။ လက်ခုပ်တီးတတ်သူများ ဖြစ်ပါစေဟု နောက်ဆုံးနှုတ်ဆက်ဆုံးမစကားဆို၍ ဆရာကြီးမှာ စင်ပေါ်ကဆင်းသွားလေသည်။

မကြာသေးမီက ကျွန်တော်တို့ မြို့နယ်တွင် ၆၈ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပသည်။ အာဇာနည်ကျောက်တိုင်အနီးတွင် အာဇာနည်ခေါင်းဆောင်ကြီးများကိုအလေးပြုပြီးနောက် ဝမ်းနည်းကြောင်း နှစ်မိနစ်ခန့် အားလုံးငြိမ်သက်စွာနေကြသည်။ ၎င်းနောက်ဝမ်းနည်းကြောင်း အထိမ်းအမှတ်လွှမ်းသူ့ပန်းခွေချခြင်း အစီအစဉ်ကို ပြုလုပ်သည်။ အစီအစဉ်ပြီးဆုံးပြီးနောက် အခမ်းအနားပြီးမြောက်ချိန်တွင် (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ပြီးမြောက်ကြောင်း အခမ်းအနားမှူးက ကြေညာလေသည်။ ထိုခဏအားလုံးလက်ခုပ် တီးကြသည်။ မိမိအနီးရှိရင်းနှီးသည့် ပုဂ္ဂိုလ်တစ်ဦးက ပြောလေသည်။ အာဇာနည်နေ့လုပ်တာကို အားလုံး လက်ခုပ်တီးကြတယ် နော်တဲ့။

တရားပွဲတစ်ခု၌ ဆရာတော်တရားဟောချိန်တွင် သတည်းဆုံးတိုင်း သာဓုခေါ်ခြင်းမှာ ဟောကြားသူနှင့် နာကြားသူဌာန်၊ ကရိုဏ်းကျသည်ဟု ဆိုနိုင်သော်လည်း အခမ်းအနားများတွင် နိဂုံးချုပ်တိုင်း အခမ်းအနားတက်ရောက်သူများအနေဖြင့် လက်ခုပ်တီးရန် သင့်၊ မသင့်ကိုမူ ချင့်ချိန်ပြီးတီးရန် လိုပေသည်။ ထို့ကြောင့် လောကလူမှုသဘာဝအရ မဖြစ်မနေကြုံတွေ့ တက်ရောက်ရသည့် အခမ်းအနားများတွင် အားလုံးလက်ခုပ်တီးတတ်သူများ ဖြစ်ကြပါစေ။ ။

**ချမ်းသာ (မိတ္ထီလာ)**

# ကင်ညာရောက်အိုဘားမား ပြည်သူများနှင့်တွေ့ဆုံ၊ ဒီမိုကရေစီစနစ်မြှင့်တင်ရေး တိုက်တွန်း

**နိုင်ရိုဘီ ဇူလိုင် ၂၆**

သမ္မတရာထူး၌ တာဝန်ထမ်းဆောင် နေချိန်အတွင်း ဖခင်၏ ဇာတိရပ်မြေသို့ ပထမဆုံးအကြိမ် အလည်အပတ်ရောက်ရှိနေသူ အမေရိကန်သမ္မတ အိုဘားမားသည် ဇူလိုင် ၂၆ ရက်တွင် ကင်ညာပြည်သူများအား မိန့်ခွန်းပြောကြားရာတွင် ဒီမိုကရေစီစနစ်မြှင့်တင်ရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ ကျား၊ မ သို့မဟုတ် မျိုးနွယ်အပေါ် မူတည်ကာ ခွဲခြားဆက်ဆံမှု အဆုံးသတ်ရေးတို့နှင့် ပတ်သက်၍ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းလိုက်သည်။



သမ္မတ အိုဘားမားသည် ကင်ညာသမ္မတ အူဟူရူ ကင်ညတ်တာနှင့် ဇူလိုင် ၂၅ ရက်က တွေ့ဆုံခဲ့ပြီး လုံခြုံရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

မြို့တော်နိုင်ရိုဘီရှိ အားကစားရုံ၌ ကင်ညာပြည်သူများအား မိန့်ခွန်းပြောကြားခဲ့ရာတွင် ၎င်း၏ ဘဝအတွေ့အကြုံနှင့် လွတ်လပ်ရေးရရှိပြီးနောက် ဆယ်စုနှစ် ငါးစုတာကာလကို ဖြတ်သန်းချိန်တွင် ကင်ညာနိုင်ငံရရှိခဲ့သည့် အတွေ့အကြုံတို့နှင့်ပတ်သက်၍ သုံးသပ်ပြောကြားခဲ့သည်။

ကင်ညာနိုင်ငံ ရင်ဆိုင်နေရသော အကြမ်းဖက်မှု တိုက်ဖျက်ရေးပြဿနာနှင့်ပတ်သက်၍လည်း သမ္မတ အိုဘားမားက ပြောကြားခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် ကင်ညာနိုင်ငံ၏ လုပ်ဖော်ကိုင်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် ဆိုမာလီ အယ်လ်ရှာဘတ် စစ်သွေးကြွအဖွဲ့ကို ချေမှုန်းသွားနိုင်ရန် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အိုဘားမားက ပြောကြားသည်။

ကင်ညာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် အယ်လ်ရှာဘတ် စစ်သွေးကြွအဖွဲ့၏ တိုက်ခိုက်မှုများကြောင့် အထိနာခဲ့ရသည်။ ၂၀၁၃ ခုနှစ်က နိုင်ရိုဘီမြို့ရှိ ကုန်တိုက်တစ်တိုက်ကို ယင်းအဖွဲ့က စီးနင်းတိုက်ခိုက်ခဲ့ပြီး ယခုနှစ် ဧပြီလတွင် နိုင်ငံအရှေ့မြောက်ပိုင်းရှိ တက္ကသိုလ်တစ်ခုကို အကြမ်းဖက်တိုက်ခိုက်ခဲ့ရာ လူရာပေါင်းများစွာ သေဆုံးခဲ့ရသည်။

**ရိုက်တာ။**

# အစ္စရေးဝန်ကြီးချုပ်၏ အသုံးစရိတ်ကို စစ်ဆေးမည်ဟုဆို

**ဂျေရုဆလင် ဇူလိုင် ၂၆**

အစ္စရေးနိုင်ငံတွင် ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ ငွေကြေးအလွန်အကျွံသုံးစွဲထားသော နေအိမ်အသုံးစရိတ်ကို ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးရန် ရှေ့နေချုပ်က အမိန့်ထုတ်လိုက်ကြောင်း ယနေ့ သတင်းများတွင် ဖော်ပြသည်။

၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း နေတန်ယာဟု၏ အစိုးရအိမ်တော်နှင့် ကိုယ်ပိုင်နေအိမ်တို့တွင် အခွန်ထမ်းပြည်သူ တို့၏ နိုင်ငံတော်ဘဏ္ဍာငွေကို လွန်ကဲစွာ သုံးစွဲခဲ့ကြောင်း နိုင်ငံတော်ရှေ့နေချုပ်ရုံးက ဖေဖော်ဝါရီလတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

နေတန်ယာဟုတို့ မောင်နှံသည် ဝန်ကြီးချုပ်၏ အစိုးရ စံအိမ်တော်အတွက် ဝယ်ယူခဲ့သော အိမ်ထောင်ပရိဘောဂများကို ကေဆာရီးယားရှိ ၎င်းတို့၏ အားလပ်ရက်အပန်းဖြေနေအိမ်သို့ ပို့ခဲ့သည်ဟုလည်းကောင်း၊ ယင်းနေအိမ်တွင် လျှပ်စစ်မီးဆင်ပေးခဲ့သူတစ်ဦး၏ လုပ်အားခကို နိုင်ငံတော်ပိုင်ဘဏ္ဍာငွေမှပေးခဲ့သည်ဟုလည်းကောင်း စွပ်စွဲချက်များထွက်ပေါ်ခဲ့ရာ အဆိုပါစွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန် ရှေ့နေချုပ် က မေတ္တာရပ်ခံခဲ့သည်။

နေတန်ယာဟု၏ ဇနီးမှာလည်း အစားအသောက်များတွင် ငွေကြေးအလျှံပယ် သုံးစွဲခြင်း၊ အိမ်အကူများကို လူသားချင်း မစာမနာပြုမူဆက်ဆံခြင်းတို့ကြောင့် ဝေဖန်ခံရလျက်ရှိသည်။

၎င်းတို့ ဇနီးမောင်နှံသည် နေထိုင်ခြင်း မရှိသလောက်ဖြစ်သည့် ၎င်းတို့ကိုယ်ပိုင်အိမ်ကို သန့်ရှင်းရေးပြုလုပ်သော စရိတ်မှာ ပြည်သူ့ဘဏ္ဍာငွေမှ တစ်လလျှင် ပျမ်းမျှ ဒေါ်လာ ၂၁၀၀ ကုန်ကျလျက်ရှိသည်။

နိုင်ငံတော်ဧည့်သည်များအားဧည့်ခံခဲ့ပြီးနောက် ထွက်ပေါ်လာသော အရက်ပုလင်းဟောင်းများကို တစ်ကျော့ပြန်အသုံးပြုရန် ရောင်းချရာမှ ရရှိငွေများမှာ ၎င်းတို့၏ အိပ်ကပ်အတွင်းသို့ ရောက်ရှိသွားသည်ဟု ဆိုကြသည်။

နေတန်ယာဟုသည် အစ္စရေးဝန်ကြီးချုပ်အဖြစ် လေးကြိမ်မြောက် တာဝန်ယူရန် မဲဆွယ်စည်းရုံးရေးပြုလုပ်နေစဉ် ၎င်း၏ နေအိမ်နှင့်ပတ်သက်၍ ယင်းသို့ စွပ်စွဲချက်များ ထွက်ပေါ်လာပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်းဖြစ်သည်။ **ရိုက်တာ။**

# ရုရှားတွင် ပြည်ထဲရေးအရာရှိ ၁၁၀၀၀၀ ကို ရာထူးမှ ထုတ်ပယ်

**မော်စကို ဇူလိုင် ၂၆**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ခြိုးခြံချွေတာရေး အစီအစဉ်အရ ပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိ ၁၁၀၀၀၀ ကို အလုပ်မှ ထုတ်ပယ်လိုက်ကြောင်း ယနေ့ သတင်းများတွင် ဖော်ပြသည်။

၎င်းဝန်ကြီးဌာနမှ စုစုပေါင်း ဝန်ထမ်းအင်အား၏ ၁၀ ရာခိုင်နှုန်းကို လျှော့ချမည်ဖြစ်ရာ အရာရှိအရေအတွက်ဦးရေကန့်သတ်သည့် အမိန့်ဒီကရီကို သမ္မတက လွန်ခဲ့သည့်ရက်သတ္တပတ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)၏ ထုတ်ပြန်ချက်တွင် ရုရှားနိုင်ငံ၏ စီးပွားရေးသည် ၂၀၁၅ ခုနှစ် ပထမသုံးလပတ်တွင် ၂ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းမည်ဖြစ်ကြောင်း၊ တစ်နှစ်လုံးအတွက် ၎င်းတို့ ခန့်မှန်းမှုမှာ ဂျီဒီပီ၏ ၃ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းမည်ဖြစ်ကြောင်း ဖော်ပြသည်။

ဤသို့ စီးပွားရေး ကျဆင်းမှုသည် ၂၀၁၆ ခုနှစ်အထိ ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ပြီး တစ်ရာခိုင်နှုန်းကျော် ကျဆင်းမည်ဟု ၎င်းတို့က မျှော်လင့်သည်ဟု ဆိုသည်။

ယင်းသို့ ကျဆင်းမှုကို ထေမိစေရန်အတွက် အစိုးရ အသုံးစရိတ် စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းနီးပါးကို ဖြတ်တောက်ရန် ကရင်မလင်က ကြိုးစားလျက်ရှိသည်။

သို့သော် အစိုးရ၏ ခြိုးခြံရေး အစီအစဉ်နှင့် အရာရှိ ၁၁၀၀၀၀ ကို အလုပ်မှ ထုတ်ပယ်ခြင်းတို့သည် နိုင်ငံ၏ စီးပွားရေးကို ပိုမိုဆိုးရွားစေမည်ဟု ကျွမ်းကျင်သူများက ဝေဖန်သည်။

ရေနံဈေးနှုန်း ကျဆင်းခြင်းနှင့် ယူကရိန်းပြဿနာတွင် ပူတင်က ဝင်ရောက်စွက်ဖက်ခြင်းကြောင့် အနောက်အုပ်စု၏ စီးပွားရေးဒဏ်ခတ်ခြင်း စသည့်အချက်နှစ်ရပ်ကြောင့် ရုရှားအစိုးရမှာ စီးပွားရေး ကျဆင်းမှုပြဿနာနှင့် ရင်ဆိုင်ရခြင်းဖြစ်သည်။

ရုရှားနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ဇွန်လတွင် ၅ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးလာခဲ့ပြီး ယမန်နှစ် ဇွန်လတွင် ၄ ဒသမ ၈ ရာခိုင်နှုန်းသာရှိသည်။ **ရိုက်တာ။**

# အမျိုးသမီးများ၏ လုပ်ငန်းခွင်အခြေအနေ ပိုမိုကောင်းမွန်အောင်ဖန်တီးပေးမည်ဟု အာဘေးကတိပြု

**တိုကျို ဇူလိုင် ၂၆**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဂျပန်နိုင်ငံတွင် အမျိုးသမီးများအတွက် လုပ်ငန်းခွင်အခြေအနေများ ပိုမိုကောင်းမွန်စေရန်နှင့် နယ်ပယ်ကဏ္ဍစုံတွင် တက်ကြွစွာပါဝင်လုပ်ဆောင်နိုင်စေရန်အတွက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားလိုကြောင်း ပြောကြားသည်။

တိုကျိုမြို့တော်တွင် တနင်္ဂနွေနေ့ကကျင်းပသည့် အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များ၏ နိုင်ငံတကာအစည်းအဝေးတွင် ရှင်ဇိုအာဘေးက လုပ်ငန်းခွင်အတော်များများတွင် အလုပ်ချိန်များပြားခြင်းသည် အမျိုးသမီးများအတွက် စိတ်အနှောင့်အယှက်ဖြစ်နေရသည်ဟု ဆိုသည်။

အလုပ်ကို စိတ်ပါဝင်စားစွာလုပ်ကိုင်စေခြင်းနှင့် အလုပ်ချိန်ပြင်ပတွင် တန်ဖိုးရှိသည့် ကိုယ်ပိုင်အချိန်များကို ပြည့်ပြည့်ဝဝအသုံးချခြင်းများသည် မဖြစ်မနေဖန်တီးပေးရမည့် နည်းလမ်းများဖြစ်ကြောင်းနှင့် အလုပ်လုပ်ချိန်ကိုလျှော့ချခြင်းသည် ဂျပန်နိုင်ငံ၏ လျော့နည်းလာနေသည့် လူဦးရေပြဿနာကိုဖြေရှင်းရာတွင် အထောက်အကူပြုစေမည်ဖြစ်သည်ဟု အာဘေးက ပြောကြားသည်။

လူ့အဖွဲ့အစည်းတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် ပိုမိုတိုးတက်လာလျက်ရှိပြီး လာမည့်နှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် ဂျီ(၇)ထိပ်သီးအစည်းအဝေးတွင် အဓိကထားဆွေးနွေးရမည့် ခေါင်းစဉ်တစ်ခုဖြစ်လာမည်ဟု အာဘေးကဆက်လက်ပြောကြားသည်။ **အင်န်အိတ်ချ်ကေ။**



# ဂျပန်နိုင်ငံ တိုကျိုမြို့အနောက်ပိုင်းတွင် လေယာဉ်ငယ်တစ်စင်းပျက်ကျ လူသုံးဦးသေ၊ ငါးဦးဒဏ်ရာရ

**တိုကျို ဇူလိုင် ၂၆**

ဂျပန်နိုင်ငံ တိုကျိုမြို့အနောက်ဘက်ပိုင်းတွင် လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ လူသုံးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းတွင် လေယာဉ်မှူးအပါအဝင် လိုက်ပါစီးနင်းခဲ့သူ ငါးဦးပါသည့် အဆိုပါလေယာဉ်သည် တိုကျိုမြို့အနောက်ဘက်ပိုင်းရှိ ချိုဖူးမြို့အနီး ဆင်ခြေဖုံးရပ်ကွက်တစ်နေရာတွင် ပျက်ကျခဲ့သည်။

လေယာဉ်ပျက်ကျခဲ့မှုကြောင့် အိမ်ငါးလုံးနှင့်ကားနှစ်စီးပျက်စီးခဲ့ကြောင်း တိုကျိုမီးသတ်ဌာနမှ တာဝန်ရှိသူများကဆိုသည်။ လေယာဉ်ပေါ်တွင် လိုက်ပါစီးနင်းခဲ့သူ နှစ်ဦးသေဆုံးခဲ့ပြီး ကျန်သုံးဦးမှာ ပြင်းထန်စွာထိခိုက်ဒဏ်ရာရရှိခဲ့သည်။ လေယာဉ်ပျက်ကျမှုကြောင့် ပျက်စီးသွားသည့်အိမ်မှ အမျိုးသမီးတစ်ဦးသေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

# နိုင်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်းတွင် အသေခံပုံးခွဲမှု လူ ၁၅ ဦးသေဆုံး

**အဘူဂျာ(နိုင်ဂျီးရီးယား) ဇူလိုင် ၂၆**

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဒါမာတူရူမြို့၏ လူစည်ကားသောဈေးတစ်နေရာတွင် အမျိုးသမီးတစ်ဦး အသေခံပုံးခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံးလူ၁၅ ဦးသေဆုံးပြီး လူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ ရဲအရာရှိတစ်ဦးကဆိုသည်။

အသေခံပုံးခွဲတိုက်ခိုက်မှုကို မည်သည့်စစ်သွေးကြွအဖွဲ့မှ လုပ်ဆောင်သည်ကိုမသိရသေးပေ။ ပုံးပေါက်ကွဲမှုမှာ ယနေ့နံနက် ၉နာရီခွဲအချိန်တွင် ဖြစ်ပွားခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးကဆိုသည်။ ယင်းပေါက်ကွဲမှုသည် ဘိုကိုဟာရမ်စစ်သွေးကြွများ၏ ယခုရက်သတ္တပတ်အတွင်းလုပ်ဆောင်ခဲ့သည့် အကြမ်းဖက်မှုများအနက် နောက်ဆုံးဖြစ်ရပ်ဟု ထင်ကြေးပေးကြသည်။

"ခုချိန်ထိ လူ ၁၅ ဦးသေဆုံးသွားပြီ။ ဒဏ်ရာရရှိသူတွေကို ဆေးရုံကို ပို့ဆောင်ပေးနေပါတယ်"ဟု ရဲအရာရှိတစ်ဦးကဆိုသည်။ လူ ၅၀ ဝန်းကျင် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများကဆိုသည်။

အဆိုပါပုံးပေါက်ကွဲမှုမဖြစ်ပွားမီ ခြောက်ရက်အကြာက ဒါမာတူရူမြို့ ဝင်ပေါက်စစ်ဆေးရေးဂိတ်တစ်ခုတွင် အသေခံပုံးခွဲမှုကြောင့် ရဲအရာရှိသုံးဦး သေဆုံးခဲ့သည်။ ယင်းအပြင် ယခုလအစောပိုင်းက ဒါမာတူရူမြို့တွင် အမျိုးသမီးတစ်ဦး၏ အသေခံပုံးခွဲတိုက်ခိုက်မှုကြောင့် လူကိုးဦးသေဆုံးခဲ့သည်။

ယမန်နှစ်ကုန်ပိုင်းက ဘိုကိုဟာရမ်စစ်သွေးကြွများသိမ်းပိုက်ထားသည့် ဒေသကို နိုင်ဂျီးရီးယားတပ်ဖွဲ့က အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ချဒ်၊ နိုင်ဂျာနှင့် ကင်မရွန်းတပ်ဖွဲ့များ၏ အကူအညီဖြင့် ပြန်လည်ရယူနိုင်ခဲ့သည်။ ထိုအချိန်မှစပြီး ဘိုကိုဟာရမ်စစ်သွေးကြွများက နိုင်ဂျီးရီးယား မြောက်ပိုင်းနှင့်အိမ်နီးချင်း နိုင်ငံများတွင် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

**ရိုက်တာ။**

**အားကစား**

# ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ
## စတုတ္ထနေ့ ပွဲစဉ် (မန္တလေး) တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲဆက်လက်ကျင်းပ

**ရန်ကုန်  ဇူလိုင်  ၂၆**

ကမ္ဘောဇဘဏ်လီမိတက်မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ် (မန္တလေး)၏တတိယနေ့ ပွဲစဉ်များကို ဇူလိုင် ၂၅ ရက် နံနက်က မန္တလေးမြို့ရှိ ရေတံခွန်တောင်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတတိယနေ့ (၁၈)ကျင်းအပြီးတွင် Professional အဆင့်ပြိုင်ပွဲ၌ သိန်းဇော်မြင့် (Minzuno) က သတ်မှတ်ရိုက်ချက်ထက် ၁၁ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၀၅ ချက်ဖြင့်ပထမ၊ ဇော်ဇော်လတ် (HAN Golf Academy) က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၀၉ ချက်ဖြင့် ဒုတိယ၊ ဇော်ဇင်ဝင်း (HAN Golf Academy)က သတ်မှတ်ရိုက်ချက်ထက် (၄)ချက် လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၂ ချက်ဖြင့် တတိယလိုက်နေသည်။

အပျော်တမ်းအဆင့်ပြိုင်ပွဲတွင် မျိုးဇော်အောင်က စုစုပေါင်းရိုက်ချက် ၂၂၀ ချက်ဖြင့်ပထမ၊ မောင်မဲက စုစုပေါင်းရိုက်ချက် ၂၂၂ ချက်ဖြင့် ဒုတိယ၊ လှိုင်မင်းထက်ကစုစုပေါင်းရိုက်ချက် ၂၂၃ ချက်ဖြင့် တတိယရရှိကာ အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မေဦးခိုင်က စုစုပေါင်းရိုက်ချက် ၁၅၀ ဖြင့်ပထမ၊ ခင်မာနွယ်က စုစုပေါင်း ရိုက်ချက် ၁၅၅ ချက်ဖြင့် ဒုတိယ၊ ယဉ်မေမျိုးက စုစုပေါင်း ရိုက်ချက် ၁၆၂ ချက်ဖြင့် တတိယလိုက်နေကြသည်။

**ဖိုးသော်ဇင်**



# မကွေးဇုန်တက္ကသိုလ် ဒီဂရီကောလိပ်ပေါင်းစုံ ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲဆုပေးပွဲကျင်းပ

**မကွေး  ဇူလိုင်  ၂၆**

၂၀၁၄-၁၅ ပညာသင်နှစ် မကွေးဇုန်တက္ကသိုလ် ဒီဂရီကောလိပ်ပေါင်းစုံ ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့ပြီး ဆုချီးမြှင့်ပွဲကို မကွေးတက္ကသိုလ် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မကွေးတက္ကသိုလ်၊ မကွေးပညာရေးကောလိပ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်၊ ပခုက္ကူတက္ကသိုလ်နှင့် ရေနံချောင်းဒီဂရီကောလိပ်တို့ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဗိုလ်လုပွဲတွင် မကွေးတက္ကသိုလ်အသင်းနှင့် ပခုက္ကူတက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပခုက္ကူတက္ကသိုလ်အသင်းက အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကျင်းပရာ ပထမဆုရရှိသော ပခုက္ကူအသင်းအား မကွေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအေးကျော်က ပထမတံခွန်စိုက်ဆုဖလားအားချီးမြှင့်ပေးခဲ့ပြီး ဒုတိယဆုရရှိသော မကွေးတက္ကသိုလ်အသင်းနှင့် နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများကို ဒုတိယပါမောက္ခ ဒေါက်တာသက်လွင်က ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ညီညီမောင် (မကွေး)**

# ဒီဂီယာလက်စွမ်းပြခဲ့ပြီး ဘာစီလိုနာအားမန်ယူအနိုင်ကစား



အမေရိကန်ပြည်ထောင်စုတွင် ရာသီကြိုခြေစမ်းပွဲ၌ ရှုံးပွဲမရှိကစားထားသော မန်ယူအသင်းက ဥရောပချန်ပီယံ ဘာစီလိုနာအသင်းအား သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ယူပြီး ချန်ပီယံခြေစွမ်းပြသနိုင်ခဲ့သည်။ ယခုပွဲ၏ အဓိကအဆုံးအဖြတ်မှာ မန်ယူဂိုးသမားဒီဂီယာဖြစ်ခဲ့ပြီး ဥရောပထိပ်တန်းအသင်းကြီးများက ဘာကြောင့်အလိုရှိနေသည်ဆိုသည့် သူ၏တန်ဖိုးအစစ်အမှန်ကိုပြသခဲ့သည်။

အဆိုပါပွဲ၏ အဖွင့်ဂိုးကို ပွဲချိန်၈မိနစ်တွင် တိုက်စစ်မှူးရွန်းနီကသွင်းယူခဲ့ပြီး လူစားဝင်ကစားသမားလင်းဂတ်နှင့် ဂျာနူဇက်တို့က ပွဲချိန် ၆၅မိနစ်နှင့် နာကျင်အချိန်ပို ၂ မိနစ်တို့တွင် ဒုတိယနှင့် တတိယဂိုးများကို အသီးသီးသွင်းယူပေးခဲ့ကြသည်။ ဘာစီလိုနာအတွက် တစ်လုံးတည်းသောချေပဂိုးကို ရီဖင်းနားက မိနစ် ၉၀၌ သွင်းယူပေးခဲ့သည်။

ရီးယဲလ်အသင်းကအလိုရှိနေသော ဂိုးသမားဒီဂီယာအနေဖြင့် ယခုပွဲတွင် အကောင်းဆုံးလက်စွမ်းပြခဲ့သလို ဗန်ပါစီထွက်ခွာသွားသည့် မန်ယူ၏တိုက်စစ်ကွက်လပ်အား ရွန်းနီက အကောင်းဆုံးထိန်းကျောင်းပေးနိုင်ခဲ့သည်။ ယခုပွဲတွင် မန်ယူ၏တောင်ပံတိုက်စစ်မှူး ဒီမာရီယာဝင်ရောက်ကစားခြင်း မရှိသဖြင့် ယင်းကိစ္စရပ်မှာ ပြင်သစ်ကလပ်ပီအက်စ်ဂျီသို့ပြောင်းရွှေ့မည့်အလားအလာကို ပိုမိုထင်ရှားစေသည်။

မန်ယူသည် ဘာစီလိုနာအား မိုက်ကယ်အိုဝင်၏သွင်းဂိုးများဖြင့်၂၀၁၁ရာသီကြိုခြေစမ်းပွဲ၌လည်း အနိုင်ရရှိခဲ့ပြီး ဘာစီလိုနာ၏ ၄-၃-၃ ကစားကွက်၌ တိုက်စစ်အား ဆွာရက်ဇ်၊ ရီဖင်းနားနှင့် ပက်ဒရိုတို့ကဦးဆောင်ကာ တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း မန်ယူဂိုးသမားဒီဂီယာလက်စွမ်းပြနေ၍ တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။

မန်ယူအနေဖြင့် ၄-၂-၃-၁ ကစားကွက်အားအသုံးပြုခဲ့ပြီး ယင်းကစားကွက်ကိုသာ လာမည့်ဘောလုံးရာသီ၌ အသုံးပြုသွားဖွယ်ရှိသည်။ မန်ယူသည် ဩဂုတ်၈ရက်၌ ပရီမီယာလိဂ်ရာသီအဖွင့်ပွဲစဉ်အဖြစ် စပါးအသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**မေလှဲ့သင်း**

# ဖာပွန်မြို့၌ မီနီမာရသွန်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ဖာပွန်  ဇူလိုင်  ၂၆**

မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက ကျင်းပသောအမျိုးသား၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၆ နာရီတွင် ဖာပွန်မြို့မ ရွှေကျောင်းရှေ့တွင် ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ ကရင်ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ခရိုင်/မြို့နယ်အဆင့်ဝန်ထမ်းများ၊ မြို့နယ်အား/ကာဝန်ထမ်းများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးမီနီမာရသွန်ပြိုင်ပွဲဝင်များအား မြို့မရွှေကျောင်းရှေ့မှစတင်တာလွှတ်ကာ လေယာဉ်ကွင်းနှင့် မဲသလွတ်ကျေးရွာ၊ ထိုမှတစ်ဖန် မြို့မရွှေကျောင်းသို့ ပြန်လည်ပန်းဝင်ခဲ့သည်။

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ အမျိုးသားမီနီမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးလွင်ကလည်းကောင်း၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုခရိုင်အုပ်ချုပ်ရေးမှူးဦးဆန်းဦးကလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို ချီးမြှင့်ပြီး နှစ်သိမ့်ဆုရရှိသူများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်**

# ဘာစီလိုနာကစားသမား ပက်ဒရိုအားခေါ်ယူရန် မန်ယူသဘောတူညီမှုရရှိ

အင်္ဂလန်ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် လာမည့်ဘောလုံးရာသီတွင် အသင်း၏တိုက်စစ်ကိုအားဖြည့်ရန်အတွက် ဘာစီလိုနာအသင်း၏ စပိန်ကွင်းလယ်ကစားသမား ပက်ဒရိုအား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်းသိရသည်။

မန်ယူအသင်းမှာ ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း မြင့်မားသည့်ပြောင်းရွှေ့ကြေးသုံးစွဲ၍ အရည်အသွေးမြင့်ကစားသမားများကို မဖြစ်မနေ ခေါ်ယူအားဖြည့်ရန်ပြင်ဆင်နေခြင်းဖြစ်ပြီး ကွင်းလယ်တောင်ပံနေရာတွင်သာမက တိုက်စစ်တွင်ပါကစားနိုင်သည့် ပက်ဒရိုအား စာချုပ်ချုပ်ဆိုရန် အကြိုသဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ပက်ဒရိုမှာ ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာအသင်းတွင် ပုံမှန်နေရာပျောက်ဆုံးခဲ့သူဖြစ်ပြီး လူးဝစ်အင်းနရစ်လက်အောက်တွင် အရန်ကစားသမားအဖြစ် ပွဲအနည်းငယ်သာ ပါဝင်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ပက်ဒရိုအနေဖြင့် ဘာစီလိုနာအသင်းတွင် မပျော်မရွှင်ဖြစ်နေကြောင်း သတင်းများထွက်ပေါ်နေပြီး လာမည့်ဘောလုံးရာသီတွင် အင်္ဂလန်မြေသို့ခြေချရန် စိတ်စဉ်လျက်ရှိကြောင်း စပိန်မီဒီယာများကဖော်ပြခဲ့ကြသည်။

လက်ရှိအချိန်တွင် ပက်ဒရိုအား ပရီမီယာလိဂ်ကလပ်များဖြစ်ကြသည့် အာဆင်နယ်၊ ချယ်လ်ဆီးနှင့် စပါးတို့ကခေါ်ယူရန် ပြီးခဲ့သည့်ရက်က ထိပ်ဆုံးမှရေပန်းစားခဲ့သော်လည်း မန်ယူအသင်းကပါ ၎င်းအားပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ပက်ဒရိုမှာ မန်ယူအသင်းသို့ပြောင်းရွှေ့ရန် အကြိုသဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း ဗြိတိန်သတင်းစာ၌ ဖော်ပြခဲ့သလို ဗန်ဟားလ်အနေဖြင့် ၎င်းအတွက် ပေါင်သန်း ၂၀ ကျော်သုံးစွဲရန် အသင့်ရှိနေကြောင်းသိရသည်။

မန်ယူအသင်း၏ တာဝန်ရှိသူများအနေဖြင့် ပက်ဒရိုအတွက် လာမည့်ရက်အနည်းငယ်အတွင်း ဘာစီလိုနာအသင်းနှင့် ဆွေးနွေးမှုများ စတင်လုပ်ဆောင်သွားဖွယ်ရှိနေပြီး အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုဖြစ်ခဲ့ပါက တစ်ပတ်လုပ်ခ ပေါင်တစ်သိန်းဝန်းကျင်ပေးချေရန် ပြင်ဆင်နေကြောင်းသိရသည်။ အသက် (၂၇) နှစ်အရွယ်ရှိ စပိန်လက်ရွေးစင် ကွင်းလယ်ကစားသမားပက်ဒရိုမှာ ဘာစီလိုနာအသင်း၏ လာမာစီယာအကယ်ဒမီမှပေါ်ထွက်လာခဲ့သည့် ကစားသမားဖြစ်ပြီး ၂၀၀၈ ခုနှစ်မှစတင်ကာ အသင်းကြီးတွင်ပါဝင်ပွဲထွက်ခွင့်ရရှိခဲ့သလိုအသင်းအတွက် ပွဲပေါင်း ၂၀၀ ကျော်အထိပါဝင်ကစားပေးခဲ့သူဖြစ်ကြောင်းသိရသည်။

**ကိုရဲ**

# တောင်ကြီးဇုန်တက္ကသိုလ်များ (အမျိုးသား)ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး  ဇူလိုင်  ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တောင်ကြီးဇုန်တက္ကသိုလ်များ (အမျိုးသား)ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၅ ရက် ညနေ ၃ နာရီက တောင်ကြီးတက္ကသိုလ် မိုးလုံလေလုံအားကစားခန်းမ ၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲစဉ်အဖြစ် တောင်ကြီးတက္ကသိုလ်နှင့် လွိုင်ကော်တက္ကသိုလ် ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ကြီးတက္ကသိုလ်အသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

ပထမဆုရရှိသော တောင်ကြီးတက္ကသိုလ်အမျိုးသားဘော်လီဘောအသင်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဆုငွေ၊ ဂုဏ်ပြုဆုတံဆိပ်များနှင့် တံခွန်စိုက်ဖလားကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရသည်။

**စိုင်းသန်းကျော် (တောင်ကြီး)**

# မြို့နယ်အဆင့် အခြေခံပညာကျောင်းများမှ မျိုးဆက်သစ်အားကစားသမားသစ်များရွေးချယ်

**မြင်းခြံ  ဇူလိုင်  ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အခြေခံပညာအထက်တန်းကျောင်းအမှတ်(၁)တွင် မြို့နယ်အဆင့်အခြေခံပညာကျောင်းများမှ မျိုးဆက်သစ်အားကစားသမားသစ်များ လူရွေးချယ်ပွဲကို မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက ပူးပေါင်းရွေးချယ်သည်။

နောင်တစ်ခေတ် မြန်မာအားကစားအတွက် သွေးသစ်အားကစားသမားများကို အခြေခံပညာကျောင်းများမှ သက်ဆိုင်ရာအားကစားနည်းထူးချွန်ကစားသမားများ၊ အရည်အချင်းပြည့်ဝသည့် ပါရမီရှင်ကစားသမားများကို ရွေးချယ်သွားမည်ဖြစ်ကြောင်း ကစားသမားရွေးချယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# သိန်းပေါင်း ငါးသောင်းကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားရိုက်စက်နှင့် မူးယစ်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ



**တာချီလိတ် ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စီမံချက်(မဲခေါင်စစ်ဆင်ရေး-၂)အား အရှိန်အဟုန်မြှင့်တင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၅ ရက် နံနက် ၄ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၁၀၄)နေပြည်တော်မှ ရဲမှူးခင်မောင်သိန်း ဦးစီးအဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၁၀)တာချီလိတ်မှ ဒုရဲမှူးသိန်းရွှေ ဦးစီးအဖွဲ့၊ နယ်မြေခံတပ်နယ်မှ တပ်ဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု မလိပါကော်ကျေးရွာ အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာရှိ ဖားဖာ(ကျား)၏ ရော်ဘာခြံအား မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းအရရှာဖွေရာ ဖားဖာနှင့်အတူ ဂမ်ရှိန်တို့နှစ်ဦးအား ရော်ဘာခြံအတွင်းရှိ လျှိုအတွင်း ဆောက်လုပ်ထားသည့် နေအိမ်တဲ၌ တွေ့ရှိရပြီး တဲအတွင်းမှ အစိမ်းရောင်စိတ်ကြွဆေးပြား ၁၈၁၀၀၀၊ အဖြူရောင်စိတ်ကြွဆေးပြား အကြေမှုန့်အလေးချိန် ဂရမ် ၉၂၀၊ ပန်းရောင်စိတ်ကြွဆေးပြား အလေးချိန် ၈၇ ဒသမ ၅ ကီလို၊ ကဖင်းအဖြူရောင်အမှုန့် အလေးချိန် ရှစ်ကီလို၊ မက်အက်ဖီတမင်း(အိုက်စ်) အဖြူရောင်ပုံဆောင်ခဲအလေးချိန် ကိုးကီလို၊အညိုရောင်အမှုန့် (စိစစ်ဆဲ) အလေးချိန် လေးကီလို၊ အဝါရောင်ဖယောင်းခဲ အလေးချိန် ကိုးကီလို၊ ကော်မှုန့်အလေးချိန် ကိုးကီလို၊ အရောင်ဆိုးဆေးမှုန့် အလေးချိန် လေးကီလို၊ ခဲရောင်အနံ့မှုန့် သုံးကီလို၊ အနံ့ဆေးရည် ၁၀၀၀ မီလီလစ်တာစီပါ ၁၈ ပုလင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့်အိတ်များ၊ အလျား ၁၅ လက်မ၊ အနံ ၁၅ လက်မ၊ အမြင့် ၃၅ လက်မခန့်ရှိ မှိုကိုးချောင်းပါရှိသည့် ဆေးပြားရိုက်စက်တစ်စုံ၊ Tiger 4 W မော်တော်ယာဉ်တစ်စီး၊ Wave I ဆိုင်ကယ်တစ်စီး၊ တူမီးသေနတ်တစ်လက်တို့ကို သိမ်းဆည်းရမိသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ရော်ဘာခြံအပေါ်ဘက်တွင် ဆောက်လုပ်ထားသော နေအိမ်တဲအား ရှာဖွေရာ ဖားဖာနှင့်အတူ မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသူအားထူအားတွေ့ရှိပြီး နေအိမ်တဲအတွင်း၌ ကဖင်းအဖြူရောင်အမှုန့် အလေးချိန် ၂၅ ကီလိုပါ ခုနစ်အိတ်၊ အလေးချိန် ၃၅ ကီလိုပါ တစ်အိတ်နှင့် အလေးချိန် ကီလို ၃၀ ပါ တစ်အိတ် စုစုပေါင်းအလေးချိန် ကီလို ၂၄၀၊ ပန်းရောင်စိတ်ကြွဆေးမှုန့် အလေးချိန် ၅ ဒသမ ၅ ကီလိုပါ တစ်ထုပ်၊ဘိန်းဖြူအမှုန့်အလေးချိန် ၁၆ ဂရမ်ပါ တစ်ထုပ်၊ ပန်းရောင်စိတ်ကြွဆေးပြား ၄၈၀၀ တို့ကို ထပ်မံသိမ်းဆည်းရမိသည်။

ပူးပေါင်းအဖွဲ့သည် မလိပါကော်ရွာရှိ ဖားဖာ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးထုပ်ပိုးရာတွင် အသုံးပြုသည်ဟု ယူဆရသော ၉၉၉ တံဆိပ်ပါ ရော်ဘာတံဆိပ်တုံးတစ်တုံးနှင့် ဆက်စပ်ပစ္စည်းများကိုလည်း သိမ်းဆည်းခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသော ဖားဖာ (၃၉)နှစ်၊ အားထူ (၄၀)နှစ်၊ မလိပါကော် မိုင်းကိုးအုပ်စု တာချီလိတ်မြို့နယ်နေသူတို့နှစ်ဦးနှင့် ဂမ်ရှိန်(၃၂)နှစ် ဟွေကရွာ မိုင်းဆတ်မြို့နယ်နေသူတို့အား တာချီလိတ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မော်ကြီး(ကြိုဂံနယ်မြေ)**

ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၃၅/၉၈)
သင်တန်းဆင်းသူငယ်ချင်းများသို့
ဒုရဲအုပ်လောင်းသင်တန်းစဉ်အမှတ်စဉ် ၃၅
သင်တန်းဆင်းသူငယ်ချင်းများတွေ့ဆုံပွဲကို
၃၀.၇.၂၀၁၅ ရက်နေ့၌ ရန်ကုန်မြို့တွင် ပြုလုပ်သွားမည်ဖြစ်သဖြင့်
အနယ်နယ်အရပ်ရပ်မှ သူငယ်ချင်းများ တက်ရောက်နိုင်ရေးအတွက်
အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ကြပါရန် အသိပေးအပ်ပါသည်--
ဆက်သွယ်ရန်
ဒုရဲမှူး ကိုကိုကြီး ၀၉၄၉၃၁၁၂၁၁
ရဲအုပ် လှမြင့် ၀၉၄၄၈၀၀၄၆၅၈
ရဲအုပ် မင်းဟန် ၀၉၂၅၂၄၂၆၃၂၆

ဦးအောင်ဟိန်းကျော်
ဈေးပြော၊ဘာသာပြန် စာအုပ်(လုံးဝ)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော သင်တန်း
▪နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
●အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ●ရေးနည်း(Pre.,Vol:1,2,3)
ဆရာ ဖြစ်အင်္ဂလိပ်စာ (Ceritificate/Diploma)နှင့်ပြီ
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်
•392468 09517184 1

## အချစ်သစ်ပင်

၂၆-၇-၁၉၈၀ ရက်စိုက်ပျိုးသည်

* ဒို့တွေစိုက်ထား၊ သုံးဆယ့်ငါးနှစ်
အချစ်သစ်ပင်၊ နုပျိုလွင်လျက်
ခက်လက်ဝေဖြာ၊ ရိပ်ဆာယာတွင်
လွင်လွင်ဖူးငုံ၊ ပွင့်ရောင်စုံတို့
ပျံ့ထုံသင်းလှိုင်၊ မွှေးကြိုင်ကြိုင်။

* အခိုင်အသီး၊ သားသမီးနှင့်
ဆင့်သက်ပွားဝေ၊ မြေးမြစ်ဆွေတို့
ရစ်ခွေဖွဲ့နှောင်၊ ဤလူ့ဘောင်တွင်
မေတ္တာဆောင်ကြ၊ ကြင်နာမျှသော်
သိင်္ဂါရနှလုံး၊ ရွှင်ပြုံးပြုံး။

* ပင်လုံးကြိုင်လျှမ်း၊ အချစ်ပန်းတို့
လန်းလန်းဝေဖြာ၊ အေးရိပ်သာ၌
မေတ္တာအားပြု၊ မိသားစုဖြစ်
ချစ်၍ချစ်ခါ၊ ချစ်ကမ္ဘာသည်
ခိုင်မာပကတိ၊ ယနေ့ထိတိုင်
မယိုင်မလဲ၊ ရှေ့လက်တွဲ
ဘဝဆက်ဆက်၊ ဘယ်မခွဲ
ချစ်ရည်တူမျှ၊ စွဲစွဲမြဲ

## ရေတာရှည်မြို့နယ် အမြန်လမ်းပိုင်းတွင် ယာဉ်တိုက်မှုဖြစ်



**ရေတာရှည် ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်းတွင် ဇူလိုင်၂၄ရက်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ ညနေ ၄ နာရီခန့်က နေပြည်တော်-ရန်ကုန် အစုန်လမ်းအတိုင်း ကြည်ထွန်းဝင်း(၅၉)နှစ် ဒက္ခိဏသီရိမြို့နယ်နေသူမောင်းနှင်လာသော 8J/-----မိုက်ခရိုဘတ်ယာဉ်သည် မိုင်တိုင်အမှတ် (၁၆၉/၁-၂)တွင် အရှိန်လွန်ပြီး လမ်းလယ်ကျွန်းပေါ်ဖြတ်ကျော်ကာ တစ်ဖက်ယာဉ်ကြောကို ရောက်ရှိသွားပြီး အဆန်လမ်းအတိုင်း သိန်းနိုင်(၄၉)နှစ် စမ်းချောင်းမြို့နယ် ရန်ကုန်မြို့နေသူ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် အမျိုးသားတစ်ဦး၊ အမျိုးသမီးနှစ်ဦး လိုက်ပါလာသော BB/---- ဟွန်ဒိုင်းယာဉ်နှင့်တိုက်မိပြီး တိမ်းမှောက်ခဲ့သည်။

ယာဉ်တိုက်မှုကြောင့် နှစ်ဖက်ယာဉ်မောင်းနှင်သူများနှင့် လိုက်ပါလာသူများ ဒဏ်ရာများရရှိပြီး ဖြစ်စဉ်အား သာဂရအမြန်လမ်းရဲစခန်းက အမှုဖွင့်အရေး ယူထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

တရုတ် ENGLISH Conversation Practice
စကားပြောရုံပဲဆိုရင် Sayar.Yang
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ပြောလိုပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182

(တရုတ်)
ကိုယ်တိုင်သင်ကြား၊စီစဉ်သည်
၁၀-တန်း(တက္ကသိုလ်ဝင်တန်း)
အနီးကပ်အထူးတန်းခွဲ(အသစ်)
ကျောင်းအပ်လက်ခံပြီ
အဆင့်မြင့် စာသင်-စာကျက်ဝိုင်းနှင့်ဘော်ဒါ
အမှတ်/၆၃-အေ(၃-လွှာ)၊စမ်းချောင်းလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉-၇၃၀၃၂၉၃၁၊ ၀၉-၅၀၇၀၁၅၀

ပုဂံဒေသရှိသဲယာတော်များအား
ဇူလိုင်(၂၉)ရက်နေ့ထွက်မည်။
(ကြိုတင်လက်မှတ်ရောင်းပြီ)
ဝါဆို
သင်္ကန်းနှင့်ဆွမ်းဆန်စိမ်း
ဓါးနဝင်း
နှင့်
ရောင်းရင်းများ
၂၂၉၊ပန်းဆိုးတန်း(အပေါ်လမ်း)။ ဖုန်း-01-249871,255553,095137245,5122511

## တရားမဝင်လောင်စာဆီ ရောင်းချသူအား အရေးယူ




**မြင်းမူ ဇူလိုင် ၂၆**

မြင်းမူမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးနှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၄ ရက် နံနက် ၁၁ နာရီခန့်က တရားမဝင်စက်သုံးဆီ ရောင်းချနေကြောင်း သတင်းအရ ပျော့ရွာကျေးရွာ မုံရွာ-မန္တလေး ကားလမ်းဘေးရှိ ဦးမြင့်သိန်း ပိုင်ဈေးဆိုင်အား ဝင်ရောက်ရှာဖွေရာ ၄၅ ဂါလန်ခန့်ပါ ဓာတ်ဆီတစ်ပီပါ၊ ၄၅ ဂါလန်ခန့်ပါ ဒီဇယ်တစ်ပီပါ၊ ဂါလန် ၂၀ ခန့်ပါ ဒီဇယ်တစ်ပီပါ၊ ပီပါခွံ ငါးလုံး၊ တစ်ဂါလန်ဆံ့ ချိန်ခွက်နှစ်ခွက်၊ ဂါလန်ခွက် တစ်ခွက်၊ ဆီပီပါဖွင့်ရာတွင် အသုံးပြုသည့် ဂေါက်တံတစ်ချောင်းနှင့် ဆီထည့်ရာတွင် အသုံးပြုသည့် ပိုက်ပါဆီထည့်လက်လှည့်ကိရိယာတစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင် လောင်စာဆီ ရောင်းချသူ ဦးမြင့်သိန်းအား မြင်းမူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၆၂၄)**

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်လူသစ်
ဘဝသစ်

# ပရဟိတစိတ်ထားနှင့် လူ့တန်ဖိုး

**à** ပိုးစံ

ဇွန်လ ၆ ရက်နေ့က ကျွန်မတို့ကုမ္ပဏီမှမိသားစုများအားလုံး ပဲခူးအဝင် အင်းတကော်အနီးမှ ကျောက်တန်းရွာလေးရှိ ဝေဠုဝန်စာသင်တိုက်(ပန်းပျိုးလက်ပရဟိတကျောင်း)သို့ ရောက်ရှိခဲ့ပါသည်။ ပန်းပျိုးလက်ဆရာတော်ဒေါက်တာအရှင် ပညောဘာသသည် မိဘမဲ့ကလေးများနှင့် အနီးရှိရွာမှ ကလေးများကို စာသင်ကျောင်းဖွင့်လှစ်၍ ၂၀၀၄ ခုနှစ်မှစတင်သင်ကြားပေးခဲ့ရာ ယခုဆိုလျှင် စုစုပေါင်းကျောင်းသားဦးရေ ၅၀၀ ခန့်ရှိနေပါပြီ။ ဆရာတော်သည် ပညာဉာဏ် မျက်စိအလင်းရရေး(စာမတတ်သူပပျောက်ရေး)၊ ဗုဒ္ဓအဆုံး အမနှင့် ရင်းနှီးထိတွေ့ပြီး ယဉ်ကျေးသိမ်မွေ့ကာ တည်ငြိမ်အေးချမ်းသောလူ့ဘောင်ကို လျှောက်လှမ်းနိုင်ရေး၊ လူ့တန်ဖိုးနှင့် ကျေးဇူးတရားကို နားလည်သဘောပေါက်စေရေး၊ သာသနာ့အာဇာနည်မျိုးဆက်သစ်များ ပေါ်ထွန်းလာစေရေး၊ နိုင်ငံအကျိုးပြုသားကောင်းသမီးကောင်းများ မွေးထုတ်ပေးနိုင်ရေး ဟူသော ဦးတည်ချက် ငါးရပ်ဖြင့် အခက်အခဲများကြားမှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ထူထောင်ဖွင့်လှစ်ခဲ့သည်ဟု သိခဲ့ရပါသည်။

ထိုသို့ မွန်မြတ်သောရည်မှန်းချက်များနှင့် မြတ်စေတနာ၊ မြတ်သောဒါနတို့ကို ကျွန်မတို့သည် တစ်ဆင့်စကားတစ်ဆင့်နားဖြင့်ကြား၍ ဒါနစိတ်များနိုးကြားကာလှူဒါန်းလိုစိတ်ပေါ်ပေါက်လာပြီး သွားရောက်လှူဒါန်းကြရန် စီစဉ်ဖြစ်ခဲ့ခြင်းဖြစ်ပါသည်။ ရန်ကုန်မြို့ကြီးတွင် မွန်းကျပ်လာသော ကျွန်မတို့အဖွဲ့ တောသဘာဝတော အရိပ်မှာ အေးချမ်းစွာအိပ်စက်အနားယူခဲ့ရ၍ အားလုံးစိတ်လက်ပေါ့ပါးနေမိပါသည်။ နောက်နေ့ နံနက် အာရုံဆွမ်းကပ်မည်ဖြစ်၍ ကျွန်မတို့အဖွဲ့ နံနက် ၅ နာရီထိုးထ၍ပြင်ဆင်ကြပါသည်။ ဆွမ်းကပ်ရန်အတွက် ဆရာတော်၏ ဝေယျာဝစ္စအဖွဲ့ကအားလုံးအဆင်သင့်ပြင်ဆင်ပေးထားပြီး ကျွန်မတို့ဘာမျှလုပ်စရာမလိုပါ။ နံနက် ၆ နာရီတွင် အာရုံဆွမ်းကပ်ပြီး ကျွန်မတို့အဖွဲ့ကိုလည်း နံနက်စာပြင်ဆင်ကျွေးမွေးသည်။ ပြီးနောက် ဆရာတော်က ကျောင်းဝင်းထဲရှိစာသင်ဆောင်များနှင့် ဆောက်လုပ်ဆဲအဆောင်များကို လိုက်လံပြသ၍ ဆောင်ရွက်နေမှုများကို ရှင်းပြပါသည်။ ဆရာတော်၏ကျောင်းဝင်းအတွင်း သန့်ရှင်းသပ်ရပ်၍ သစ်ပင်ရိပ်များဖြင့် စိမ်းလန်း စိုပြည်နေသည့်မြင်ကွင်းမှာ စိတ်အေးချမ်းစရာကောင်းလှပါသည်။ နံနက် ၇ နာရီခွဲတွင် ကလေးများဦးရေ ၄၀၀ ခန့်ကို အာဟာရကျွေးမွေးရာတွင် ကိုယ်တိုင်လည်းပါဝင်ကူညီကျွေးမွေးခဲ့ ရ၍ ကြည်နူးပီတိဖြစ်ခဲ့ရပါသည်။

ထို့အပြင် ပန်းပျိုးလက်ပရဟိတကျောင်း၏ လုပ်ဆောင်ချက်များကိုလည်း တစေ့တစောင်း လေ့လာခွင့်ရရှိခဲ့ပါသည်။ ဤဝေဠုဝန်ဘုန်းတော်ကြီးသင်ပညာရေး ပရဟိတကျောင်းတွင် ဆရာတော်ဒေါက်တာ အရှင်ပညောဘာသ(ပန်းပျိုးလက်)ဦးဆောင်၍ မရှိနွမ်းပါးသော ကလေးသူငယ် ၅၀၀ ခန့်အား ပညာသင်ကြားပေးနေခြင်း၊ ဆယ်တန်းအောင်နှင့် ဘွဲ့ရလူငယ်များအား ကွန်ပျူတာနှင့် ဘာသာရေးသင်တန်းများ၊ လူငယ်ဖွံ့ဖြိုးမှုသင်တန်းများ သင်ကြားပေးနေခြင်း၊ စာနာသူ နာရေးကူညီမှုအသင်းကို ဖွဲ့စည်းထားရှိခြင်း၊ မီးသင်္ဂြိုဟ်စက်တည်ဆောက်၍ ဈာပနကိစ္စများအား ဆောင်ရွက်ပေးနေခြင်း၊ မျိုးဆက်သစ် အလင်းရောင်စာကြည့်တိုက်ကို ဖွင့်လှစ်ထားရှိခြင်း၊ ကျေးလက်လမ်းမကြီးဖောက်လုပ်ပြုပြင်ထိန်းသိမ်းခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းစနစ်များ သင်ကြားပို့ချပေးခြင်း၊ ၁၆ ဧကရှိ ရုက္ခဗေဒနှင့် ငြိမ်းချမ်းရေးဥယျာဉ် တည်ဆောက်ထိန်းသိမ်းနေခြင်း၊ သဘာဝမြေဩဇာနှင့် စိုက်ပျိုးရေးနည်းစနစ်များ လက်တွေ့သင်ကြားပို့ချ စိုက်ပျိုးနေခြင်း၊ အခမဲ့ အာယုဒါန ဆေးခန်း ဖွင့်လှစ်ထားရှိပေးခြင်းတို့ကို မျက်ဝါးထင်ထင်တွေ့မြင်ခွင့်ရရှိခဲ့ဖြင့် ဆရာတော်၏ ထူးခြားမွန်မြတ်လှသော ပရဟိတလုပ်ငန်းများကို များစွာလေးစားဂုဏ်ယူအားကျမိခဲ့ပါသည်။

ဆရာတော်ရဲ့စိတ်ထားနဲ့ လုပ်ဆောင်မှုများမှာ ကြည်ညိုလေးစားစရာကောင်းလှပါသည်။ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်မှာ ခေါင်းဆောင်များဖြစ်လာမည့် ကလေးငယ်များကို အသိပညာသာမက စိတ်ဓာတ်ရေးရာပါ ပြုပြင်ပေးနေခြင်းနှင့် စည်းကမ်းတကျဖြစ်စေရန် ပြုစုပျိုးထောင်ပေးနေသည်ကို မျက်ဝါးထင်ထင်မြင်တွေ့ရ၍ အတိုင်းမသိဝမ်းသာမိပါသည်။ ဆရာတော်၏ကျောင်းဝင်းထဲတွင် အမှိုက်တစ်စမရှိပါ။ နေရာတိုင်းတွင်လည်း အမှိုက်ပုံးများထားပေးထား၍ စနစ်တကျ အမှိုက်စွန့်စေပါသည်။ အမှိုက်ကိုလည်း မြေဩဇာဖြစ်စေသော အမှိုက်နှင့် မြေဩဇာမဖြစ်စေသောအမှိုက်ကို ခွဲခြားစွန့်စေပါသည်။ ကလေးများကို အတင်းအကျပ်စည်းကမ်း လိုက်နာစေခြင်းထက် မိမိ၏အသိစိတ်ဖြင့် စည်းကမ်းလိုက်နာလာစေရန် စနစ်တကျသင်ကြားပေးထားသည်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။

ယခုအလှူမှာလည်း ကျွန်မတစ်ဦးတည်း၏အလှူမဟုတ်ပါ။ ကျွန်မတို့ဝန်ထမ်းများအားလုံး၏ အလှူဖြစ်၏။ လိုက်ပါလာသော ဝန်ထမ်းများလည်းပျော်နေကြ၏။ သူတို့ရဲ့ ကိုယ်စီကိုယ်စီ ရင်တွင်းစကားများကိုလည်း ဤကဲ့သို့ ကြားသိခဲ့ရပါသည်။

"အရင်ဆုံးအစ်မကိုကျေးဇူးတင်ပါတယ်။ အစကအလှူဆိုပေမယ့် ခရီးတစ်ခုသွားရလို့ ပျော်နေမိတယ်။ သတင်းလည်းကြားဘူးထားလို့ အလွန်သွားဖူးချင်နေတာ။ တကယ်ရောက်သွားတော့မှ ပန်းပျိုးလက်ဆိုတဲ့ နာမည်လေးနဲ့ အရမ်းလိုက်ဖက်တဲ့ နေရာလေးတစ်ခုပါ။ ဆရာတော်ရဲ့ သစ်ပင်တွေကိုချစ်မြတ်နိုးတဲ့စိတ်၊ ကလေးတွေကို လိမ္မာယဉ်ကျေးအောင်၊ စည်းကမ်းနဲ့ စနစ်တကျနေထိုင်တတ်အောင်နဲ့ ပညာတွေတတ်အောင်သင်ပေးနေမှုတွေ၊ ဆရာတော်ရဲ့လုပ်ဆောင်ချက်နဲ့ ခံယူချက်တွေကလည်း လုံးဝကို အားကျစရာပါ။ သစ်ပင်ကြီး သစ်တုံးတွေကို ပန်းပုရုပ်များထုလုပ်အလှဆင်ထားတာကိုလည်း သဘောကျပါတယ်။ ဆရာတော်ရဲ့လုပ်ဆောင်ချက်တွေနဲ့ ရှင်းပြတာတွေကို နားထောင်ရင်တော့ တို့ရဲ့အလှူက မြင့်မြတ်တယ်လို့ ခံစားရပါတယ်။ နောက်ထပ် လုပ်ဆောင်မယ့် ဆရာတော်ရဲ့ ရည်ရွယ်ချက်ကို မြင်တွေ့ခဲ့ရပြီး ကိုယ်ကိုတိုင် တစ်ထောင့်တစ်နေ ရာက ပါဝင်ကုသိုလ်ယူချင်နေခဲ့တာတော့ အမှန်ပါ။ ကလေးတွေ မေတ္တာပို့မှုတွေ စည်းကမ်းတကျနေထိုင်ပုံ စံတွေကို ကြည့်ရတာလည်း ပီတိတွေဝေဖြာနေခဲ့ပါတယ်။ ဒီလိုနဲ့ ပြန်လာရတဲ့အချိန်မှာ တို့တွေဒီကိုနောက်ထပ် အကြိမ်ပေါင်းများစွာလာပြီး လှူနိုင်ဖို့ ကြိုးစားရမယ်ဆိုတဲ့ အတွေးတွေနေမိပါတယ်။"

"ပန်းပျိုးလက်သို့ရောက်ခဲ့ရာ အိမ်အပြန် အေးမြတဲ့ မေတ္တာရိပ်များ. . . ကမ္ဘာမြေကို ချစ်မြတ်နိုးတဲ့ ပန်းပျိုးသခင်နှင့်ပန်းပျိုးခံ ပန်းကလေးများ"

မိမိတို့တစ်ဦးတစ်ယောက်တည်း၏ အင်အားဖြင့် မဆောင်ရွက်နိုင်သည်များကို မိမိတို့အလှူရှင်များကိုယ်စား ဆရာတော်က အနစ်နာခံကာ ဆောင်ရွက်ပေးနေမှုကို လေးစားအားကျမိပါသည်။ နိုင်ငံတော်ကို တိုးတက်စေချင်လျှင် မည်သူ့ကိုမျှအပြစ်ပြောဆိုမနေဘဲ မိမိလုပ်နိုင်သည်ကို တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီလုပ်ဆောင်ခြင်းက ကူညီရာရောက်သည်ဟူသော ဆရာတော်၏ မိန့်ကြားချက်မှာ ကျွန်မရင်ဝယ်စွဲမြဲနေမိပါသည်။

ဗုဒ္ဓဘာသာတစ်ယောက်အနေဖြင့် "ထီးနှင့်ဖိနပ်မပါလျှင်နွေခါမှသိမည်။ ဒါနနှင့်သီလမပါလျှင် သေခါမှသိမည်"ဆိုသည့် ဆိုရိုးစကားကို ကြားဖူးကြပါလိမ့်မည်။ နိစ္စဓူဝများပြားလှသော အလုပ်တာဝန်နှင့် မိသားစုတာဝန်များအကြား နစ်မွန်းနေသောမိမိမှာ ဘဝရဲ့ဆယ်စုနှစ်ပေါင်းလေးခုကို ဖြတ်ကျော်ပြီးသကာလ မိမိကိုယ် မိမိပြန်လည်သုံးသပ်ကြည့်ရာ ယခုချိန်ထိ ဘဝကိုဖြတ်သန်းနေလာခဲ့ပြီး မိမိဘာတွေလုပ်ခဲ့ပြီးပြီလဲ။ မိမိ မိသားစုအတွက်ရော ဘာတွေလုပ်ခဲ့ပြီးပြီလဲ။ မိမိပတ်ဝန်းကျင်နှင့် မိမိကိုမှီခိုနေထိုင်နေတဲ့ သူများအတွက်ရော ဘာတွေလုပ်ခဲ့ပြီးပြီလဲ။အဲဒီအပြင် မိမိအကျိုးမပါသော အများအကျိုးအတွက်ရော ဘာလုပ်ခဲ့ပြီးပြီလဲ ဆိုသောမေးခွန်းများဖြင့် မိမိကိုယ် မိမိထပ်တလဲလဲမေးနေမိပါသည်။ ရုံဖန်ရံခါ ခုနေများ ငါသေသွားခဲ့လျှင် ဘာဖြစ်မည်နည်းဟူသော အတွေးမျိုးဝင်ခဲ့မိပါသည်။ အသက်အရွယ် လေးရလာတော့ နှစ်စဉ်နှစ်ပတ်လည်ဆွမ်းကပ်လှူခြင်း၊ ဘုရားပုထိုးများတွင်လှူဒါန်းခြင်း၊ကျောင်းဆောက်လုပ် ရာတွင် ထည့်ဝင်လှူဒါန်းခြင်း၊ အလှူဒါနများကို လုပ်နိုင်သမျှတော့ လုပ်ခဲ့မိပါသည်။

တိုတောင်းလှသည့် ဘဝသံသရာခရီးလမ်းကို လျှောက်လှမ်းနေစဉ် အချိန်ခဏလေးအတွင်းမှာ တန်ဖိုးရှိတဲ့အချိန်တွေကို အကျိုးရှိစွာ အသုံးချချင်မိပါသည်။ မိမိနဲ့ မိမိရဲ့ပတ်ဝန်းကျင်ကို အကျိုးပြုတဲ့ လူသားတစ်ယောက်ဖြစ်ချင်မိပါသည်။ အပြန်လမ်းတွင်စိတ်လက်ပေါ့ပါးလန်းဆန်းကာ ယခုအချိန်မှစ၍ မိမိလည်း အများအကျိုးအတွက် တတ်စွမ်း သမျှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရင်း ကျန်ရှိနေသော ဘဝ၏အချိန်များကို အဓိပ္ပာယ်ရှိစွာ ဖြတ်သန်းမည်ဟူသော ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချမိပါသည်။ ယခုကဲ့သို့ ပရဟိတအလှူကို မိမိက ဦးဆောင်၍ ပထမဆုံးအကြိမ် လှူဖူးခြင်းဖြစ်ပြီး ဘဝတွင် လှူခဲ့ဖူးသမျှ အလှူများထဲတွင် လှိုက်လှဲစွာပီတိဖြစ်ခဲ့ရသည့်အလှူပင်ဖြစ်ပေတော့သည်။ သို့ပါ၍ ကျွန်မတို့လူသားများအနေဖြင့်သံသရာခရီးလမ်းတွင် အတ္တဟိတကိုသာ ရှေ့တန်းမတင်ဘဲ ပရဟိတကို လည်း လုပ်သင့်ပါကြောင်းမိမိ၏ အတွေ့အကြုံကို ပြန်လည်ဝေမျှ အကြံပြုအပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ကျွန်မ၏ ဝန်ထမ်းတစ်ဦးဖြစ်သော ဒေါ်ခင်ခင်သန့်ရေးသားထားသည့် ပန်းပျိုးလက်ဘုန်းတော်ကြီးသင်ပညာရေး ပရဟိတကျောင်းအတွက် ရေးသားထားသော ကဗျာလေးအား ဤဆောင်းပါးမှ ဂုဏ်ပြုဖော်ပြလိုက်ပါသည်။

**ကမ္ဘာမြေကို ချစ်စိတ်ရည်လို့**
**တူညီမျှတ ပန်းပျိုးကြရန်**
**ညောင်တစ်စေ့လျှင် ညောင်တစ်ပင်ဖြစ်**
**ကုသိုလ်စစ်ဖြင့် လက်တွဲချစ်ခင် ပန်းပျိုးရှင်နှင့်**
**ပညာထက်မြက် ပန်းပျိုးလက်တို့**
**ခရီးဆက်ရန် ဒို့ဝန်းရံအံ့။**


## အမျိုးသမီး အရောင်းဝန်ထမ်း အလိုရှိသည်

နယ်ဘက်သွားနိုင်သောသူများကို ရန်ကုန်နှင့် နယ်ဘက်များတွင် အဆောင်စီစဉ်ပေးမည်။

နယ်ဘက်မှ အလုပ်လာလုပ်လိုသူများလည်း ရန်ကုန်အပြင် နယ်ဘက်များပါ သွားနိုင်ပါက အဆောင်စီစဉ်ပေးမည်။

မှတ်ချက်။ ။ ဆိုင်ခန်းတွင်သာ ခန့်ထားရန်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၇၂၄၄၀၊ ၀၉-၅၁၉၅၇၂၂
(ရုံးအချိန်အတွင်းသာ)

## ဝန်ထမ်းအလိုရှိသည်
### (ပြည်တွင်း၌သာခန့်ထားရန်)

Lucky Family Enterprise (TAE YANG Co.,Ltd)တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(၁) ကိုရီးယားစကား(သို့)အင်္ဂလိပ်စကား ကျွမ်းကျင်စွာ ပြောဆိုနိုင်သူ - ကျား/မ(၃)ဦး
(၂) Office Staff ကိုရီးယားစကား(သို့)အင်္ဂလိပ်စကားပြောဆိုနိုင်သူ- မ(၃)ဦး
(၃) Sale and Marketing အတွေ့အကြုံရှိသူ မ(၁၀)ဦး

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၃၂၀၇၆၉၇၁၊ ၀၉-၄၂၀၁၈၆၈၉၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဆရာဒွေး နှင့် ဆရာမဒေါ်ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးအသားသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
ဩဂုတ်လ(၅/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
Speaking နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441




## အမှားပြင်ဆင်ခြင်း

၅-၇-၂၀၁၅ရက်စွဲပါ ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ(၂၉)ဖော်ပြပါ အများသိစေရန်ကြေညာချက်တွင် ကျွန်မ ဒေါ်သန္တာလင်း (အဖ) ဦးစိန်လင်း [၁၂/မဂတ(နိုင်)၀၀၁၆၆၉]နှင့် ခင်ပွန်းဦးဝင်းအောင်တို့၏ လင်မယားကွာရှင်းပြတ်စဲစာချုပ်ပါရက်စွဲအား ၂၈-၅-၂၀၁၁ရက်နေ့ဟု မှားယွင်းစွာဖော်ပြခဲ့ပါ၍ ၂၈-၅-၂၀၁၅ရက်နေ့မှာ အမှန်ဖြစ်ကြောင်းကို ပြင်ဆင်ဖတ်ရှုပေးပါရန် ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၆၊ မြေကွက်အမှတ်-၅၅၄၊ မြေကွက်တည်နေရာအမှတ်-၅၅၄၊ ယဿဝတီလမ်း၊ ၁၃၆ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးကျော်ဝင်းအမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးကျော်ဝင်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးကျော်ဇင်မင်း [၁/ရကန(နိုင်)၀၃၁၇၃၁]ကပါမစ် ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**





# ချင်းတွင်း အညာဆန်သင်္ဘောကြီးများ ပုဂ္ဂလိကမှလုပ်ကိုင်မည့်သူရှိပါက ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်

**ကလေးဝ ဇူလိုင် ၂၆**

ချင်းတွင်းမြစ်ရေ နည်းပါးမှုကြောင့် ဆောင်းရာသီမှ အစပြု၍ နွေရာသီကာလတစ်လျှောက် လုံးကျောက်ချရပ်နားထားခဲ့သောချင်းတွင်း အညာဆန်သင်္ဘောကြီးများကို ပုဂ္ဂလိက လုပ်ငန်းရှင်များက ငှားရမ်းပြေးဆွဲမည်ဆိုပါက ချင်းတွင်း အထက်ပိုင်းမြို့များသို့ ကုန်၊ ခရီးသည်တင်၍ ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း ကလေးဝမြို့ အခြေစိုက် ချင်းတွင်းရေကြောင်းဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ယခု ၂၀၁၅ မိုးရာသီတွင် ချင်းတွင်းရေကြောင်း အထက်ပိုင်းသင်္ဘောခရီးစဉ်များကို ပြီးခဲ့သည့် ဇွန် ၂၅ ရက်မှ စတင်ပြေးဆွဲမှုရှိခဲ့သော်လည်း ကုန်စည် ခရီးသည်နည်းပါးမှုကြောင့် ခန့်မှန်း ခေါက်ရေမရရှိသေးကြောင်းယင်းကပင် ရှင်းပြသည်။

ယခုနှစ် မုံရွာ-ကလေးဝ ရေကြောင်း သင်္ဘောခရီးစဉ်ကို ၂၇ ခေါက်အထိ ပြေးဆွဲနိုင်ရန် လျာထားစီစဉ်မှုရှိကြောင်း မုံရွာပြည်တွင်းရေကြောင်းပို့ဆောင်ရေးရုံးမှ သတင်းများအရ သိရသည်။

"ကျွန်တော်တို့ သင်္ဘောကြီးတွေ အနေနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ငှားရမ်းပြေးဆွဲမှု အပေါ် မူတည်ပြီးပြေးဆွဲ ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြေးဆွဲဖို့ ရည်မှန်းထားတာကတော့ မုံရွာ-ကလေးဝ ခရီးစဉ်၊ မုံရွာ-ဟုမ္မလင်းခရီးစဉ် တွေနှင့် မုံရွာ-ခန္တီးခရီးစဉ်တွေဖြစ်ပါတယ်" ဟု ရေကြောင်းပို့ဆောင်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုံရွာအခြေစိုက် ပြည်တွင်းရေကြောင်းပိုင် သင်္ဘောကြီးများသည် ရာသီဥတုပေါ်မူတည်၍ ချင်းတွင်းမြစ်ရေတိုးချိန် ဇွန်လမှ ဒီဇင်ဘာလအထိ သင်္ဘောခရီးစဉ်များ ပြေးဆွဲနိုင်ပြီး ရေကြောင်းကောင်းမွန်ပါက ထို့ထက် ခေါက်ရေပိုမို ပြေးဆွဲနိုင်ကြောင်း သိရသည်။

ချင်းတွင်း ရေကြောင်းလိုင်းတွင် ၁၉၉၀ ပြည့်လွန်ကာလများတွင် သလ္လာဝတီ(၁) မှ (၆) အထိ ရေယာဉ်များ ချင်းတွင်းမြစ်အတွင်း စုန်ဆန် ပြေးဆွဲခဲ့သည်။ သလ္လာဝတီသင်္ဘောများသည် ခေတ်မီသင်္ဘောကြီးများဖြစ်သည်။

ယခင်ကာလများက ချမ်းသာ၊ ချမ်းအေး၊ ချမ်းစီ၊ ချမ်းမြ၊ ချမ်းငြိမ်း စသည့် သင်္ဘောကြီးများ၊ ပိတောက်၊ ပန်းဝါ၊ ပန်းသာ၊ ပပဝတီ စသည့် သင်္ဘောများ၊ ဟုမ္မလင်း-ခန္တီးလိုင်းတွင် ကံကောင်း၊ ကံကလေး၊ ကံညွန့်၊ ဟင်္သာဟံသာဝတီ၊ ကံသာစသည့် သင်္ဘောများ ပြေးဆွဲခဲ့သည်။ မုံရွာ-ဟုမ္မလင်း ရေကြောင်းခရီးစဉ်သည် ရေမိုင် ၃၂၇ မိုင်ရှိပြီး မုံရွာ-မော်လိုက်မှာ ရေမိုင် ၁၈၅ မိုင်ရှိသည်။

**သျှင်သူရိယ**

# ခွေငှားဆိုင်လုပ်ငန်းလိုင်စင်သက်တမ်းတိုးရာ ရာခိုင်နှုန်းနှင့် အချိုးပြည့်မှသာ ထောက်ခံမည်

**မြစ်ကြီးနား ဇူလိုင် ၂၆**

မြစ်ကြီးနားမြို့တွင် မြန်မာဇာတ်ကား ခွေအငှားဆိုင်များ လုပ်ငန်းလိုင်စင် သက်တမ်းတိုးရာတွင် ရာခိုင်နှုန်းနှင့်သတ်မှတ် အချိုးပြည့်မှသာ သက်တမ်းတိုးခြင်းအား ထောက်ခံပေးသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် ဗွီဒီယိုအခြေခံအဖွဲ့က ဇူလိုင် ၂၁ ရက်တွင် တရားဝင်စာထုတ်ပြန်ခဲ့သည်။

ယင်းသို့ပြုလုပ်ရခြင်းမှာ လုပ်ငန်းရှင်များအား ဥပဒေဘောင်အတွင်းမှ လုပ်ကိုင်စားသောက်ရန်နှင့် အခွန်ဆောင်၍ လုပ်ဆောင်နေသော မြန်မာဇာတ်ကား ဖြန့်ချိရေးနှင့် ငှားရမ်းရေးဆိုင်များ၏ အကျိုးစီးပွားအတွက် ရည်ရွယ်ခြင်းဖြစ်သည်ဟု ပြည်နယ် ဗွီဒီယိုအဖွဲ့မှဥက္ကဋ္ဌ(ယာယီ) ဦးမင်းနောင်က ပြောသည်။

"ပထမအနေနဲ့ တစ်မြို့လုံးရှိ ခွေငှားဆိုင်တွေကို လိုက်ပြီး သတိပေးတဲ့အနေနဲ့ စာပို့တယ်။ စာရဲ့အဓိပ္ပာယ်ကို နားမလည်ရင် ပြည်နယ်ဗွီဒီယို အခြေခံရုံးမှာ လာမေးနိုင်တယ်။ သတိပေးလို့မှ မလိုက်နာရင် ဥပဒေအရ အရေးယူသွားမယ်" ဟု ဦးမင်းနောင်က ပြောသည်။

လုပ်ငန်းလိုင်စင် သက်တမ်းတိုးလျှောက်ရာတွင် မည်သည့်အကြောင်းကြောင့်ဖြစ်စေ၊ မူပိုင်ရှင်များ ဖြန့်ချိထားသော တစ်နှစ်စာ မြန်မာဇာတ်ကားများကို ဝယ်ယူရာတွင် ၄၀ ရာခိုင်နှုန်းနှင့် သတ်မှတ်အချိုးကို မှန်ကန်ပြည့်စုံမှသာ သက်တမ်းတိုးခြင်းကို ထောက်ခံပေးသွားမည်ဖြစ်ကြောင်း၊ သို့မှသာ ဖြန့်ချိရေးလုပ်ငန်းရှင်များနှင့် ငှားရမ်းရေးခွေဆိုင်များအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ အားလုံးတန်းတူ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ၎င်းမှ ဆက်လက်ပြောသည်။

မြစ်ကြီးနားမြို့တွင် ခွေငှားဆိုင် အသစ်စဖွင့်ကတည်းက ဖြန့်ချိရေးဆိုင်များမှ မြန်မာဇာတ်ကား ၄၀ ရာခိုင်နှုန်းနှင့် သတ်မှတ်အချိုးကျဝယ်ယူမှ ထောက်ခံပေးခဲ့ကြောင်း၊ အရင်တုန်းကရှိခဲ့သည့် စည်းမျဉ်း၊ စည်းကမ်းကို မျက်ကွယ်ပြု၍ ခေတ်အဆက်ဆက် လုပ်စားနေကြသောကြောင့် ပြန်လည်သတိပေးသည့် အနေဖြင့် လုပ်ဆောင်ရခြင်းဖြစ်ကြောင်း သိရသည်။

နေမျိုးအောင် ခွေငှားဆိုင်ပိုင်ရှင် ကိုနေမျိုးအောင်က "ကျွန်တော်တို့ ခွေငှားဆိုင်တွေအနေနဲ့လည်း ကိုယ့်ဆိုင်အတွက် အခြေခံဝယ်ယူရမယ့် တစ်နှစ်စာ မြန်မာဇာတ်ကားတွေရဲ့ ၄၀ ရာခိုင်နှုန်းနှင့် သတ်မှတ်အချိုးတွေကို သိရှိပြီး ဘက်မလိုက်ဘဲ မျှမျှတတဝယ်ယူရမယ်။ ဖြန့်ချိရေးဆိုင်တွေအနေနဲ့ မြန်မာဇာတ်ကားများ ရောင်းရရေးကို မရည်ရွယ်ဘဲ အရည်အသွေးရှိတဲ့ ဇာတ်ကားများကို ဖြန့်ချိပေးစေလိုတယ်" ဟု ပြောသည်။

"ပြည်နယ်ဗွီဒီယိုအခြေခံအဖွဲ့မှ ထုတ်ပြန်တဲ့စာဟာ ကျွန်တော်တို့နဲ့ မူပိုင်ရှင်တွေအပေါ် အပြန်အလှန် အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေတယ်လို့ မြင်တယ်။ ဒါမှ ဖြန့်ချိရေးမူပိုင်ရှင်နှင့် ခွေငှားဆိုင်တွေ စည်းလုံးညီညွတ်မှုကို ဖြစ်ပေါ်စေမယ်" ဟု နေမျိုးအောင်က ၎င်း၏ ထင်မြင်ချက်ကို ပြောပြသည်။

မြစ်ကြီးနားမြို့တွင် မြန်မာဇာတ်ကား ခွေငှားဆိုင်ပေါင်း ၈၀ ကျော်ဝန်းကျင်ခန့်ရှိရာ အချို့ဆိုင်များမှာ ဖြန့်ချိရေး မူပိုင်ရှင် တစ်ဦးထဲမှ ဝယ်ယူငှားရမ်းနေကြကြောင်း ပြည်နယ်ဗွီဒီယို အခြေခံရုံးမှ သိရသည်။

**မင်းမင်း(မြစ်ကြီးနား)**

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**ကုန်းလမ်းပို့ဆောင်ရေး**
**အဆင့်မြင့်ယာဉ်ကြီးမောင်းသင်တန်း**

၁။ အဆင့်မြင့်ခရီးသည်တင်ယာဉ်ကြီးများ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်မှု သင်တန်းကို ၅-၈-၂၀၁၅မှစ၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး(နေပြည်တော်၊ ရန်ကုန်၊ မန္တလေး)ရှိ ယာဉ်မောင်းသင်တန်းကျောင်းတွင် အဆင့်မြင့်ယာဉ်ကြီးများဖြင့် ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိလိုသောအချက်များကို အောက်ပါအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) ကုန်းလမ်းပို့ဆောင်ရေး၊ နေပြည်တော်(ရွာတော်)၊ ခရေလမ်း၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့(နေပြည်တော်ဘူတာကြီးအနီးနှင့် ကညနအရှေ့ဘက်)
(ဖုန်းနံပါတ်) ၀၆၇-၅၁၀၀၃၂၊ ၀၉-၇၉၈၂၂၄၁၇၊ ၀၉-၄၀၂၇၀၁၉၂၆

(ခ) ကုန်းလမ်းပို့ဆောင်ရေး(ရန်ကုန်)
အခြေစိုက်အလုပ်ရုံ(၂)မြောက်ဒဂုံ၊ ၅၁ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊
(ဖုန်းနံပါတ်)၀၁- ၅၈၀၃၆၈၊ ၀၉-၇၃၀၂၁၁၇၆

(ဂ) ကုန်းလမ်းပို့ဆောင်ရေး(မန္တလေး)
အခြေစိုက်အလုပ်ရုံအမှတ်(၄) ယာဉ်မောင်းသင်တန်းကျောင်း
ကန်တော်ကြီးအရှေ့ဘက်၊ စစ်ကိုင်းမန္တလေးလမ်းနှင့် လမ်းသစ်လမ်းထောင့်။
(ဖုန်းနံပါတ်)-၀၉-၅၃၆၆၁၈၆၊ ၀၂-၅၉၀၂၃၊ ၀၉-၄၃၀၆၂၂၆၂

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်းဦးစီးဌာန**
**ရော၀တီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါအမှတ်-၂/ ၂၀၁၅-၂၀၁၆)**

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်လက်အောက်ရှိ မြောင်းမြ၊ ဝါးခယ်မ၊ အိမ်မဲမြို့နယ်တို့မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင်ရရှိသော ပြည်ထောင်စု/တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား သက်ဆိုင်ရာ လမ်းပိုင်းအတွင်းရှိ ဆိပ်ကမ်းအလိုက်(မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့် လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို မြောင်းမြခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာ သင်ပုန်းတွင် ၁၀-၈-၂၀၁၅ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပိတ်မည့်နေ့ရက်/အချိန် | - | ၂၇-၈-၂၀၁၅ရက်၊ ညနေ ၃နာရီ |
| တင်ဒါဖွင့်မည့်နေရာ | - | မြောင်းမြခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန မြောင်းမြကြီးတံတားအောက်၊ မြောင်းမြမြို့။ |
| တင်ဒါဖွင့်မည့်နေ့ရက်/အချိန် | - | ၂၈-၈-၂၀၁၅ရက်၊ နံနက် ၁၀နာရီ |

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၁၀-၈-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
မြောင်းမြခရိုင်၊ လမ်းဦးစီးဌာန
(ဖုန်း-၀၄၂-၇၀၁၅၃)

**အာရှနဂါး**
**Asia Dragon** ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

**SEVEN စံ** မာ်
မြေကွက်ရောင်းဝယ်ရေး
အုံဆိပ်ကမ်း၊ အရှေ့ပိုင်း။
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
SEVEN စံ နဲ့ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခ လုံးဝ မယူပါ"
Ph: 09 - 33 333 511,
09-33 333 514, 09-33 333 644

**ကိုညာဏ် KO NYAN**
Car Rental & Travel Service
ဘုရားဖူးခရီးစဉ်အမျိုးမျိုးနှင့်လချုပ်အတွက်
Model မြင့် ကားသစ် မျိုးစုံ ရောင်း/ဝယ်/ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
09-5078440,01-551649,01-209183

**မျိုးမြတ်သူ** A/C Express
ဝါဆိုသင်္ကန်းတစ်လျှောက် ပွပွါးပုဂံပခုက္ကူ
30 July 7:30pm ပင်းမြို့ ယောင်းတောဝိဉ်ကောင်ပင်
ဗူးဘုရားညအိပ် စား/စက်လှေခ(ငြိမ်း) 43500
8.8ဝင်းကျိုက်ရေတံခွန်နှင့်ဘုရားပိုင်းတောင်ပယ်ပယ်တောင် 22500
09 254058712, 31568500

**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**ဖြူးမဟာစည်ရိပ်သာ(ရန်ကုန်)**
**စပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်**

ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီးတည်ထောင်သာသနာပြု သီတင်းသုံးတော် မူခဲ့သော ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ ကမာရွတ်ဘူတာရုံအနီးရှိ ဓမ္မရက္ခိတဖြူးမဟာစည်သာသနာ့ရိပ်သာ၌ ဝါဆိုဝါကပ် သီတင်းသုံးတော်မူကြမည့် ဖြူးမဟာစည်ရိပ်သာများ၏ ပဓာနနာယက ဆရာတော်ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ(နိုင်ငံတော် ဓမ္မကထိက ဗဟုဇနဟိတဓရ) ပြည်တွင်းပြည်ပ မဟာစည်နာယကဆရာတော်နှင့် သံဃာတော်များ၊ ပင့်သံဃာတော်အရှင်သူမြတ်များတို့အား ရိပ်သာအကျိုးတော်ဆောင်အဖွဲ့နှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က(၁၆)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆပ်ကပ်လှူဒါန်းပွဲကို (၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်၁ရက်) ၁-၈-၂၀၁၅(စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ဒါယကာ၊ ဒါယိကာမများ၊ ယောဂီသူတော်စင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေကြွရောက်ကြပါရန်နှင့် သင်္ကန်း၊ ဆွမ်း၊ ဝေယျာဝစ္စ အလှူဒါနအစုစုတို့ကို ဖုန်း-၀၉-၅၁၉၀၄၁၇၊ ၀၁-၅၁၀၀၆၈၊ ၅၁၀၁၁၁၊ ၀၉-၇၈၇၉၇၇၅၄တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ရောင်းမည်**
ဒေါပုံမြို့နယ်၊ နွယ်အေး(၄)လမ်း၊ အမှတ်(၅၅၈) (ပ)+(ဒု) ထပ်
သိန်း-၄၅၀
ဆက်သွယ်ရန်-ဖုန်း-၀၉-၇၃၀၁၁၉၁၀၊
၀၉-၄၂၀၀၅၅၄၂၁

**ကိုသန့်ဇင် CAR RENTAL**
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၁

**အမည်ပြောင်း**
ဦးမင်းသူ၏ သား အထက(၅)မင်္ဂလာဒုံ တတိယတန်း(A)မှ မောင်ဆုန်ဖြိုးအား မောင်ဆန်းထွဋ်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ မောင်ဆန်းထွဋ်အောင်

## ပြည်တွင်းရေးရာ

# အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ပေးသောကြောင့် ပညာသင်ယူရေး အဆင်ပြေ

**သာစည် ဇူလိုင် ၂၆**

အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခြင်းကြောင့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကြပ်စခန်းကျေးရွာအုပ်စု သစ်ပုလွေကျေးရွာနှင့် ကြပ်စခန်းကျေးရွာတို့မှ ကျောင်းသား၊ ကျောင်းသူများမှာ ပညာသင်ယူရေး ပိုမိုလွယ်ကူအဆင်ပြေသွားပြီဖြစ်ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရသော သစ်ပုလွေကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ကို မူလတန်းကျောင်းအဖြစ်နှင့် ကြပ်စခန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို မူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျောင်းများ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းနှင့် ဦးစံထွန်း၊ မြို့နယ်ပညာရေးမှူးဦးလှကြိုင်နှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားကို ကြပ်စခန်းကျေးရွာ မူလတန်းလွန်ကျောင်းတွင် ပြုလုပ်ရာ လွှတ်တော်ကိုယ်စားလှယ်ကြီးများက အမှာစကားများ ပြောကြားပြီး ပညာရေးမှူးက ပညာရေးဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို ဆုများချီးမြှင့်ခဲ့သည်။

သစ်ပုလွေကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို မူလတန်းကျောင်းခွဲအဖြစ် ၂၀၁၃ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ရာ ယခုနှစ်တွင်အဆင့်တိုးဖွင့်လှစ်ခွင့်ရရှိပြီး ကျောင်းသား၊ ကျောင်းသူ ၆၁ ဦး ပညာသင်ယူလျက်ရှိသည်။ ကြပ်စခန်းအုပ်စုတွင်း ကျေးရွာများမှ မူလတန်းပညာ အောင်မြင်ပြီးသော ကျောင်းသား၊ ကျောင်းသူများမှာ မူလတန်းလွန်ပညာကို ကြပ်စခန်းကျေးရွာ မူလတန်းလွန်ကျောင်းတွင် သင်ယူနိုင်တော့မည်ဖြစ်သည်။ **ထွန်းထွန်း(သာစည်)**

# ရှော့တိုက်ငါးဖမ်းဆီးမှုများလာ၍ ဒေသတွင်း၌ သဘာဝငါးများ ပြုန်းတီးလာ

**ကလေး ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင်းရှိ မြစ်ချောင်းအင်းအိုင်များတွင် မိုးရာသီရေများချိန် ငါးရှာဖွေဖမ်းဆီးရာ၌ စည်းကမ်းမဲ့ ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးမှု များပြားလာနေမှုကြောင့်၊ မြစ်ချောင်းအင်းအိုင်များအတွင်း ငါးသယံဇာတများ ပြုန်းတီးရှားပါးလာနေကြောင်း ကလေးဒေသခံတစ်ဦးက ပြောသည်။

ကလေးဒေသအတွင်း ဖြတ်သန်းစီးဆင်းနေသော နတ်တံခါးချောင်း၊ မန်လုံချောင်းနှင့် နေရဉ္စရာမြစ်၊ မြစ်သာမြစ်တို့တွင်ယခင်ကာလများက တစ်ပိုင်တစ်နိုင် ငါးလုပ်ငန်းလုပ်ကိုင်သူတို့ ငါးရရှိမှုများပြားခဲ့ကာ အများဆုံး ဖမ်းဆီးရမိခဲ့သည့် ငါးဖယ်၊ ငါးပတ်၊ ငါးလူး၊ ငါးမြွေထိုး၊ ပုဇွန်ထုတ်တို့သည် ယခုအခါ မတွေ့ရသလောက် ရှားပါးသွားကြောင်း ဒေသတွင်း ငါးလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

"ကလေးနယ်မှာ ချောင်းမြောင်းအင်းအိုင်ပေါတယ်။ အဲဒီချောင်းမြောင်းတွေမှာ ဟိုတုန်းကဆို ယက်သဲ့ထိုးငါးဖမ်းတယ်။ ပိုက်ချ ငါးဖမ်းတယ်။ အခုဆို အဲဒါတွေမတွေ့ရတော့ဘူး။ နေရာတိုင်းမှာ မြင်နေရတာကဘက်ထရီလေးတွေချိတ်ပြီး ငါးရှော့တိုက်ဖမ်းနေတာများနေတယ်။ ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးမှု များလာတဲ့အတွက် လယ်ထဲမှာတောင် ငါးပုဇွန်ကအစပျောက်ကွယ်စ ပြုနေပါပြီ" ဟု ကလေးဒေသခံ တောင်သူတစ်ဦးက ပြောသည်။

ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးမှုကြောင့် ငါးအားလုံး မျိုးသုဉ်းပျက်စီးလာနေပြီး ချောင်းမြောင်းအင်းအိုင်များသာမက ဒေသတွင်း မြစ်များတွင်လည်း ဘက်ထရီရှော့တိုက် ငါးဖမ်းမှုကြောင့် တန်ဖိုးကြီး ငါးမျိုးစိတ်များ နည်းပါး ပျောက်ကွယ်လာနေသည်။ ထို့အတူ ချောင်းမြောင်းများအတွင်း ရှော့တိုက် ငါးဖမ်းမှုများကြောင့် ငါးသန်၊ ငါးမွှားများပါ ပျက်စီးပျောက်ကွယ်မှုဖြစ်လာသည့် အတွက် ကလေးဒေသတွင်း ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးနေမှုကို ထိရောက်စွာ အရေးယူဆောင်ရွက်ရန်လို အပ်နေကြောင်း ယင်းတောင်သူမှပင် ပြောသည်။



**သျှင်သူရိယ**

# မြစ်ကြီးနားတက္ကသိုလ် ပဉ္စမအကြိမ်မြောက်စုပေါင်းသွေးလှူ

**မြစ်ကြီးနား ဇူလိုင် ၂၆**

မြစ်ကြီးနားတက္ကသိုလ် ကြက်ခြေနီအသင်းမှ ဦးစီးပြုလုပ်သော ပဉ္စမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးရှိ သွေးလှူခန်းမဆောင်တွင် ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲတွင် မြစ်ကြီးနားတက္ကသိုလ်ဘာသာရပ်ပေါင်းစုံမှ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ စုပေါင်းပြီး သွေးပုလင်း ၅၀ အား စုပေါင်းလှူဒါန်းခဲ့ကြသည်။

ယင်းသို့လှူဒါန်းရခြင်းမှာ မြစ်ကြီးနား အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် နေ့စဉ်နှင့်အမျှလိုအပ်နေသောသွေးများကို လျင်မြန်လွယ်ကူစွာရရှိစေရန်နှင့် အချိန်တိုအတွင်း လူ့အသက်တစ်ချောင်းကို ကယ်တင်နိုင်စေရန် ရည်ရွယ်ပြီး ပြုလုပ်ရခြင်းဖြစ် ကြောင်းသိရသည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် လာရောက်လှူဒါန်းကြသော သွေးလှူရှင် ကျောင်းသား၊ ကျောင်းသူများအား ဒုတိယပါမောက္ခချုပ် ဒေါက်တာဇော်ဂျပ်နှင့် ဆရာ၊ ဆရာမများက လာရောက် ကြည့်ရှုအားပေးခဲ့ပြီး သွေးလှူရှင်များကို လပ်ကီး မုန့်တိုက်မှ ဆေးဝါးနှင့် အာဟာရပစ္စည်းများ လာရောက်လှူဒါန်းပေးခဲ့သည်။

**မင်းမင်း(မြစ်ကြီးနား)**

# ဖုန်းအားသွင်းစဉ် ဓာတ်လိုက်သေဆုံး

**မန္တလေး ဇူလိုင် ၂၆**

ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁)နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဝင်းဗိုလ်နှင့်အဖွဲ့သည် မန္တလေးဆေးရုံကြီးသို့ ဓာတ်လိုက်သေဆုံးသည့် အမျိုးသားတစ်ဦးရောက်ရှိလာကြောင်း သတင်းအရ ဇူလိုင် ၂၃ရက် ညနေ ၅ နာရီက သွားရောက်စစ်ဆေးခဲ့သည်။

ကျော်အောင်ထက် ၂၂ နှစ် ဆေးသုတ်လုပ်သားသည် ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်ရှိ ဦးအေးကျော် (၆၀ နှစ်)စိုက်ပျိုးရေးဦးစီးမှူး ပလိပ်မြို့နေသူ၏ အာစီနှစ်ထပ်တိုက် ပထမထပ်တွင် ဆေးသုတ်နေရာမှ ဘုရားစင်ပေါ်တွင်တင်ထားသော မီးပလပ်ခုံတွင် ဖုန်းအားသွင်းစဉ် ပြင်ပဒဏ်ရာတစ်စုံတစ်ရာမရှိဘဲ ဓာတ်လိုက်သေဆုံးခဲ့သဖြင့် အမှတ်(၁၁) နယ်မြေရဲစခန်းကသေမှု၊ သေခင်းအမှတ်စဉ် ၈/၂၀၁၅ ရေးဖွင့်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးပိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ခရီးသည်ပို့ဆောင်ရေးဌာနခွဲအမှတ်(၅)၊ မြေဧရိယာ(၅. ၀၀)ဧကအား အသုံးပြု၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်း (ရန်ကုန်မြို့တွင်း/အဝေးပြေး)ကို သီးသန့်ဆောင်ရွက်လိုသည့် ပြည်တွင်းလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်သိလိုသော အချက်များကို ခရီးသည်ပို့ဆောင်ရေးဌာနခွဲအမှတ်(၅)၊ ဖုန်း-၀၁-၂၉၁၃၅၂၊ ၀၁၉-၆၉၉၇၄၄၊ ၀၉-၅၀၅၉၉၈၀၊ ၀၉-၈၃၀၂၅၀၅၊ ၀၉-၂၅၀၁၈၅၆၉၇၊ ၀၉-၄၃၀၂၅၂၇၄သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေး

FORWARD YGN
RENT A CAR
(ကျိုက်ထီးရိုး နေ့ချင်းပြန် ခရီးစဉ်) 31.7.15
ငါးဆိုလာပြည့်နေ့အထူးအစီအစဉ် (စားရိတ်ငြိမ်း)
နံနက်စာ၊ နေ့လယ်စာ၊ ညစာ၊ တောင်တက်/ဆင်းကား၊
Service Guide ၊ အဆင့်မြင့် Restaurant 30000
မော်လမြိုင် ၊ ကျိုက္ကမီ ၊ စက်စဲ ( နေ့ချင်းပြန် ခရီးစဉ်)
နံနက်စာ၊ နေ့လယ်စာ၊ ညစာ (စားရိတ်ငြိမ်း)
Service Guide ၊ အဆင့်မြင့် Restaurant 35000
31.7.15 ရက်နေ့ညထွက်မည်။
PH : 09-5089800 , 09-259259180 , 09-259259182

POSSIBLE Travels & Tours
◈ ကရင်ပြည်နယ်-ဘားအံ-ကျုံထော်ရေတံခွန်
July 25,30,31,Aug 1 (35000/Ks)
◈ မော်လမြိုင်-ကျိုက္ကမီ-ဇင်းကျိုက်ရေတံခွန်
July 25,30,31,Aug 1 (35000/Ks)
➤ အဆင့်မြင့် Scania ကား အဆင့်မြင့်စားသောက်ဆိုင်များဖြင့်သာ စီစဉ်ပေးပါသည် ➤
Ph: 01-706716, 09-259257821~3, 09-250790919, 09-420179988

မြန်မာမြတ်စွယ်ရီ Travels & Tours Co.,Ltd
City FM
ENGLISH (U.M.N)
အင်္ဂလိပ်စကားပြော (၃) လအတက်
သင်တန်းအပ် လက်ခံသည်။ (ဖွင့်ပြီ)
Mon - Thur 9:30 - 11:00 AM (3-Months) (regular class)
Mon - Thur 1:00 - 2:30 PM (one to one section)
Mon - Tue - Wed 5:30 - 7:00 PM (3-Months)
Sat/Sun 9:00 - 12:00 AM (Special class)
Home
၁၅၄၊ ပထပ်၊ ဆိပ်ကမ်းသာလမ်း (အောက်) လမ်း၊ ရန်ကုန်။
Ph : 01-389173 , 09-5006680

အမှတ်(၁၂၂/၁၂၄)၊ ကျိုက္ကဆံလမ်းနှင့်လမ်း(၁၅၀)ထောင့်၊ တာမွေ
01-551240, 09-73160840, 09-5003647

" Don't worry, just speak! "
Nelson English Language Centre
www.nelc-centres.com nelchocentre1@gmail.com
nelcyankin
Myaynigone 01 523680 Sanchaung 01 501947
Yankin 01 8550727~8 BoAungKyaw 01 256516~7





## သမီးအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်း

အဖ ဦးခင်မောင်တင့် [၁၂/ဥကမ(နိုင်)၁၅၂၁၄၅]၊ အမိ ဒေါ်ငြိမ်းရင် [၁၂/ဥကမ(နိုင်)၁၂၅၃၀၆]၏ သမီးဖြစ်သူ မယုဝါ [၁၂/ဥကမ(နိုင်)၂၂၄၅၅၅]သည် ၁၈-၇-၂၀၁၅ရက်တွင် မိဘဖြစ်သူတို့ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကိုပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက်နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းအားယနေ့မှစ၍ သမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးခင်မောင်တင့်

**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြား ဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု ‘ကမ္ဘာကုန်ကျယ်သရွေ့ဝယ်’ တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင် မည်ဟုယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

မြစ်ကမ်းခြေသည် အောက်နှင့်အတန်ဝေးစွာရှိနေသည်ကို မြင်ရမှုမြသလွန်စေတီတောင်တော်၏ အမြင့်ကို သတိပြုမိနိုင်သည်။ တောင်တော်ကမ်းပါး၏ အခြေမှစ၍ သဲသောင်ပြင်သည် ပြန့်၍. . ပြော၍. . . ကျယ်၍. . သွယ်တန်းပြေးနေသည်။ နွေဖြစ်သဖြင့် မြစ်ပြင်ဝယ် သဲသောင်တို့သာ စိုးမိုးနေသည်။ မည်သို့ကြည့် ကြည့် သဲသောင်ဝါဝါတို့သာ စိုးမိုးနေသည်။ သဲသောင်ဝါဝါတို့သည့် တစ်ချီတစ်ချီတွင် ငွေရောင်များကို ပြက်ပြနေသေးသည်။ သဲသောင်တို့သည် ဝိုက်ကာ ဝေ့ကာ ဝန်းကာ ချွန်းကာနှင့်မြစ်ရေပြာပြာကို သိမ်မွေ့စွာဆုံတွေ့ စပ်ဟပ်ကြ၏။

မြစ်မင်းဧရာသည် ဂုဏ်နိမ့်မာန်ချကာ သေဝပ်ငြိမ်သက်စွာ စီးဆင်းနေ၏။ ယဉ်ကျေးအေးဆေးစွာ ကွေ့လည်နေ၏။

မြစ်ရေပြာနှင့်သဲသောင်ဝါသည် ကျွမ်းကျင်သော ပန်းချီဆရာ၏ လက်ရာပမာ လှလှပပ သဟဇာတဖြစ် နေကြသည်။ ဤသဘောအလှပန်းချီကို သောင်ပြင်မြေနုတို့ထက် စိုက်ပျိုးထားသော လူ၏လက်ရာဖြစ်သည့် စိမ်းနက်နက် မြမှောင်မှောင်သော ကိုင်းခင်းများက ကူစွက်အားဖြည့်ပေးနေသည်။

တစ်ဖက်ကမ်းမှ မင်းဘူးမြို့ မြစ်ကမ်းပါးကလည်း မြင့်လေသည်။ ပါးလွှာသော မြူကဗ္ဗလာကိုခွင်း၍ မြို့၏ အဆောက်အအုံများနှင့် မြတ်စွာဘုရားသခင်ကို ဘောကျော်ဘောသောတို့ အလုပ်အကျွေးပြုရာ မူလဌာနေကျောင်းတော်ရာ စေတီကိုလည်း လှမ်း၍ဖူးမြင်နေရသည်။ မင်းဘူးမြို့အနောက် မိုးကုပ်စက်ဝိုင်းတစ်လျှောက်ဆီ၌ ပြာမှိုင်းဝေရီသော တောင်တန်းကြီးများကိုလည်း လွမ်းမောဆွတ်ပျံ့ဖွယ် မြင်နေရသေးသည်။

ဦးမြသန်းက စတင်စကားဆို ရှင်းပြ၏။

“ဒီနေရာမှာ ဧရာဝတီမြစ်ဟာ ဝိုက်ပြီး ကွေ့နေတယ် ဆရာ၊ ဒါကြောင့်လည်း မြစ်ကွေ့ နောက် မြစ်ကွေး . . . နောက် မကွေးလို့ ခေါ်တယ်လို့ အဆိုရှိတယ်။ အင်းလေ. . . ဆရာ သိပြီး ဖြစ်မှာပါပဲ”

ကိုသက်ခိုင်က ရယ်ရင်းဖြေသည်။

“မြစ်ကွေ့. . မြစ်ကွေးကနေ မကွေးဖြစ်လာပုံကတော့ ယုတ္တိရှိတယ်၊ ဒါပေမဲ့ စစ်ကိုင်းတို့. . စကုတို့. . မြေထဲတို့. . နာမည်ရလာပုံ ဇာတ်လမ်းကိုတော့ ဆရာသိပ်မကြိုက်ဘူး”

“ဘယ်လို ဆရာ”

“တကောင်းကနေ စူဠသမ္ဘဝ၊ မဟာသမ္ဘဝတို့က စုန်ဆင်းလာကြသတဲ့။ စစ်ကိုင်းကို ရောက်တော့ စစ်ပင်ကြီး ကိုင်းနေတာမို့ စစ်ကိုင်းလို့တွင်လာသတဲ့၊ စကု ရောက်တော့ မျက်လုံးတွေကို စ ကုတာမို့ စကုလို့ တွင်ပြန်သတဲ့၊ မြေထဲ ရောက်တော့ မင်းသားနှစ်ပါးက မျက်လုံးစမြင်ကြတာမို့ အလို့. . . မိုးကား အဖုံး မြေကား အထဲပါကလား. . လို့ ဥဒါန်းပြုတာမို့ မြေထဲလို့တွင်ရပြန်ပါရောတဲ့၊ ခက်တာက စူဠသမ္ဘဝ၊ မဟာသမ္ဘဝတို့က ဘာစကားပြောကြသလဲ၊ မြန်မာစကားပြောကြတယ်ဆိုရင်တော့ ငြင်းစရာ မရှိဘူး၊ ဒါပေမဲ့ စူဠသမ္ဘဝတို့ ခေတ်နဲ့ ပုဂံခေတ်ကြားမှာ သရေခေတ္တရာခေတ်ကြီးက ခံနေသေးတယ်၊ သရေခေတ္တရာခေတ်မှာက ပျူစကား သုံးတယ်၊ ဒီတော့ စစ်ကိုင်း. . စကု. . မြေထဲ. . တို့လို မြန်မာပီသနေတဲ့ မြို့နာမည်တွေအတွက်က စဉ်းစား စရာဖြစ်နေတယ်”

ဦးမြသန်းက ငြိမ်စဉ်းစားနေခိုက် မတင်စန်းက ဝင်မေးသည်။

“ဒါဖြင့်ရင် စစ်ကိုင်း. . စကု. . . မြေထဲတို့ကို ဘာကြောင့် စစ်ကိုင်း. . . စကု. . မြေထဲလို့ ခေါ်ရတယ်ဆိုတာ ဆရာ့မှာ သီအိုရီတစ်ခုခုရှိနေသလား”

“မရှိသေးပါဘူး မတင်စန်း၊ ဆရာက စဉ်းစားစရာလို့ ပြောတာပါ။ စကားစပ်မိလို့ ပြောရဦးမယ်၊ ပျဉ်းမနား ကို ဘာကြောင့် ပျဉ်းမနားလို့ခေါ်တယ် ဆိုတာကို လူနောက်တွေက ဟောဒီလို ဖွင့်ဆိုပြကြတယ်၊ အဲဒီနေရာမှာ ပျင်းလို့တောင်မှ မနားနဲ့တဲ့၊ နားမိရင် အခိုးခံရမယ်၊ အလုခံရမယ်. . စသည်ပေ့ါလေ၊ စင်စစ်တော့ ဟာသလုပ် ရင်းက ပျဉ်းမနားမြို့နဲ့ ပျဉ်းမနားမြို့သားတွေကို သက်သက်စော်ကားသလို ဖြစ်နေတယ်”

“ဒါဖြင့်ရင် ဘာလို့ ပျဉ်းမနားကို ပျဉ်းမနားလို့ ခေါ်ရသလဲ”

“ဒီအတွက်တော့ ရှင်းပါတယ် မတင်စန်း၊ ပျဉ်းမနားဆိုတာက အမှန်မှာ မြန်မာစကား မဟုတ်ဘူး၊ ရှမ်းစကားပဲ၊ ပျဉ်းမနားတည်နေရာဟာ ရှမ်းပြည်နယ်နဲ့ မြန်မာပြည်ခရီးစပ်ကြားမှာ ရှိနေတာကိုလည်း သတိပြု သင့်တယ်၊ အမှန်က ပျဉ်းမနားဆိုတာက အနီးစပ်ဆုံး မြန်မာသံနဲ့ ထွက်ရရင် ပင်းမုန်နဆိုတဲ့ ရှမ်းနာမည်ပဲ”

“အဓိပ္ပာယ်က ဘယ်လိုတဲ့လဲ ဆရာ”

“ရှမ်းပြည်နယ်မှာ မြို့တွေ နာမည်ပေးရင် ရေကို လည်းကောင်း၊ တောင်ကိုလည်းကောင်း၊ စခန်းကိုလည်းကောင်း အစွဲပြုပြီး ပေးတတ်ကြတယ်၊ ရေ. . . သို့မဟုတ် မြစ် ချောင်းတို့နဲ့ စပ်ဆိုင်လာရင် နမ့် ဆိုတာပါလာ တယ်၊ နမ့်ဆိုတာက ရေကိုပြောတာပဲ၊ ဒါကြောင့်မို့ နမ့်ဆိုင်းတို့. . . နမ့်ဆန်တို့ဆိုတဲ့ မြို့နာမည်တွေပေါ်လာတယ်၊ တောင်ကို လွိုင်ခေါ်တယ်၊ လွိုင်လင်တို့. . . လွိုင်လုံးတို့. . . လွိုင်ကော်တို့ဟာ နမူနာပေ့ါ၊ တောင်ကြီးမြို့ကို ရှမ်းလို လွိုင်လုံလို့ခေါ်ရမယ်၊ လွိုင်ဆိုတာက တောင်. . လုံဆိုတာက ကြီးတာ၊ လွိုင်လင်ကျတော့ လွိုင်ဆိုတာ တောင်၊ လင်(လီယံ) ဆိုတာက ချွန်တာ၊ တောင်ချွန်မြို့ပေ့ါ၊ စခန်းကိုတော့ ပင်းလို့ခေါ်တယ်၊ ဥပမာ ပင်းလုံမြို့ဆိုပါတော့၊ ပင်းဆိုတာက စခန်း. . . လုံဆိုတာက ကြီးတာ၊ ဒီတော့ ပင်းလုံမြို့ရဲ့အဓိပ္ပာယ်က စခန်းကြီးမြို့လို့ရတယ်။ ဇမ္ဗူဒီပနိမိတ္တပဲ၊ ပြည်ထောင်စုကြီးဟာ စခန်းကြီးမြို့မှ စတင်ပေါက်ဖွားခဲ့တယ်။

“ပျဉ်းမနားနဲ့ ပင်းမုန်နအကြောင်း ဆက်ပါဦး ဆရာ”

“ပင်း ဆိုတာက စခန်းပဲ၊ မုန်ဆိုတာက အသီးကိုခေါ်တာ၊ န ဆိုတာဟာ ဖန်ခါးသီးစခန်းလို့ အဓိပ္ပာယ်ရတယ်၊ ဒီအယူအဆကို အထောက်အကူပေးတဲ့အချက်က ပျဉ်းမနားနားမှာ နမ့်အစပျိုးတဲ့ရွာတွေရှိနေတယ်”

ဦးမြသန်းသည် ထုံစံအတိုင်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရာမှ ကောက်ချက်ချ၏။

“အင်း. . . ဒီအတိုင်းဆိုရင်တော့ အမည်တွေ. . . ဝေါဟာရတွေရဲ့ ဇာစ်မြစ်ကို လိုက်ရင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးတွေရဲ့ စကားကို ရှေးဦးစွာ ဦးတည်အလေးပြုရမှာပေ့ါနော်”

“မှန်တယ် ဦးမြသန်း၊ အဖြေမရှိတာနဲ့ နိုင်ငံခြားစကားတွေကို ဇွတ်ယူ ဝိဂြိုဟ်ပြုတာကတော့ မလိုလားအပ်ဘူး၊ စကားစပ်ပြန်တော့ ရယ်စရာတစ်ခုပြောရဦးမယ်”

“ပြောပါ ဆရာ”

“ကြည့်မြင်တိုင်နဲ့ ပုဇွန်တောင်တို့ အမည်တွင်လာပုံ ရယ်စရာလုပ်ထားတာလေ၊ ရန်ကုန်ကို အင်္ဂလိပ်ရေတပ်က ဝင်သိမ်းတော့ မြန်မာတွေက စစ်သင်္ဘောတွေကို တအံ့တဩဝိုင်းကြည့်ကြသတဲ့၊ ကြည့်မြင်တိုင်ဘက်ဆိုက်တဲ့ အင်္ဂလိပ်စစ်သင်္ဘောကပ္ပိတန်က သဘောကောင်းတော့ မြန်မာတွေကို သင်္ဘောပေါ်ဖိတ်ခေါ်သတဲ့၊ ဖိတ်ခေါ်ပုံက ကမ်းအင်ဒိုင်း. . . . ကမ်းအင်ဒိုင်း (Come and dine) ကြွကြပါ၊ ညစာလည်း သုံးဆောင်သွားကြပါလို့ အဓိပ္ပာယ်ရတယ်၊ ဒါကြောင့်မို့ ကမ်းအင်ဒိုင်းကနေ ကြည့်မြင်တိုင်ဖြစ်လာသတဲ့”

ဦးမြသန်းနှင့်မတင်စန်းတို့က ရယ်ကြသည်။ ကိုသက်ခိုင်က ဆက်ပြောသည်။

“ပုဇွန်တောင်ဘက် ဆိုက်တဲ့အင်္ဂလိပ်စစ်သင်္ဘောက ကပ္ပိတန်ကတော့ စိတ်တိုတတ်သတဲ့၊ မြန်မာတွေက သင်္ဘောပေါ်တက်ကြည့်တော့ ကပ္ပိတန်က သူ့တပ်သားတွေကို ဒေါသတကြီးနဲ့ အမိန့်ပေးသတဲ့၊ သူ့အမိန့်က ပွတ်ရှဟင်း ဒေါင်း. . . ပွတ်ရှဟင်းဒေါင်း(Push him down) ဒီကောင်ကို တွန်းချလိုက်လို့ အဓိပ္ပာယ်ရတယ်၊ အဲဒါကြောင့် ပွတ်ရှဟင်းဒေါင်းကနေ ပုဇွန်တောင် ဖြစ်လာရသတဲ့” မတင်စန်းက မျက်ရည်များစို့အောင် ရယ်ရင်း-

ဆက်လက်ဖော်ပြပါမည်။

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


**စိုး-ခံ (လင်း:) ကုမ္ပဏီ**
(open daily) (ဗဟန်းရုံး) မှ ရောင်းမည်

| | | | |
|---|---|---|---|
| ၁။မရမ်းကုန်း၊ ကမ္ဘာအေး Villa | (85x85) | မြေ | 25200L |
| ၂။သဃ်န်းကျွန်း၊ရတနာလမ်းမပေါ် | (50x60) | မြေ | 14200L |
| ၃။ဗဟန်း၊သံလွင်လမ်း | (36x64) | မြေ | 7400L |
| ၄။လှိုင်၊မြကန်သာအိမ်ရာ,∠ကွက် | (36x70) | 2RC | 6400L |
| ၅။သဃ်န်းကျွန်း၊မလိခအိမ်ရာ,ပါမစ် | (42x60) | မြေ | 4200L |
| ၆။တ/ဥ၊ငွေကြာယံရိပ်သာ, ∠ကွက် | (43x60) | မြေ | 4200L |
| ၇။(၆)မိုင်ခွဲ၊ပြည်လမ်းသွယ် | (50x75) | 1BN | 4000L |
| ၈။ကမာကြည်၊ကမ်းသာယာအိမ်ရာ,ပါမစ် | (60x60) | 2RC | 3700L |
| ၉။မ/ဒုံ၊ရွှေပင်လုံအိမ်ရာ,မြေပိုပါ,ပါမစ် | (80x50) | မြေ | 3600L |
| ၁၀။ရန်ကင်း၊မိုးကောင်းလမ်းသန့် | (37x55) | မြေ | 3300L |
| ၁၁။(၇)မိုင်၊ပြည်လမ်းသွယ်,အုတ်ခတ် | (30x75) | မြေ | 3000L |
| ၁၂။လှိုင်-လမ်းသန့် | (32x60) | မြေ | 2400L |
| ၁၃။မရမ်းကုန်း၊ဘုရင့်နောင်ပွဲရုံ | (20x60) | 3RC | 1900L |
| ၁၄။အင်းစိန်-လမ်းသန့်,∠ကွက် | (50x100) | မြေ | 1450L |
| ၁၅။သာကေတ၊ရွှေခင်းသာလမ်းမနီး | (20x60) | မြေ | 1350L |
| ၁၆။တ/ဥ၊ မြင်သာ | (40x70) | 1BN | 1300L |
| ၁၇။မရမ်းကုန်း၊(၅)ရပ်ကွက် | (45x140) | မြေ | 1200L |
| ၁၈။မ/ဒုံ၊(၄၃)ရပ်ကွက်လမ်းသန့်,ပါမစ် | (40x60) | မြေ | 780L |
| ၁၉။သဃက၊သွားဆေးတက္ကသိုလ်အနီး | (20x60) | မြေ | 470L |

☎ - 552742, 09 5060940, 09 73100980
- 559320, 09 5060938, 09 73500535

**ရွှေခိုးစည်** ဝါဆိုလပြည့်အထူး 50% OFF
■ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (စွယ်တော်လေးဆူ၊ ပြည့်ငါးပြည့်) 60000/-
[အဆင့်မြင့် 2Star ဟိုတယ်တည်း၊ စားသောက်ဆိုင်ကျွေး၊ ကြာသပတေးညထွက်-တနင်္ဂနွေ နံနက်ပြန်ရောက်]
■တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်းဂူ၊ ကက္ကူ
[အဆင့်မြင့် 2Star ဟိုတယ်တည်း၊ စားသောက်ဆိုင်ကျွေး] 100000/- July 30, Aug
၂၅၊ပန်းဆိုးတန်းလမ်း၊အထက်လမ်း၊ရန်ကုန်မြို့ 373275, 708342, 0949219404

**ရွှေကြေးစည်** အဆင့်မြင့်ဘုရားဖူးခရီးသွားလုပ်ငန်း
▲ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ ပန္နလေး၊ ပြင်ဦးလွင်အနှံ့
▲ဖော်လပြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ ဇင်းကျိုက်ရေတံခွန်၊ ဒွါးလပို့တောင်
▲(နေပြည်တော်)(ပြည်အနှံ့ အကောက်တောင်)(ဇလွန်)(ကျိုက်ထီးရိုး)
▲တောင်ပြိုးပွဲနှင့် ဘုရားစုံ – (ကြိုတင်လက်မှတ်ရောင်းပါပြီ) (ကားစီးလုံးငှား)
ဇူလိုင်၃၀နှင့် ဒဏ်စဉ်သောကြာ
ပန်းဆိုးတန်း ☎01-240860/01-372290 ဒေါ်ပုံ 09-49282825 ကမာကြည် 09421029191

ပထမဦးဆုံး မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်



# မဟာမြတ်မုနိသို့ နန်းတော်ရှေ့ဆရာတင်၏ ဓမ္မသီချင်းများ ရာသက်ပန်လှူဒါန်း

**မန္တလေး ဇူလိုင် ၂၆**

မြန်မာ့ဂန္ထဝင် ဂီတစာဆိုနန်းတော်ရှေ့ဆရာတင်၏အောင်နိမိတ်၊ စွယ်တော်ကြီး၊ ဓမ္မစကြာ၊ မြန်မာ့ဂုဏ်ရည်၊ မြနန္ဒာသီချင်း ငါးပုဒ်အားမန္တလေးမြို့ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့သို့ ရာသက်ပန် မူပိုင်ခွင့်လှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက် နံနက်က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမြတ်မုနိဘုရားကြီး ခြေတော်ရာတိုက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မဟာမုနိဘုရား ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌဦးသိန်းတိုးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဦးဇင်ဝိုင်းနှင့် အနုပညာရှင်များ၊ မန္တလေးတိုင်းဒေသကြီး သဘင်ပညာရှင်များအစည်းအရုံး အတွင်းရေးမှူးနှင့် သဘင်အနုပညာရှင်များ၊ အလှူရှင်လူမှုထူးချွန်ပထမအဆင့်၊ စည်သူ ဦးရွှေနန်းတင်နှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မဟာမုနိဘုရားကြီး ဩဝါဒါစရိယဆရာတော်များအား နေ့ဆွမ်းဆက်ကပ်ပြီး ဦးရွှေနန်းတင် မိသားစုက နန်းတော်ရှေ့ဆရာတင်၏ ဓမ္မတေးသီချင်းများအား မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များထံ လှူဒါန်းခဲ့သည်။

နန်းတော်ရှေ့ဆရာတင်၏ ယင်း လှူဒါန်းပြီးသော ဓမ္မသီချင်းများ၊ တေးသီချင်းများကို သီဆိုလိုသူ၊ တီးခတ်လိုသူ၊ တေးသံသွင်းလိုသူ၊ တစ်နည်းနည်းဖြင့် အသုံးပြုလိုသူများသည် နန်းတော်ရှေ့ဆရာတင်၏ မိသားစုထံမူပိုင်ခွင့် တောင်းစရာ မလိုဘဲ မန္တလေးမြို့ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ထံ ခွင့်ပြုချက်တောင်းခံရမည်ဖြစ်သည်။ **သီဟကိုကို(မန္တလေး)**

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်

**ပျော်ဘွယ် ဇူလိုင် ၂၆**

ပျော်ဘွယ်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှဦးဆောင်၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ပိုးလောက်လန်း ကာကွယ်ရေးအတွက် အဘိတ်ဆေးခတ်ခြင်းတို့ကို မြို့နယ်အတွင်းအဖွဲ့များခွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပျော်ဘွယ်မြို့ပေါ်အနေဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနခွဲမှဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ပိုးလောက်လန်း ကာကွယ်ရေးအတွက် အဘိတ်ဆေးခတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် မေလဆန်းပိုင်းမှ စတင်၍ ကွင်းဆင်းနေကြောင်း၊ ယခုအကြိမ်သည် တတိယအကြိမ်မြောက်ဖြစ်ကြောင်း၊ ကွင်းဆင်းဆောင်ရွက်စဉ် ပိုးလောက်လန်းတွေ့သည့် အိမ် ၉ အိမ်မှ ၁၀ အိမ်ထိရှိပါက သွေးလွန်တုပ်ကွေးဖြစ်နိုင်သည့် ဧရိယာအဖြစ်သတ်မှတ်ပြီး အထူးစောင့်ကြည့်ခြင်း လုပ်ငန်း၊ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနခွဲ တာဝန်ခံကရှင်းလင်းပြောကြားခဲ့သည်။ **မင်းမင်းထွေး(ပျော်ဘွယ်)**

# အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ လုပ်ငန်းဆိုင်ရာများ တာချီလိတ်တွင် ဆွေးနွေး

**တာချီလိတ် ဇူလိုင် ၂၆**

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ ရည်ရွယ်ချက်များ၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်းပြီး ရှင်းလင်းပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက်၊ နံနက် ၉ နာရီက တာချီလိတ်မြို့ ရွှေဘူးသီးဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross)၊ ကျိုင်းတုံရုံးခွဲမှ ဗြိတိန်နိုင်ငံသား ဆက်ဆံရေးအရာရှိ Mr.Raphael Boreham က ကော်မတီ၏ လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ ပြန်ကြားဆက်သွယ်ရေးတာဝန်ခံအရာရှိ ဦးကြည်စိုးက နိုင်ငံပေါင်း ၈၀ ကျော်တွင် ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်နေမှုများ၊ လုပ်ငန်းတာဝန်များနှင့် မူဝါဒများ၊ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာများ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ကျန်းမာရေးဆိုင်ရာများကိုလည်းကောင်း၊ လူသားချင်းစာနာမှုဆိုင်ရာ ဆောင်ရွက်နေမှုများ၊ အကျဉ်းစခန်းများအား လည်ပတ်ခြင်းနှင့် ဆက်သွယ်ပေးခြင်းဆိုင်ရာများကိုလည်းကောင်း အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများက သိလိုသည်များအား မေးမြန်းရာ တာဝန်ခံဆက်ဆံရေးအရာရှိများက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှမင်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီ ဥက္ကဋ္ဌ ဦးကြည်မြင့်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌဦးစိုင်းကျော်ဇံနှင့် အဖွဲ့ဝင်များ၊ ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ခရိုင်ဦးစီးမှူး (ဒုတိယတန်း) ဦးဘမိုးမြင့်နှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**



# ရေရှည်သုံးစွဲရန်နှင့် ဝိုင်းဝန်းထိန်းသိမ်းရေးအတွက် ပျိုးပင်များ အခမဲ့ဖြန့်ဝေ

**ငါးဇွန် ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်တွင် စိမ်းလန်းစိုပြည်ရေးနှင့် ဒေသခံပြည်သူများအတွက် ထင်း၊ တိုင်၊ မျှောများအား အိမ်ဆောက်လုပ်ရန်နှင့် လယ်ယာလုပ်ငန်းသုံးစွဲရေး ရည်ရွယ်ပြီး ငါန်းဇွန်မြို့နယ်၌ ပျိုးပင်များ အခမဲ့ဖြန်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပျိုးပင်များအား ကျေးလက်အိမ်ရာ ထူထောင်ရေးအတွက် တစ်ရွာ တစ်ဧက၊ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀ စိုက်ပျိုးခြင်း၊ သစ်ပင်စိုက်ပွဲတော်ကျင်းပခြင်းနှင့် အမှန်တကယ် စိုက်ပျိုးလိုသူများအား သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိုက်နှင့် ဝန်ထမ်းများက အခမဲ့ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ကျန်ရှိအပင်များကို ဇူလိုင် ၂၂ ရက်တွင် ငါန်းဇွန်မြို့မဈေးနီး၌ ပျိုးပင် အပင်ရေ ၅၀၀နှင့် ဇူလိုင် ၂၄ ရက်တွင် မြို့သာကျေးရွာ မြို့သာဈေးအနီး၌ ပျိုးပင် ၁၅၀၀ အား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိုက်၏ ပြောပြချက်အရ သိရသည်။

၂၀၁၅ ခုနှစ် မိုးရာသီ၌ စိုက်ပျိုးရန် ယူကလစ်၊ ကျွန်း၊ တမာ၊ ကုက္ကို၊ မယ်ဇလီနှင့် ရှား ပျိုးပင် ၅၀၀၀၀ အား မြို့နယ်သစ်တောဦးစီးဌာန ပျိုးဥယျာဉ်၌ ပျိုးထောင်ထားသည်။ **သက်နောင်ဦး(ငါန်းဇွန်)**

ချက်ချင်း CV တင် ၊ ချက်ချင်း Interview ဝင်၊

တစ်ပတ်အတွင်း အလုပ်အမြန်ခန့်မည်

**Call Center Staff** 100,000++ **M/F(20)**

- Any Fresh Graduate , No Need Working Experience,
- Good Communication Skills
- Computer Typing Skills ( 20 Word Per Minute ),Knowledge in Using Smart Phone

ဘွဲ့ရပြီးခါစ လုပ်ငန်းအတွေ့အကြုံမရှိသော လူငယ်များကို ဦးစားပေးပါမည်။

**Interview Date - 27.7.2015 to 1.8.2015 ( 9:00AM to 5:00PM )**

VAC VALUE ADDED CONSULTANCY

No. 118, 6th Floor, 23rd Street, Latha Township, Yangon

Ph: 01-395921 ,01-395922, 09-5102094,09-73022727

ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်)

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ဖိတ်ကြားခြင်း

ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြို့နယ်အသင်းသား/သူများအားလုံး ကြွရောက်ကုသိုလ်ယူနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(ကော့ကရိတ် ခေါက်ဆွဲဖြင့် ဧည့်ခံပါမည်။)

နေ့ရက်။ ။ ၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ရက်
၂-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)

အချိန်။ ။ နံနက် ၁၀း၀၀နာရီ

နေရာ။ ။ ရန်မျိုးအောင်ဘုရားကြီးကျောင်း၊ ပရိယတ္တိစာသင်တိုက်၊
စံပြ(၅)လမ်း၊ သဃ်န်းကျွန်းစံပြဈေးအနီး၊ သဃ်န်းကျွန်းမြို့နယ်။

သင်္ကန်း၊ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးသန်းအောင် ၀၉-၄၂၀၁၇၇၇၆၇၊ ဦးသန်းဝင်း ၀၉-၄၃၀၄၈၆၀၂၊ ဒေါ်နန်းရေစင်ဦး ၀၉-၅၁၅၄၇၀၉၊ ဒေါ်နွဲ့နွဲ့ဝင်း ၀၉-၇၉၉၆၈၂၇၉၅တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့

**ပျောက်ဆုံး ကြောင်း** ကျွန်တော် ကျော်သူနိုင်CDC-73896၏ DSD လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။ Ph:09-259295978

**ဖခင် အမည်မှန်** လမင်းသာ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10(S2)၌ ပညာသင်ကြားနေသော မရွှေရည်ဖူးဥ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်စိုး [၃/မဝတ(နိုင်)၀၀၀၁၂၃]ဖြစ်ပါသည်။ ဦးအောင်ကျော်စိုး

ဂန္ထဝင်ရွှေပုဂံ Travels & Tours

| | | | |
|---|---|---|---|
| ဗန်ကောက် | (၆)ရက် | USD | 650 |
| စင်ကာပူ | (၄)ရက် | USD | 850 |
| စင်ကာပူ + မလေးရှား | (၇)ရက် | USD | 1350 |
| သီရိလင်္ကာ | (၇)ရက် | USD | 1450 |
| ဟောင်ကောင် + မကာအို | (၅)ရက် | USD | 1000 |
| စီအမ် (တာရာကိုတာရုပ်တု) + ချန်ဒူး | (၇)ရက် | USD | 1800 |
| ဒူဘိုင်း + အဘူဒါဘီ | (၆)ရက် | USD | 1900 |
| ဥရောပ (ဂရိ + တူရကီ) | (၉)ရက် | USD | 4800 |
| ဥရောပ နိုင်ငံကြီး (၈) နိုင်ငံ | (၁၄)ရက် | USD | 4800 |
| အမေရိကန် | (၁၆)ရက် | USD | 6700 |

(YGN Office): 67, Baho Rd,Sanchaung,Yangon.Ph: 01-519300,510491, 01-2304645, 09-252281456 Hot Line: 09 - 73003772

(MDY Office): 81 Road, Between 33 x 34 St, Mandalay. Ph: 09 - 31693339, 09-73013856

လစ်ဖန်း

အထည်ဆိုင်နှင့် အထည်ချုပ်လုပ်ငန်း

- ပွဲထိုင်ဇာ
- ဘောင်းဘီစ
- ကွန်ပျူတာပန်းထိုး
- ကုတ်စ
- ပိုးအမျိုးမျိုး
- ရှပ်စ

ယူနီဖောင်းအမျိုးမျိုးတို့ကို လက်ခံဆောင်ရွက်ပေးနေပါသည်။

လစ်ဖန်း

ကားကူရှင်စအမျိုးမျိုးနှင့်ကားကူရှင်အမျိုးမျိုး တို့ကို အော်ဒါလက်ခံဆောင်ရွက်ပေးနေပါသည်။


- TOYOTA Hiace
- Haise
- Supercustom ....

လက်လီ/လက်ကား ဖြန့်ချိရေး

82လမ်း၊ 31 x 32 လမ်းကြား၊ မန္တလေးမြို့။ Tel: 02-32213,02-24220,09-2017462

**à** ပေါက်ပေါက်

# မပေါ့ဆသင့်သော သားအိမ်ခေါင်းကင်ဆာရောဂါ




ကမ္ဘာပေါ်ရှိ အမျိုးသမီးထုကြီးတစ်ရပ်လုံးကို ဖွဲ့မီးလိုတငွေ့ငွေ့လှိုက်စားပြီး အသက်ဇီဝိန်ခြွေချနေတဲ့ ကြောက်စရာအကောင်းဆုံးရောဂါတစ်ခုကို ပြပါဆိုရင်တော့ သားအိမ်ခေါင်းကင်ဆာကို လက်ညှိုးထိုးပြရပါလိမ့်မယ်။ ကမ္ဘာတဝှမ်းမှာ နှစ်စဉ် အမျိုးသမီး ပေါင်း သုံးသိန်းနီးပါးကို သေဆုံးစေတဲ့ရောဂါဖြစ်ကြောင်း မှတ်တမ်းများအရ လေ့လာသိရှိရပါတယ်။ မြန်မာနိုင်ငံမှာလည်း သားအိမ်ခေါင်းကင်ဆာဖြစ်နှုန်း၊ သေနှုန်းများနေပြီး အဓိကပြဿနာကအများစုကတော့ လူနာတွေမှာ နောက်ကျသိပြီးမှ ဆေးရုံလာပြကြတယ်လို့ ကျန်းမာရေးပညာရှင်တွေက ဆိုပါတယ်။ သားအိမ်ခေါင်းကင်ဆာကို ဆေးသိပ္ပံနည်းအရ Cervical cancer လို့ ခေါ် ပါတယ်။ သားအိမ်ရဲ့အဝ Cervix uteri မှာ အခြေခံတဲ့ဆဲလ်တွေကနေ ကင်ဆာဖြစ်ပွားစေသောဆဲလ်များ ဖြစ်ပွားမှု Malignant neoplasm ကိုခေါ်ဆိုခြင်းဖြစ်ပါတယ်။ အမှန်တကယ်တော့ ဒီသားအိမ်ခေါင်းကင်ဆာကို Condom အစွပ်သုံးပြီး၊ ကာကွယ်ဆေးထိုးကာ အတော်အသင့် ကာကွယ်ထားနိုင်ပါတယ်။

ဆေးသိပ္ပံနည်းပညာရပ်များ တစ်နေ့တခြားဖွံ့ဖြိုးတိုးတက်လာတာရယ်၊ ပြည်သူများအကြား ကျန်းမာရေးအမြင်ရှိလာပြီး သားအိမ်ခေါင်းကင်ဆာ၏ ရှေ့ပြေးနိမိတ်များကို သိရှိလာတာကြောင့်လည်း လွန်ခဲ့သောအနှစ် ၄၀ ကထက်စာရင် ၎င်းကင်ဆာဖြင့်အသေအပျောက်နှုန်း သိသိသာသာကျဆင်းသွားပါတယ်။ သို့သော် ရှေးယခင်ကလောက်မများပြားလှသော်လည်း နှစ်စဉ် သားအိမ်ခေါင်းကင်ဆာဖြင့် သေဆုံးမှုကတော့ ကမ္ဘာနှင့်အဝှမ်း ရှိနေကြတုန်းပါပဲ။ အမျိုးသမီးများတွင် ရင်သားကင်ဆာပြီးရင် ဒုတိယအဖြစ်အများဆုံး ကင်ဆာရောဂါဟာ သားအိမ်ခေါင်းကင်ဆာဖြစ်တာကြောင့် အောက်ဖော်ပြပါ ကင်ဆာလက္ခဏာများကို ဖတ်ရှု၍ တစ်ဆင့်ပြန်လည်မျှဝေပေးခြင်းဖြင့် မိမိနှင့်တကွ အခြားသော အမျိုးသမီးများ၏ အသက်အန္တရာယ်ကို ကာကွယ်ထားနိုင်ပါလိမ့်မယ်-

**သားအိမ်ခေါင်းကင်ဆာ ဖြစ်ရသောအကြောင်းရင်း**

(HPV ပိုးကူးစက်ခြင်း) ဗိုင်းရပ်စ်ရောဂါပိုး အမျိုးအစား ၁၀၀ ကျော်ရှိတဲ့အနက် Human Papilloma Virus(HPV)ပိုးဟာ ကျား၊ မ ဆက်ဆံမှုမှ ကူးစက်လေ့ရှိပြီး၊ ထိုပိုးကူးစက်ခံရတာကြောင့် ကင်ဆာဖြစ်လာနိုင်ပါတယ်။ pap smears(ခေါ်)သားအိမ်ခေါင်းကင်ဆာစစ်ဆေးသောစက်ဖြင့် စုံစမ်းသိရှိနိုင်ပါတယ်။ (ဒ့ါပြင် Chlamydia ခေါ် ကူးစက်ပိုးတစ်မျိုးဝင်ခဲ့ဖူးတဲ့သူများမှာလည်း သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်ခြေများလို့ သတိပြုပါ။)

**စားသောက်မှုပုံစံ နည်းစနစ်မကျခြင်း**

အထူးသဖြင့် အဝလွန်သော အမျိုးသမီးများဟာ အာဟာရဓာတ်ပမာဏ မပြည့်မီတဲ့ Ready Made အစားအစာတွေကို နေ့တဓူဝ စားသောက်ခြင်းကြောင့် သားအိမ်ခေါင်းကင်ဆာဖြစ်လာဖို့ တွန်းအားဖြစ်စေပါတယ်။

**ပဋိသန္ဓေတားဆေးများ၏ ဘေးထွက်ဆိုးကျိုး**

လေ့လာစမ်းစစ်မှု မှတ်တမ်းများအရ၊ ပဋိသန္ဓေတားဆေးကို ၅ နှစ်နှင့်အထက်စွဲ၍ သုံးစွဲလာသူအမျိုးသမီးများမှာ သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်မှု အခွင့်အလမ်းများနေပါတယ်။

**မျိုးရိုးလိုက်ခြင်း**

သားအိမ်ခေါင်းကင်ဆာနဲ့ ပတ်သက်၍ သုတေသနပြုချက်များအရ၊ ထိုကင်ဆာဟာ မျိုးရိုးလိုက်တယ်။ မျိုးရိုးမလိုက်ဘူးဟု သုတေသီများအကြား အငြင်းပွားမှုတွေရှိနေကြပါတယ်။ မိခင်၊ အဖွား၊ ကြီးဒေါ် စသူတွေမှာ ထိုကင်ဆာရှိနေပါက မိမိမှာလည်း ကင်ဆာဖြစ်နိုင်ခြေ အလားအလာ သုံးဆခန့်ရှိတယ်လို့ဆိုပါတယ်။ တချို့သော သုတေသီများကတော့ သားအိမ်ခေါင်းကင်ဆာဟာ မျိုးရိုးမလိုက်နိုင်ဟု ဆိုပါတယ်။ မည်သို့ပင်ဆိုစေကာမူ မျိုးရိုးထဲမှာ သားအိမ်ခေါင်းကင်ဆာဖြစ်ပွားသူရှိနေပါက ပေါ့ပေါ့ဆဆ သဘောမထားသင့်ပေ။

**HIV ပိုးအန္တရာယ်**

HIV ပိုးကြောင့် ဖြစ်လာရတဲ့ AIDS ရောဂါဟာ ကိုယ်ခံစွမ်းအင်တွေကို ဖျက်ဆီးပစ်တာကြောင့် Human Papilloma Virus(HPV) (ခေါ်) ဗိုင်းရပ်စ်ရောဂါပိုးကို အဆမတန်တိုးပွားလာပြီး နောက်ဆက်တွဲဆိုးကျိုးအဖြစ် သားအိမ်ခေါင်းကင်ဆာဖြစ်ဖို့ တွန်းအားပေးလာပါတယ်။

**ဆေးလိပ်သောက်ခြင်း**

ဆေးရွက်ကြီးထဲမှာပါရှိတဲ့ ဓာတ်ပစ္စည်းများဟာ သားအိမ်ခေါင်း၏ ဆဲလ်များထဲရှိ DNA ကို ပျက်စီးစေရုံသာမက ကင်ဆာဆဲလ်များကို အဆမတန် ပြန့်ပွားစေပါတယ်။ ဒ့ါပြင် ဆေးရွက်ကြီးက ကိုယ်ခံစွမ်းအားစနစ်ကို ဆုတ်ယုတ်လာတာကြောင့် သားအိမ်ခေါင်းကင်ဆာဖြစ်စေနိုင်တဲ့ HPV ကူးစက်ပိုးမွှားများကို မတိုက်ခိုက်နိုင်တော့ပေ။ ဒါကြောင့် ဆေးလိပ်သောက်သော အမျိုးသမီးများဟာ လုံးဝမသောက်တတ်သူများထက် သားအိမ်ခေါင်းကင်ဆာ ဖြစ်နိုင်ခြေအလားအလာ နှစ်ဆကျော်ပိုလာနိုင်ပါတယ်။

**မကြာခဏ ကိုယ်ဝန်ဆောင်ခြင်း(သို့)ကလေးများခြင်း**

သားသမီး သုံးဦးနှင့်အထက် မွေးခဲ့သောမိခင်တွေမှာ သားအိမ်ခေါင်းကင်ဆာ ဖြစ်နိုင်ခြေ အလားအလာ ပိုနေပါတယ်။

**အရွယ်မရောက်ခင် ကိုယ်ဝန်ဆောင်ခြင်း**

အသက် ၁၇ နှစ်မတိုင်ခင် (အရွယ်မရောက်သေးခင်)မှာ မိမိရဲ့ ပထမဦးဆုံးကလေးကို ကိုယ်ဝန်ဆောင်ခဲ့သူများဟာ၊ အသက် ၂၅ နှစ်ရောက်မှ ကိုယ်ဝန်ဆောင်သူများထက် သားအိမ်ခေါင်းကင်ဆာ ဖြစ်နိုင်ခြေ အလားအလာ နှစ်ဆပိုပါတယ်။

**သားအိမ်ခေါင်းကင်ဆာ၏ ရှေ့ပြေးလက္ခဏာများ**

ထိုရောဂါရဲ့ ဆိုးရွားမှုတစ်ခုကတော့ ကင်ဆာရောဂါ ပြန့်ပွားနေတာတောင် ထင်သာမြင်သာတဲ့ လက္ခဏာတွေ ပြလေ့မရှိပါဘူး။ သားအိမ်ခေါင်းကင်ဆာ ဝေဒနာရှင်များမှာ အောက်ပါရောဂါလက္ခဏာတွေကို အများဆုံး တွေ့ရတတ်တာကြောင့် မိမိကိုယ်ကို စမ်းစစ်ကြည့်စေလိုပါတယ်။

**ခြေထောက်တွေနာခြင်း**

ကင်ဆာရောဂါ၏ ပထမအဆင့်မှာ သားအိမ်ခေါင်း ရောင်ရမ်းလာပြီး၊ ခန္ဓာကိုယ်အောက်ဖက်ပိုင်းသို့ သွေးစီးဆင်းမှုကို ပိတ်ဆို့သွားတာကြောင့် ခြေထောက်တွေရောင်ကာ နာကျင်မှုကို ခံစားရလေ့ရှိပါတယ်။

**ယောနိ အရည်ဆင်းခြင်း**

ရောဂါမရှိသူ သာမန်အမျိုးသမီးတွေမှာလည်း ယောနိမှ အရောင်မရှိ အနံ့မရှိတဲ့ အရည်ဆင်းလေ့ရှိပါတယ်။ သို့သော် အရည်ဆင်းမှု ပမာဏပို၍များလာခြင်း၊ အနံ့အသက်မကောင်းတော့ခြင်းစတဲ့ ပုံမှန်ထက်လွန်ကဲသော လက္ခဏာများက သားအိမ်ခေါင်းကင်ဆာ၏ အရိပ်အယောင်ဖြစ်လို့ မပေါ့ဆသင့်ပါဘူး။

**ပုံမှန်မဟုတ်တဲ့ သွေးဆင်းခြင်း**

သားအိမ်ခေါင်း ရောဂါတစ်ခုတည်းသာမဟုတ်ပါဘူး။ သားအိမ်ကိုယ်ထည်၊ မျိုးဥအိမ်စတဲ့ သားအိမ်ရောဂါ အားလုံးမှာလည်း ပုံမှန်မဟုတ်ဘဲ သွေးဆင်းတတ်ပါတယ်။ ဓမ္မတာရာသီရက်မဟုတ်ဘဲ သွေးဆင်းခြင်း၊ ရာသီလာစဉ် ပုံမှန်ထက်ပို၍ သွေးများများဆင်းခြင်း၊ သွေးဆုံးပြီးနောက်ပိုင်း ရုတ်တရက် သွေးဆင်းလာခြင်း စသည့် လက္ခဏာများဟာ သားအိမ်ခေါင်းကင်ဆာ၏ နိမိတ်များ ဖြစ်တတ်တာကြောင့် အချိန်မဆိုင်းဘဲ ဆရာဝန်ပြပါ။

**ဆက်လက်ဖော်ပြပါမည်။**

ASIA KING 09-43114301,09-420221257
+ မန္တလေးမဟာမြတ်မုနိ၊ ကျောက်စိမ်းစေတီ၊ July 30 နှင့် အပတ်စဉ်သောကြာ
နေပြည်တော်-မုဒ္ဒဂယာ၊ ဥပ္ပါတသန္တိ(နေ့ချင်းပြန်) Package-35000/
+ တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်း၊ ပင်းတယ Hotel-120000/ Guest-65000/
+ ပုဂံ၊ ပုပ္ပါး၊ ရွှေစည်းခုံ၊ ဓမ္မရံကြီး၊ ... Hotel Package- 65000/
+ ကျိုက်ထီးရိုး/ ချောင်းသာ/ ငပလီ ကားမျိုးစုံငှားရမ်းရန်အထူးနှုန်း
ရွှေတောင်ပြိုးမင်းနှစ်ပါးပွဲတော်နှင့် အထက်ဘုရားစုံဖူး Aug 23/24

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၂၂၈)၊ (၀. ၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၂၂၈)၊ သမိန်ဗရမ်းလမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးမနော်(ခ)ဦးအောင်လွင်[၁/မညန(နိုင်)၀၈၈၈၁၄]၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားဂရန်အမည်ပေါက် ဦးမနော်(ခ)ဦးအောင်လွင်[၁/မညန(နိုင်)၀၈၈၈၁၄]ကိုယ်တိုင်မှဂရန်မူရင်း ပျောက်ဆုံးကြောင်း တရား ရုံးကတိသစ္စာပြုလွှာ၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ မူလဂရန်အမည်ပေါက်ထံမှ ဝယ်ယူခဲ့သော အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်-၃၇၆၄/၂၂-၁၀-၁၃တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဂရန်မိတ္တူမှန်ထုတ်ပေးမည်ဖြစ်ပါသဖြင့် အမှုတွဲ၊ အမှတ်လသယ/သစ်/၁၇/၂၀၀၂ဖြင့် ၁၅-၈-၂၀၀၂ရက်နေ့မှစ၍ ထုတ်ပေးခဲ့သည့် နှစ်(၆၀) မြေငှားစာချုပ်ဂရန်အား ဖျက်သိမ်းပေးမည်ဖြစ်ရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**မွေးနေ့ဆုတောင်း**

တောင်ငူမြို့၊ (၈)ရပ်ကွက်၊ စတီးလမ်း၊ အမှတ်(၄၂)နေ ဘိုးဘိုး ဦးစိုးမြင့်-ဘွားဘွား ဒေါ်ဆူး၊ ကျိုက်ထိုမြို့၊ ဇေယျာမွန်ရပ်ကွက်၊ ခရေပင်(၁)လမ်း၊ အမှတ်(၁၂)နေ ဘိုးဘိုး ဦးစိန်သောင်း-ဘွားဘွား ဒေါ်ချိုတို့၏မြေး၊ ဖေဖေ ဦးစိုးမိုးဇင်(ခ)ကိုဖိုးခွား-မေမေ ဒေါ်နန်းနန်းငွေးတို့၏သား၊ ချစ်ညီမလေး ဆောင်းသဇင်၏အစ်ကို၊ မောင်ပိုင်စိုးဦး၏ ၂၇-၇-၂၀၁၅ရက်နေ့တွင် ကျရောက်သော (၈)နှစ်ပြည့် မွေးနေ့မှသည် ဘိုးဘိုးဘွားဘွား၊ ဖေဖေမေမေ ချစ်ညီမလေးတို့နှင့်အတူ နောင်နှစ်ပေါင်းများစွာတိုင် အေးချမ်းသောဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ။

ဘိုးဘိုးဘွားဘွား၊ ဖေဖေမေမေနှင့်
ချစ်ညီမလေး

**ကျေးဇူးဆပ်ပါမည်**

မယဉ်မွန်မြင့်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၉/ခအဇ(နိုင်)၀၀၃၆၆၆]မှာဇူလိုင်လ(၁၃)ရက်က မန္တလေးလေဆိပ်မှ ရန်ကုန်သို့ပြန်လာရာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တွေ့ရှိသူကိုလည်း ကျေးဇူးတုံ့ပြန်ပါမည်။

ဖုန်း-၀၉-၂၀၂၈၃၀၂၊ ၀၂-၆၄၅၈၃၊ ၀၁-၅၃၇၈၉၉

**ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း**

၁။ ဝေါလ်ကွန်ဆန်းမြန်မာမှ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ဘုန်းကြီးကုန်း ကျေးရွာအုပ်စု၊ရေဝံလေးကျေးရွာတွင် (၄၅'×၃၀'×၂၅') မှန်တိုင်းဒဏ်ခံ အဆောက်အအုံ(၁)လုံး၊ (၁၄'×၅'၆"×၇')နှစ်ခန်းတွဲအိမ်သာ(၂)လုံး ဆောက်လုပ်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် အိတ်ပိတ်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) တင်ဒါလျှောက်လွှာရယူရမည့်ရက် - ၃-၈-၂၀၁၅ မှ ၁၀-၈-၂၀၁၅
(ခ) တင်ဒါလျှောက်လွှာ ရယူရမည့်နေရာနှင့် ပြန်လည်တင်သွင်းရမည့်နေရာ - (၁) အမှတ်(၄၇၇/၄၇၉)၊ အေးရိပ်သာလမ်းသွယ်(၂)၊ (၆)လွှာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၁-၅၅၇၃၅၅၊ ၄၀၁၅၅၄
(၂) ဝေါလ်ကွန်ဆန်းမြန်မာ (ရုံးခွဲ) အမှတ်(၁၈၇/၄)၊ ကုန်သည်လမ်း၊ လပွတ္တာမြို့နယ်။ ဖုန်း -၀၄၂-၈၀၁၇၈
(ဂ) တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်နှင့်အချိန် - ၃၁-၈-၂၀၁၅ ရက် (၁၆း၄၀ နာရီ)

၂။ အသေးစိတ်သိရှိလိုပါက အထက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင်ပြီးသူများအတွက်
UK ပညာရေးလမ်းကြောင်းများနှင့် IT အလုပ်အကိုင်အခွင့်အလမ်းများ

**ပညာရေး ဆွေးနွေးပွဲ**

◆ တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင်ပြီးသူများအတွက် UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ ကို 3+0 (သို့) 2+1 ပုံစံဖြင့် ရယူနိုင်မည့် အခွင့်အလမ်းများအကြောင်း၊
◆ နိုင်ငံတကာအဆင့် IT အင်ဂျင်နီယာ တစ်ယောက်ဖြစ်စေရန် လေ့လာရမည့် ဘာသာရပ်များအကြောင်း နှင့် တတ်မြောက်မှုကို သေချာစေမည့် စစ်ဆေးအကဲဖြတ်မှုများ၊
◆ မိမိအရည်အချင်း ရှိသလောက် အမြင့်မားဆုံး အောင်မြင်မှုကိုရယူလိုသော လူငယ်များအတွက် စောင့်ကြိုနေသော IT အလုပ်အကိုင်အခွင့်အလမ်းများ၊

*(၁၀)တန်း အောင်မြင်ပြီးသူများ အနေဖြင့် စိတ်ဝင်စားရာ ဘာသာရပ်နှင့် ကျောင်းရွေးချယ်မှု မှန်ကန်ရန်မှာ အလွန်ပင် အရေးကြီးသောကြောင့် ကျောင်းသားများနှင့် မိဘများကိုယ်တိုင် တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။*

ဟောပြောမည့်သူ ..... ဦးဝင်းထိန်ဝင်း (GUSTO International College)
နေ့ရက် ..... ၆.၈.၂၀၁၅ (ကြာသပတေးနေ့)
အချိန် ..... နံနက် ၁၀နာရီ မှ ၁၂နာရီ ထိ
နေရာ ..... Sule Shangri - La Hotel (တောင်ငူခန်းမ)

လူဦးရေကန့်သတ်ထားပါသဖြင့်ကြိုတင်စာရင်းပေး (အခမဲ့) တက်ရောက်ပါရန်
Call Now : 09 8628806, 09 73031302,01 504632

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာ
## သင်တန်းအမှတ်စဉ်(၂၀/၁၅) သင်တန်းသားခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာ သင်တန်းအမှတ်စဉ်(၂၀/၁၅)ကို ပညာရေးကောလိပ်များတွင် ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့ စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ (၂)နှစ်ဖြစ်သည်။

၂။ သင်တန်းသားများကို သင်တန်းတက်နေစဉ်ကာလအတွင်း ပညာရေးကောလိပ်များတွင် ကျောင်းဆောင်နေထိုင်ခွင့် ပေးမည်ဖြစ်သည်။

၃။ သင်တန်းဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူနှင့် မိဘနှစ်ပါးသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၁၅ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။ (ရမှတ်စာရင်းပူးတွဲတင်ပြရမည်။)
(ဂ) ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၁ရက်တွင် အသက်(၂၂)နှစ်ထက်မကြီးသူဖြစ်ရမည်။
(ဃ) ကျန်းမာသန်စွမ်းပြီး မည်သည့်ပညာရေးကောလိပ်တွင်မဆို တက်ရောက်နိုင်သူဖြစ်ရမည်။
(င) အကျင့်စာရိတ္တ ကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းသူ ဖြစ်ရမည်။
(စ) သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူမဖြစ်ရပါ။

၄။ (က) သင်တန်းဝင်ခွင့် လျှောက်လွှာပုံစံများကို မြို့နယ်ပညာရေးမှူးရုံးများတွင် ရယူနိုင်ပါသည်။
(ခ) လျှောက်လွှာများကို ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့ထက် နောက်မကျဘဲ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးသို့ ပေးပို့လျှောက်ထားရပါမည်။
(ဂ) အချက်အလက်မပြည့်စုံသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်လာသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ (က) လျှောက်ထားသူသည် သင်တန်းဝင်ခွင့် သတ်မှတ်ပုံစံအတိုင်း ကိုယ်တိုင်ရေးသားဖြည့်သွင်းလက်မှတ်ရေးထိုးရမည်။
(ခ) လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲ ရမှတ်စာရင်းမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် (၆)လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံ ပူးတွဲတင်ပြရမည်။

၆။ (က) သင်တန်းလျှောက်လွှာများကို မိမိတာဝန်ထမ်းဆောင်လိုသည့် ပညာရေးခရိုင်အတွင်းရှိ မြို့နယ်ပညာရေးမှူးရုံး တစ်ခုတည်းတွင်သာ လျှောက်ထားရမည်။
(ခ) ပညာရေးခရိုင်(၆၂)ခုအလိုက် တက်ရောက်ရမည့် ပညာရေးကောလိပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ကောလိပ်ဝင်ဆံ့အင်အားအရသာ လက်ခံနိုင်မည်ဖြစ်ပါ၍ မည်သည့်ပညာရေးကောလိပ်တွင်မဆို တက်ရောက်နိုင်သူဖြစ်ရမည်။

(က) ကျောက်ဖြူပညာရေးကောလိပ်
(၁) စစ်တွေခရိုင်
(၂) မောင်တောခရိုင်
(၃) ကျောက်ဖြူခရိုင်
(၄) မြောက်ဦးခရိုင်
(၅) သံတွဲခရိုင်

(ခ) စစ်ကိုင်းပညာရေးကောလိပ်
(၁) စစ်ကိုင်းခရိုင်
(၂) ရွှေဘိုခရိုင်
(၃) ကသာခရိုင်

(ဂ) တောင်ကြီးပညာရေးကောလိပ်
(၁)တောင်ကြီးခရိုင်
(၂) လင်းခေးခရိုင်
(၃) လွိုင်လင်ခရိုင်

(ဃ) တောင်ငူပညာရေးကောလိပ်
(၁) ပဲခူးခရိုင်
(၂) တောင်ငူခရိုင်

(င) ထားဝယ်ပညာရေးကောလိပ်
(၁) ထားဝယ်ခရိုင်
(၂) မြိတ်ခရိုင်

(စ) ပခုက္ကူပညာရေးကောလိပ်
(၁) ပခုက္ကူခရိုင်
(၂) ဖလမ်းခရိုင်
(၃) မင်းတပ်ခရိုင်

(ဆ) ပုသိမ်ပညာရေးကောလိပ်
(၁) ပုသိမ်ခရိုင်
(၂) ဟင်္သာတခရိုင်

(ဇ) ပြည်ပညာရေးကောလိပ်
(၁) ပြည်ခရိုင်
(၂) သာယာဝတီခရိုင်

(ဈ) ဘားအံပညာရေးကောလိပ်
(၁) ဘားအံခရိုင်
(၂) ကော့ကရိတ်ခရိုင်

(ည) ဘိုကလေးပညာရေးကောလိပ်
(၁) မအူပင်ခရိုင်
(၂) ဖျာပုံခရိုင်

(ဋ) မကွေးပညာရေးကောလိပ်
(၁) မကွေးခရိုင်
(၂) ဂန့်ဂေါခရိုင်
(၃) မင်းဘူးခရိုင်
(၄) သရက်ခရိုင်

(ဌ) မော်လမြိုင်ပညာရေးကောလိပ်
(၁)မော်လမြိုင်ခရိုင်
(၂) သထုံခရိုင်

(ဍ) မုံရွာပညာရေးကောလိပ်
(၁) မုံရွာခရိုင်
(၂) ခန္တီးခရိုင်
(၃) ကလေးခရိုင်
(၄) ဟားခါးခရိုင်

(ဎ) မန္တလေးပညာရေးကောလိပ်
(၁) မန္တလေးခရိုင်
(၂) ပြင်ဦးလွင်ခရိုင်
(၃) ကျောက်ဆည်ခရိုင်
(၄) ညောင်ဦးခရိုင်
(၅) မြင်းခြံခရိုင်

(ဏ) မိတ္ထီလာပညာရေးကောလိပ်
(၁) မိတ္ထီလာခရိုင်
(၂) ရမည်းသင်းခရိုင်
(၃) နေပြည်တော်ဥတ္တရသီရိခရိုင်
(၄) နေပြည်တော်ဒက္ခိဏသီရိခရိုင်

(တ) မြစ်ကြီးနားပညာရေးကောလိပ်
(၁) မြစ်ကြီးနားခရိုင်
(၂) ပူတာအိုခရိုင်
(၃) မိုးညှင်းခရိုင်
(၄) ဗန်းမော်ခရိုင်

(ထ) မြောင်းမြပညာရေးကောလိပ်
(၁) မြောင်းမြခရိုင်
(၂) လပွတ္တာခရိုင်

(ဒ) ရန်ကင်းပညာရေးကောလိပ်
(၁) ရန်ကုန်တောင်ပိုင်းခရိုင်
(၂) ရန်ကုန်မြောက်ပိုင်းခရိုင်

(ဓ) လှည်းကူးပညာရေးကောလိပ်
(၁) ကျိုင်းတုံခရိုင်
(၂) မိုင်းဖြတ်ခရိုင်

(န) သင်္ဃန်းကျွန်းပညာရေးကောလိပ်
(၁) ရန်ကုန်အရှေ့ပိုင်းခရိုင်
(၂) ရန်ကုန်အနောက်ပိုင်းခရိုင်

(ပ) လားရှိုးပညာရေးကောလိပ်
(၁) လားရှိုးခရိုင်
(၂) ကျောက်မဲခရိုင်
(၃) မူဆယ်ခရိုင်

(ဖ) လွိုင်ကော်ပညာရေးကောလိပ်
(၁) လွိုင်ကော်ခရိုင်
(၂) ဘော်လခဲခရိုင်

၇။ ပညာရေးကောလိပ်အသီးသီးတွင် တက်ရောက်ခွင့်ရသူများစာရင်းကို ပညာရေးကောလိပ်များ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများ၊ ခရိုင်ပညာရေးမှူးရုံးများနှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၂၇ရက်၌ ထုတ်ပြန်မည်ဖြစ်ပါသည်။

၈။ သင်တန်းတက်ရောက်ခွင့်ရသူများသည် ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၂၇ရက်မှ ၃၀ရက်အတွင်း သက်ဆိုင်ရာ ပညာရေးကောလိပ်များသို့ သတင်းပို့ရမည်။

၉။ သတင်းပို့သည့်အချိန်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်းထောက်ခံစာ(မူရင်း) ရမှတ်စာရင်း(မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းများ) ယူဆောင်လာရမည်။

၁၀။ သင်တန်းသားလက်ခံရေးအဖွဲ့က ဆရာအင်္ဂါရပ်နှင့် ကိုက်ညီမှု ရှိ/မရှိ လူတွေ့စစ်ဆေးပါမည်။

၁၁ ။(က) သင်တန်းအောင်မြင်ပြီးမြောက်ပါက ဆရာအတတ်ဒီပလိုမာ (Diploma in Teacher Education)ချီးမြှင့်မည်။
(ခ) ဆရာအတတ်ပညာဒီပလိုမာရသူများကို မူလတန်းပြဆရာအဖြစ် ခန့်ထားမည်။

**တင်မျိုးကြည်**
**ညွှန်ကြားရေးမှူးချုပ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
## သတင်းကြေညာချက်
## ၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ရက်
## ၂၀၁၅ခုနှစ်၊ ဇူလိုင်လ(၂၀)ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)တင်ဒါစနစ်ဖြင့်ရောင်းချမှု ကြီးကြပ်ရေးလုပ်ငန်း ကော်မတီသည် ကျောက်စိမ်းရိုင်း(ပယ်ကျောက်)များ တင်ဒါစနစ်ဖြင့်ရောင်းချပွဲကို ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း) ကျောက်စိမ်းခန်းမတွင် ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၁၈ရက်မှ ဩဂုတ်လ (၂၁)ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ကျောက်စိမ်းရိုင်း(ပယ်ကျောက်)များ တင်ဒါစနစ်ဖြင့်ရောင်းချပွဲသို့ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်နှင့်အကျိုးတူ ကုမ္ပဏီများ၏ မန်နေဂျင်းဒါရိုက်တာ၊ ဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့ဝင်၊ ပုဂ္ဂလိကကုမ္ပဏီ/သမအသင်းများ၏ မန်နေဂျင်းဒါရိုက်တာ၊ ဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့ဝင်များကို တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ကျောက်စိမ်းရိုင်း(ပယ်ကျောက်)များ တင်ဒါစနစ်ဖြင့်ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသော အကျိုးတူ ကုမ္ပဏီ/ပုဂ္ဂလိကကုမ္ပဏီ/သမအသင်းများမှ မန်နေဂျင်းဒါရိုက်တာ၊ ဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့ဝင်များသည် သတ်မှတ်ထားသည့်အာမခံစပေါ်ငွေများကို မြန်မာ့စီးပွားရေးဘဏ်ခွဲ၊ ဖားကန့်မြို့တွင် ပေးသွင်းကြရမည်ဖြစ်ပါသည်။

၄။ ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၁ရက်မှ ဩဂုတ်လ(၁၅)ရက်အထိ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)တင်ဒါစနစ်ဖြင့် ရောင်းချမှုကြီးကြပ်ရေးလုပ်ငန်းကော်မတီတွင် ကျောက်စိမ်းရိုင်း(ပယ်ကျောက်)များ တင်ဒါစနစ်ဖြင့် ရောင်းချပွဲ တက်ရောက်ဝယ်ယူခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၅။ ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ကျောက်စိမ်းရိုင်း(ပယ်ကျောက်)များ တင်ဒါစနစ်ဖြင့် ရောင်းချပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)နှင့် ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

## ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူခွင့်ရရှိခဲ့သော ရုံးသုံးစက်ကိရိယာ၊ အရပ်ရပ်သုံး Medical Journal ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများနှင့် တင်ဒါစည်းကမ်းချက်များကို ၂၇-၇-၂၀၁၅ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၁၂-၈-၂၀၁၅ရက် မွန်းတည့် ၁၂ နာရီဖြစ်ပါ၍ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်းနံပါတ်(၀၁-၃၉၅၂၀၉၊ ၀၁-၃၉၅၂၁၀)တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးအဖွဲ့**
**ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ(၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်မည့် တံတားများအတွက် လိုအပ်သော Plate Girder (၁၃)ခန်းအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၃-၈-၂၀၁၅ရက်
၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် - ၇-၈-၂၀၁၅ရက်
၄။ တင်ဒါတင်သွင်းရမည့် နောက်ဆုံး နေ့ရက်၊ အချိန် - ၂၁-၈-၂၀၁၅ရက်၊ ၁၆း၃၀ နာရီ
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တံတားတည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရွေးချယ်ရေးအဖွဲ့**
**နိုင်ငံတကာဆက်ဆံရေးနှင့်ဥပဒေဌာနခွဲ၊ တံတားဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၅၁၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
## သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်
## အမှတ်(၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
## ရန်ကုန်တိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ်(၀၄/၂၀၁၅-၂၀၁၆)
## အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်အနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ကုန်ကြမ်းသစ်လုံးများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) ကျင်းပမည့်နေ့ရက် - ၆-၈-၂၀၁၅ရက်(ကြာသပတေးနေ့)
(ခ) ကျင်းပမည့်အချိန် - မွန်းလွဲ ၁း၀၀နာရီ
(ဂ) ရောင်းချမည့်သစ်အမျိုးအစားနှင့်တန် -ကျွန်းသစ်လုံး(၁၆၅၃)လုံး (၁၀၄၅. ၂၁၄)တန်
(ဃ) ကျင်းပမည့်နေရာ - မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၉၀၁၀၇၃၅ နှင့် ၀၉-၄၃၂၀၂၅၄၄သို့ စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**

GOLDEN STAR Travels & Tours
☆ ပုဂံ(ရွှယ်တော်လေးဆူ)-ပုပ္ပါး July - 30
☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း July - 30
☆ တောင်ကြီး-အင်းလေး-ပင်းတယ July - 30
☆ ကျိုက်ထီးရိုး-ချောင်းသာ - ငွေဆောင်
Ph: 209200, 544383, 430480, 703448, 705968

## စက်မှုဝန်ကြီးဌာန
## အမှတ်(၃)၊ အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (၄/၂၀၁၅)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ အထည်စက်ရုံများမှ အသုံးမလိုပိုလျှံ စက်နှင့် စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ အထွေထွေပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်။

| | | | |
|---|---|---|---|
| (က) | အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်) | စက်အရန်ပစ္စည်း | ၈ မျိုး |
| (ခ) | အမှတ်(၃)အထည်စက်ရုံ(စစ်ကိုင်း) | စက်အရန်ပစ္စည်း | ၁၀ မျိုး |
| (ဂ) | အမှတ်(၅)အထည်စက်ရုံ(ပခုက္ကူ) | စက်နှင့်စက်အရန်ပစ္စည်း/ လျှပ်စစ်ပစ္စည်း | ၁၁ မျိုး |
| (ဃ) | အမှတ်(၆)အထည်စက်ရုံ(ဆားလင်းကြီး) | ရက်ကန်းစက်အထွေထွေပစ္စည်း | ၇ မျိုး |
| (င) | အမှတ်(၆)အထည်စက်ရုံခွဲ(မုံရွာ) | စက်နှင့်စက်အရန်ပစ္စည်း | ၁၇ မျိုး |
| (စ) | အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း) | စက်နှင့်စက်အရန်ပစ္စည်း | ၂၂ မျိုး |

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၃-၈-၂၀၁၅ရက်
(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ
(၁) နေပြည်တော် - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း (စီမံရေးဌာန)၊ ရုံးအမှတ်-၃၇
(၂) ရန်ကုန် - အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း(ရုံးခွဲ) အမှတ်(၁) သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။
(ဂ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၉-၈-၂၀၁၅ရက်၊ ၁၆း၀၀နာရီ
(ဃ) တင်ဒါပေးသွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရုံးခန်း၊ ရုံးအမှတ်-၃၇၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနများတွင် စုံစမ်းနိုင်ပါသည်။
(က) အထွေထွေမန်နေဂျာ(စီမံရေး)၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ နေပြည်တော် ဖုန်းနံပါတ်-၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၁၅၆
(ခ) လုပ်ငန်းရုံးခွဲ(ရန်ကုန်)၊ ဖုန်းနံပါတ်-၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆

## နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)အတွက်
## Lab Equipments များအား
## Open Tender ခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)တွင် အသုံးပြုမည့် အောက်ဖော်ပြပါ Lab Equipments ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် Open Tender တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) Communication lab Equipments and Trainers
(ခ) Robotic, Automation and Sensor Control Lab Equipments and Trainers
(ဂ) Electronic Circuit lab Equipments and Trainers
(ဃ) Signal Processing and Embedded System lab Equipments and Trainers
(င) Software Development lab
(စ) Hardware lab Equipments and Trainers
(ဆ) Artificial intelligence lab Equipments and Trainers
(ဇ) PCB Prototyping Machine
(ဈ) Muffle furnace (1500°C), Ball Mill, Jaw Crusher, Pulverizer, Roll Crusher
(ည) Desktop Computer Dell (Memory 4GB, HDD 500 GB, Processor intel Corei7) and UPS
(ဋ) Multifunction Copier(Canon iR2520)

(၂) Open Tender ပုံစံများကို ၂၈-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) တွင် တစ်စုံလျှင် ကျပ်၁၀၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၄-၈-၂၀၁၅ရက် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

(၃) Open Tender အချက်အလက်များ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း၀၉-၆၅၀၆၅၇၅နှင့်၀၉-၂၅၅၈၉၉၈၀၉များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးနှင့်ရွေးချယ်ရေးအဖွဲ့**

## မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များ
## အသင်းချုပ်ရုံး(နေပြည်တော်)
## ခြံစည်းရိုးအုတ်တံတိုင်းခတ်ရန်
## အဆိုပြုလွှာခေါ်ယူခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အကွက်အမှတ်-၈၄/၈၅(ချင်းရွာအနီး)ရှိ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်ရုံး၏ အလျားပေ(၂၀၀)×အနံပေ(၄၀၀)အကျယ်အဝန်းရှိ မြေပေါ်တွင် ခြံစည်းရိုး၊ အုတ်တံတိုင်းခတ်လိုပါ၍ စိတ်ပါဝင်စားသူများအနေဖြင့် ဆောင်ရွက်မည့်အချက်အလက်များ ဖော်ပြပါရှိသည့် အဆိုပြုလွှာများကို ၉-၈-၂၀၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရန် ဖိတ်ခေါ်အပ်ပါသည်။

**မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်**
**အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ UMFCCI Tower**
**(7 Flr),လမ်းမတော်မြို့နယ်။**
**ဖုန်း-၂၁၄၈၃၈၊ ၂၁၄၈၃၉၊ ၂၁၄၈၄၀**

## ဒေါက်တာစန္ဒသူရိယ အောင်စကြာဆရာတော် ဝါတွင်း ဥပုသ်နေ့တိုင်း ဝိပဿနာ အလုပ်ပေးတရား ဟောကြားချီးမြှင့်မည်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာဓမ္မရိပ်သာ ပဓာနနာယက (မဟာဓမ္မကထိကဗဟုဇနဟိတဓရ) ဒေါက်တာစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဒု-ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်း ဥပုသ်နေ့တိုင်း ရွှေတိဂုံစေတီတော်ကြီး၏ရင်ပြင် သောကြာထောင့် ဆံတော်တွင်းတန်ဆောင်းတွင် နံက်ပိုင်းမှာသီလပေး၍ နေ့ ၁-နာရီမှ ၂ နာရီထိ ဝိပဿနာတရားဟောကြားပြီး၂. နာရီမှ၂. ၃၀နာရီထိလက်တွေ့ အားထုတ်ရမည်ဖြစ်သည်။ အောင်စကြာဓမ္မရိပ်သာ၌ နံနက်ပိုင်းတွင်သီလပေး၍ ညနေ ၄ း ၃၀ နာရီမှ ၅ း ၃၀ နာရီထိ ဝိပဿနာအလုပ်ပေးတရားများကိုဟောကြား ပြသပြီး ၆နာရီမှ ၇ နာရီထိ တရားအားထုတ်ကြရမည်ဖြစ်ရာ မည်သူမဆိုကြွရောက်၍နာယူအားထုတ်နိုင်ကြပါသည်။

## Yee Fashion Deigner Group
## အခြေခံစက်ချုပ်နှင့်ဒီဇိုင်းပညာဒါနသင်တန်း

ခေတ်မီဝါရင့်စက်ချုပ်နှင့် ဒီဇိုင်းပညာရှင်ကြီးများမှ ဒီဇိုင်းအမြင် ဒီဇိုင်းအသိ ဒီဇိုင်းသီအိုရီတို့ဖြင့် ခေတ်မီသပ်ယပ်လှပသော စတိုင်ကျသည့် အဝတ်အစားများကို ဖန်တီးနိုင်သည့် ပညာရှင် ဒီဇိုင်းနာကောင်းတစ်ယောက်ဖြစ်စေရန် ရည်ရွယ်၍ စာတွေ့လက်တွေ့ အခြေခံစက်နင်းမှစ၍ သင်ကြားပေးမည့် အခြေခံစက်ချုပ်နှင့် ဒီဇိုင်းပညာဒါန သင်တန်းအမှတ်စဉ် (၆)ကို ဖွင့်လှစ်မည်ဖြစ်ပါ၍ သင်တန်းတက်ရောက်လိုသူများ (၃၁-၇-၂၀၁၅)ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။

လှူဒါန်းရေး ကော်မတီ ထားသည်

ဆက်သွယ်ရန် - Center(1) - အမှတ်(၄၂/B)၊ မြေညီထပ်၊ (၁၁) လမ်း၊ လမ်းမတော်မြို့နယ်။
Center(2) - အမှတ်(၁၀၆) တတိယထပ်၊ လှည်းတန်းလမ်းတို့၊ လမ်းမတော်မြို့နယ်။
Ph: 01-228692, 09-73048822, 09-31788338, 09-5193056, 09-799298245




ရန်ကုန်
အမှတ် F. 2~8 ပထမထပ်၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း (ဗ.ဆ.ပ.လ ရှေ့)၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း - 09 730 84 840 , 09 730 84 841

မန္တလေး
အမှတ် (471)၊ 82 လမ်း ( 34 လမ်း နှင့် 35 လမ်းကြား )
မန္တလေး။
ဖုန်း - 09 3311 6626 , 09 3322 6636

နေပြည်တော်
အမှတ် (1237)၊ ဇော်ဂျီလမ်း၊ မင်္ဂလာဒီပ ရပ်ကွက်၊ ပျဉ်းမနား၊ နေပြည်တော်။
ဖုန်း - 09 730 84 844 , 09 795900 146

မော်လမြိုင်
အမှတ် (33)၊ မြို့ရှောင် လမ်းမကြီး၊ မြေနီကုန်းရပ်ကွက်၊ မြေနီကုန်း အဝေးပြေး ကားဝင်းအနီး၊ မော်လမြိုင်မြို့။
ဖုန်း - 09 79 58 999 80 , 09 79 58 999 81

ကလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း
(LL.B.) နှင့်ဆက်သွယ်ပါ။ (ပိတ်ရက်မရှိ)
01-394727, 01-399426 09-73009994-
တိုက်(၃၅)၊ လမ်း(၈၅)မြေညီထပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

Sure!
မွေးမြူရေးဆေး - သစ်တော - စိုက်ပျိုးရေး - တက္ကသိုလ်ဝင်ခွင့်
Ph : 09 789322015, 09 262852881 , 01-8603664

သောက်ရေသန့်
တ/ဒဂုံမြို့နယ်တွင် ဖြန့်ဖြူးရန် အေးဂျင့် အလိုရှိသည်
(20-လီတာ ရေဘူး၊ နေရာ၊ လှည်း) အဆင်သင့်
P-7 သောက်ရေသန့်
ဖုန်း-၀၉-၄၉၂၀၆၈၉၅၊ ၀၉-၇၉၉၂၅၆၆၉၅

PUN HLAING SILOAM HOSPITALS

Pun Hlaing Golf Estate Avenue,
Hlaing Thayar Township, Yangon, Myanmar
Tel: +95 1 684 321, 684 325, 684 336,
email: hr.phsh@spa-mm.com

### Immediate Vacancies for Pun Hlaing Siloam Hospitals

Pun Hlaing Siloam Hospitals have been delivering the international standard quality care and having leading facilities, education and latest equipment and technology. We are planning for further expansion of the existing hospitals and healthcare delivery institutions in Myanmar. It is a great, once in a life time opportunity to work in a wonderful health care environment with the lasting social impact, financial, professional and academic. We are currently looking for the experienced and dynamic people to join at our hospitals national network across Myanmar.

#### Immediate Vacancies for (Yangon Location)

1. Marketing Officer 1 Post
2. Front Line Officer 5 Posts
3. OT Nurses 2 Posts
4. Radiographer 3 Posts
5. Pharmacist 2 Posts
6. Medical Technologist 2 Posts
7. Physiotherapist 2 Posts
8. Staff Nurse 10 Posts
9. Health Care Assistant 5 Posts
10. Accountants 2 Posts

#### Immediate Vacancies for (Mandalay Location)

1. General Manager 1 Post
2. Head of Nursing 1 Post
3. Executive for Operations 1 Post
4. Pipeline Project Coordinator 1 Post

Our hospital will offer a competitive remuneration package and career development opportunities based on experience and ability. Those interested can send their applications in person within two week together with their CVs and 2 recent passport photos, copies of relevant certificates, NRC card, labor registration form, and police station recommendation, to the following address.

Human Resources Department email: hr.phsh@spa-mm.com

Only short-listed applicants will receive a reply.



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန
# စတုတ္ထမြောက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အား ရယူသုံးစွဲနိုင်မည့် အထူးလုပ်ငန်းကုမ္ပဏီဖွဲ့စည်းရေး အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ကြားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍဟန်ချက်ညီစွာ တိုးတက်ဖွံ့ဖြိုးရေးအတွက် မူဝါဒနှင့် ဖွဲ့စည်းမှု မူဘောင်များကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဈေးကွက်ပြိုင်ဆိုင်မှုကို ဖော်ဆောင်ပေးခဲ့ပြီးဖြစ်ပါသည်။ ဤမူဝါဒ၏ အဓိကရည်မှန်းချက်များမှာ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများ အရည်အသွေးတိုးတက်မြင့်မားစေရန်၊ မြို့ပြနှင့်ကျေးလက်ဒေသနှစ်ရပ်လုံးတွင် ချိုသာသောဈေးနှုန်းများဖြင့် ပြည်သူလူထုသို့ ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန်နှင့် သုံးစွဲသူပြည်သူများနှင့် လုပ်ငန်းရှင်များက စိတ်ကြိုက်ရွေးချယ်နိုင်ခွင့်ရှိသည့် ကောင်းမွန်သော ဆက်သွယ်ရေးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှု ဖြည့်ဆည်းပေးရန်တို့ ဖြစ်ပါသည်။

၂။ ဤရည်မှန်းချက်များပြည့်မီရန်အလို့ငှာ နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံးအနှံ့လွှမ်းခြုံမည့် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်သုံးခုအား အောင်မြင်စွာ ချမှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုဖိတ်ကြားလွှာသည် စတုတ္ထမြောက်ဆက်သွယ်ရေး ဝန်ဆောင်မှုလိုင်စင်အား ရယူသုံးစွဲနိုင်မည့် အထူးလုပ်ငန်းကုမ္ပဏီတစ်ခု (Special Purpose Vehicle)ဖွဲ့စည်းရာတွင် ပါဝင်ရန် စိတ်ဝင်စားသော အမျိုးသားအများပိုင်ကုမ္ပဏီများမှ အဆိုပြုလျှောက်လွှာများကို ခေါ်ယူခြင်းဖြစ်ပါသည်။ ဤလိုင်စင်ခွင့်ပြုပေးရန် ပထမအဆင့်အနေဖြင့် အထူးလုပ်ငန်းကုမ္ပဏီတစ်ခုအောင်မြင်စွာဖွဲ့စည်းရန်လိုအပ်ပြီး ယင်းကုမ္ပဏီတွင် ပါဝင်ကြမည့် အစုရှယ်ယာများနှင့် လုပ်ငန်းအဆိုပြုချက်လျှောက်လွှာ များကို စည်းကမ်းချက်များနှင့်အညီ စီမံခန့်ခွဲရေးကော်မတီ အများပိုင်ကုမ္ပဏီဖွဲ့စည်းရေးနှင့် တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ၊ ဆက်သွယ်ရေးနှင့်သတင်းအချက် အလက်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂)နေပြည်တော်သို့ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ လျှောက်လွှာပုံစံများအား ဤဝန်ကြီးဌာန၏ Website ဖြစ်သည့် http://www.mcit.gov.mm/တွင် Download ပြုလုပ်၍ ရယူနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

၃။ အဆိုပါ အထူးလုပ်ငန်းကုမ္ပဏီ အောင်မြင်စွာ ဖွဲ့စည်းပြီးသည့်အချိန်တွင် စတုတ္ထလိုင်စင်ချမှတ်ရန် သဘောတူစာချွန်လွှာ ရေးထိုးနိုင်မည်ဖြစ်ပြီး မိတ်ဖက်နိုင်ငံခြား ကုမ္ပဏီနှင့် အောင်မြင်စွာဖက်စပ်ကော်ပိုရေးရှင်းတစ်ခုဖွဲ့စည်းပြီးသည့်အခါ လိုင်စင်အား သတ်မှတ်ထားသော အခွန်အခပေးချေစေလျက် လုံးဝလွှဲပြောင်းပေးမည်ဖြစ်ပါသည်။ ဤလိုင်စင်သည် ကနဦး (၁၅)နှစ်သက်တမ်းရှိမည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါက မူလလိုင်စင်သက်တမ်းအတိုင်း ထပ်မံသက်တမ်းတိုးနိုင်မည်ဖြစ်သည်။

## အထူးလုပ်ငန်းကုမ္ပဏီတွင်ပါဝင်ရန် အဆိုပြုလျှောက်ထားသူများ လိုက်နာရမည့် စည်းမျဉ်းများ

(က) အဆိုပြုလျှောက်ထားသူသည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော သက်တမ်းအနည်းဆုံး (၃)လရှိပြီးသား အများပိုင်ကုမ္ပဏီဖြစ်ရပါမည်။

(ခ) ကုမ္ပဏီ၏ အရင်းအနှီးမတည်ငွေမှာ အနည်းဆုံးမြန်မာကျပ်ငွေ (၃)ဘီလီယံထည့်ဝင်ပြီးဖြစ်၍ ကုမ္ပဏီ၏ငွေရေး၊ ကြေးရေး စွမ်းဆောင်ရည်ကို ဖော်ပြနိုင်မည့် နှစ်ချုပ်စာရင်းစစ် အစီရင်ခံစာ(သို့မဟုတ်) အခြားဘဏ်စာရင်း အထောက်အထားများကို ပြသနိုင်ရပါမည်။

(ဂ) ကုမ္ပဏီသည်ဆက်သွယ်ရေးကဏ္ဍ၏ ဥပဒေများ၊ နည်းဥပဒေများနှင့် မူဘောင်များကို လိုက်နာကျင့်သုံးရန်နှင့် အများပိုင်ကုမ္ပဏီ၏ သဘောသဘာဝကို တိုးတက် ကောင်းမွန်စေရန် စီမံခန့်ခွဲရေးကော်မတီ၏လမ်းညွှန်မှုဖြင့် ဆောင်ရွက်နိုင်ရမည်။

(ဃ) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီရွေးချယ်ရေးဆိုင်ရာလုပ်ငန်းအဆင့်ဆင့်အပေါ် တင်ဒါစိစစ်ရေးနှင့် ရွေးချယ်ရေးကော်မတီ၏ ဆုံးဖြတ်ဆောင်ရွက်မှုများအတိုင်း လိုက်နာ၍ ဖက်စပ်နိုင်ငံခြားကုမ္ပဏီမှ တင်ပြလာသော နည်းပညာဝန်ဆောင်မှုနှင့် ဈေးကွက်ဆိုင်ရာမဟာဗျူဟာများအပေါ် ပံ့ပိုးဆောင်ရွက်နိုင်ရမည်။

(င) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီရွေးချယ်ရေးဆိုင်ရာလုပ်ငန်းများနှင့် ဖက်စပ်ကော်ပိုရေးရှင်းတစ်ခုဖြစ်မြောက်သည်အထိ ပံ့ပိုးကူညီရန် ငှားရမ်းဆောင်ရွက်မည့် ကျွမ်းကျင်အကြံပေးအဖွဲ့အတွက် ပေးရမည့်ကျသင့်ငွေကို အချိုးကျထည့်ဝင်နိုင်ရမည်။

(စ) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီရွေးချယ်ပြီးသည့်အခါ အစုရှယ်ရာများအလိုက် အချိုးကျပေးဆောင်ရန်ရှိသော ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အခွန်အခကို နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့်အတိုင်း လက်ငင်းငွေချေပေးဆောင်နိုင်ရမည်။

(ဆ) ကုမ္ပဏီသည် နိုင်ငံတော်အတွင်း လက်ရှိဆောင်ရွက်လျက်ရှိသော အခြားလိုင်စင်ရရှိသူများ၏ အစုရှယ်ယာများတွင် (၁၀)ရာခိုင်နှုန်းအထိသာ ပါဝင်ခွင့်ရှိမည်ဖြစ်ပြီး လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များကို လိုက်နာမည်ဖြစ်ကြောင်း သဘောတူခံဝန်ချက်ရေးထိုးရပါမည်။ အဆိုပါ အချက်အလက် များနှင့် တစ်စုံတစ်ရာမကိုက်ညီပါက လျှောက်လွှာအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

(ဇ) အဆိုပြုလျှောက်ထားမည့်ကုမ္ပဏီနှင့် ကုမ္ပဏီအဖွဲ့ဝင်များသည် တရားရုံးတစ်ခုခုတွင် အငြင်းပွားမှုဖြစ်ပွားနေခြင်း၊ အမည်ပျက်စာရင်းတွင် ပါဝင်နေခြင်းများ ကင်းရှင်းရပါမည်။

## အထူးလုပ်ငန်းကုမ္ပဏီတွင်ပါဝင်ရန် အဆိုပြုလျှောက်လွှာတွင် ပါဝင်ရမည့်အချက်များ

(က) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီရွေးချယ်ရေးအတွက် အထောက်အကူပြုမည့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ ရည်မှန်းချက်များကို အကောင်းဆုံးဖြည့်ဆည်းနိုင်မည့် နည်းလမ်းစဉ်များ၊ အတွေ့အကြုံများနှင့် လုပ်ငန်းအဆိုပြုချက်များကို လျှောက်လွှာတွင်ပြည့်စုံစွာ ထည့်သွင်းဖော်ပြ၍ အထောက် အထားများနှင့်အတူ လျှောက်ထားရပါမည်။

(ခ) ကုမ္ပဏီသည် အထူးလုပ်ငန်းကုမ္ပဏီတွင်ထည့်ဝင်မည့် မတည်ငွေပမာဏကို ဖော်ပြရန်လိုအပ်ပြီး ပေါ်ထွက်လာမည့် ဖက်စပ်ကော်ပိုရေးရှင်းမှပေးဆောင်ရမည့် လိုင်စင်အခွန်အခတွင် သတ်မှတ်ထားသောကာလအတွင်း အချိုးကျထည့်ဝင်နိုင်ကြောင်း ဝန်ခံကတိကို အပေါင်ခံငွေတိုက်စာချုပ်နှင့်အတူ ယှဉ်တွဲပေးဆောင်ရမည်။

(ဂ) အထက်ပါအချက်အလက်များ မှားယွင်းဖော်ပြမှုနှင့် ကတိကဝတ်များပျက်ကွက်မှုရှိခဲ့ပါက နိုင်ငံတော်အစိုးရမှနစ်နာမည့် ကိစ္စရပ်များအတွက် အပေါင်ခံငွေတိုက် စာချုပ်ပမာဏကိုလည်း မတည်ငွေ၏သတ်မှတ်ထားသော ရာခိုင်နှုန်းအတိုင်း ပေးလျော်နိုင်ရမည်။

**စီမံခန့်ခွဲရေးကော်မတီ**

**အများပိုင်ကုမ္ပဏီဖွဲ့စည်းရေးနှင့် တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**

**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်**

**တယ်လီဖုန်းအမှတ်-၀၀၉၅၆၇၄၀၇၃၅၀၊ ၀၀၉၅၉၄၅၀၀၀၀၀၂၃၊ Email:so-info1@e-mcit.gov.mm**


AIR KBZ
Taung Kwe Pagoda
Lawpita
Hydroelectronic
NEW ROUTE
YANGON - LOIKAW
LOIKAW - YANGON
Touch Down to
Ngwe Taung State
MON, WED, FIRDAY
FLIGHT NO. SECTOR DEPARTURE ARRIVAL
K7 442 Yangon - Loikaw 10:00 11:00
K7 443 Loikaw - Yangon 11:15 12:15
STARTS FROM
1st, AUGUST 2015
FARE
from USD 66$
* One Way (only Myanmar Nationals)
* Without Airport Tax
* Terms & Conditions apply
Hotline: (01) 373766, (09) 5280445, (09) 73177805
Tickets Available at
No. 33-49, Bank Street & Maha Bandoola Garden Street, Kyauktada Township, Yangon
:www.facebook.com/AIRKBZ
We accept
VISA
www.airkbz.com


တည်ဆောက်ရေးလုပ်ငန်းများအတွက် စိတ်ပူနေပါသလား?
သင့်စိတ်တိုင်းကျ တာဝန်ယူဆောင်ရွက်ပေးမယ့်
DYNAMIC CONSTRUCTION
Co., Ltd.
Turn Key စံနစ်ဖြင့် ပိုင်ရှင်စိတ်တိုင်းကျ၊ အရည်အသွေးများ၊ ပုံစံများဖြင့် အဆောက်အအုံများကို ဆောက်လုပ်ပေးခြင်း။
PAE စံနစ် (ပစ္စည်းဖိုး၊ လက်ခ)ဖြင့် သင်၏ ကွန်ဒို၊ စက်ရုံ၊ ဂိုဒေါင်၊ ရုံးများကို အရည်အသွေးပြည့်မီစွာဖြင့် တာဝန်ယူဆောက်လုပ်ပေးသည်။
ပုံစံထုတ်ခြင်း၊ဆောက်လုပ်ခြင်းများကိုလည်း ဆောက်လုပ်လိုသူ လိုအပ်ချက်များနှင့်အညီ၊ စံချိန် စံညွှန်းအညီ ဆောင်ရွက်ပေးပါသည်။
Design, Structure များအပါအဝင်၊လိုအပ်သောစာရွက်စာတန်းများဖြင့် ရန်ကုန်စည်ပင်သာယာရေး ခွင့်ပြုမိန့် ကျသည်အထိ ဆောင်ရွက်ပေးသည်။
ဆောက်လုပ်ရေးစီမံကိန်းများအားနိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်း၍ ကြီးကြပ်ဆောင်ရွက်ခြင်း၊ အကြံဉာဏ်များပေးခြင်း၊သတ်မှတ်ထားသော ပုံစံ၊စံချိန် စံညွှန်းအတိုင်းရရှိအောင် စစ်ဆေးခြင်းများကိုလည်း လုပ်ဆောင်ပေးသည်။
Steel Structure စက်ရုံများ၊ အလုပ်ရုံများစသော အဆောက်အအုံများကိုလည်း လိုင်စင် အင်ဂျင်နီယာများ၊ Structure Engineer များနှင့် Professional Engineer များဖြင့် ပုံစံပြုလုပ်ပေးသည်။
NO.123/133,ROOM(5B), PANSODAN BUSINESS TOWER, CORNER OF AHNAWYAHTAR ROAD & PANSODAN STREET, KYAUKTADA TOWNSHIP, YANGON.
TEL : +95-1-245186, 381228, 381229 FAX : +95-1-392665
E-mail-dynamicengineering1@gmail.com , info@dynamic.com.mm
www.dynamic.com.mm


တစ်မိနစ်
၂၃
ကျပ် ဆိုတော့ အရင်ထက်
ဖုန်းပိုပြောနိုင်ပြီပေါ့
MPT
ရွှေသို့လှမ်းချီမြန်မာပြည်
ဆွေသဟာသုံးစွဲသူများ နှင့် CDMA သုံးစွဲသူများ အတွက် ဖုန်းပြောဆိုခ နှုန်းအသစ် ဖြစ်ပါသည်။
ဆွေသဟာ ကို ရယူရန် "SWE" ဟု ရိုက်၍ 1 3 3 2 သို့ အခမဲ့ SMS ပေးပို့ပြီး ဝန်ဆောင်မှု ရယူနိုင်ပါသည်။
CALL CENTER 106
(၂၄)နာရီအခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

Hot Line No-0930500100

## ယနေ့ မာတိကာ


ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး — စာမျက်နှာ - ၂

ကင်ညာရောက်အိုဘားမား ပြည်သူများနှင့်တွေ့ဆုံ၊ ဒီမိုကရေစီစနစ်မြှင့်တင်ရေး တိုက်တွန်း — စာမျက်နှာ - ၁၂

ဒီဂျီယာလက်စွမ်းပြ မန်ယူအနိုင်ရ — စာမျက်နှာ - ၁၃

ချင်းတွင်းအညာဆန် သင်္ဘောကြီးများ ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည် — စာမျက်နှာ - ၁၆


# မြစ်ရန်ကုန်ကျောပေါ်က သမ္မာန်ခတ်သံများ



သတင်းဆောင်းပါး » ဇော်ကြီး(ပဏ္ဍိတ)
ဓာတ်ပုံ » ဖေဇော်

နံနက်လေးနာရီအတိတွင် ကိုထွန်းမောင်(အမည်လွှဲ)အား လုပ်ငန်းခွင်ဝင်ရောက်ရန်အတွက် ပုံမှန်မြည်နေကျ နာရီနှိုးစက်သံက အချက်ပေးလိုက်သည်။ နာရီနှိုးစက်သံ၏ အချက်ပေးသံနှင့်အတူ ဇနီးနှင့်သားကလည်း ပုံမှန်အတိုင်း နိုးထလာသည်။

ရန်ကုန်တစ်ဖက်ကမ်း ဒလမြို့နယ်ရှိ ကမာအောင်ချောင်းကမ်းနဖူးတွင် ခြေတံရှည်အိမ်လေးများ စီစီရီရီရှိနေသည်။ ထိုအိမ်လေးများထဲတွင် ထွန်းမောင်တို့အိမ်လေးသည်လည်း တစ်လုံးအပါအဝင်ဖြစ်သည်။ (ကမာအောင်ချောင်းသည် ရန်ကုန်မြို့နှင့် ဒလမြို့ကိုခွဲခြားထားသည့် ရန်ကုန်မြစ်အတွင်းသို့ စီးဆင်းနေသော ချောင်းငယ်တစ်ခုပင် ဖြစ်သည်။) ထိုခြေတံရှည်အိမ်လေးများကို ပိုင်ဆိုင်သည့်သူ အားလုံးလိုလိုပင် ရန်ကုန်မြစ်ကိုမှီခို အသက်မွေးဝမ်းကျောင်းပြုနေထိုင်ရသည်ဟုဆိုလျှင် မှားမည်မထင်။ ထိုနေရာတွင် သမ္မာန်မောင်းသည့်လုပ်ငန်းဖြင့် ဝမ်းစာရှာဖွေသူအများစုနေထိုင်ကြရာ ကိုထွန်းမောင်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးဆုံးနေရာတွင် နေထိုင်ကြရသော်လည်း မြို့ပြလူနေမှုအဆင့်နှင့် အလှမ်းဝေးကွာနေဆဲဖြစ်ကြောင်း ထွန်းမောင်တို့၏ နေ့စဉ်လှုပ်ရှားနေသော ပုံရိပ်များက ယင်းတို့၏ဘဝများကို ဖော်ပြလျက်ရှိသည်။

အရောင်လွင့်စပြုနေပြီဖြစ်နေသောစောင်၊ ခြင်ထောင်များအား ဇနီးသည်ကသိမ်းဆည်းနေချိန်တွင် ထွန်းမောင်တစ်ယောက် နေ့သစ်တစ်နေ့ကို ရင်ဆိုင်ဖြတ်ကျော်ရန်အတွက် စတင်ပြင်ဆင်နေသည်။ တစ်နေ့လုပ်မှတစ်နေ့စားရသည့် ဘဝကို နားလည်သော

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✱

# မြန်မာ-အမေရိကန် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး သရေကျ

**ရန်ကုန် ဇူလိုင် ၂၆**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးပြီး Monsoon Fight မြန်မာ-အမေရိကန် မြန်မာ့ရိုးရာလက်ဝှေ့(၅)ချီစိန်ခေါ်ပွဲကြီးကို ဇူလိုင် ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်(သိမ်ဖြူ) လက်ဝှေ့ အားကစားရုံ၌ ကျင်းပခဲ့သည်။

အခြားပွဲစဉ်(၄)ချီစိန်ခေါ်ပွဲငယ်နှစ်တွဲနှင့် (၅)ချီစိန်ခေါ်ပွဲလတ်လေးတွဲ ထိုးပြီး နောက်ဆုံးပွဲစဉ် (၅)ချီစိန်ခေါ်ပွဲတွင် အမေရိကန်နိုင်ငံမှ မွေထိုင်း (WKBT-World) ချန်ပီယံ ဆိုင်းရပ်စ်(ဝါရှင်တန်)နှင့် ဆီးဂိမ်းရွှေတံဆိပ်ဆုနှင့် ဒဂုံအောင်လံဆုရှင် မြန်မာလက်ဝှေ့ကျော် တူးတူးတို့ နောက်ဆုံးအချိန်ပို နှစ်ပိုင်းလုံးကုန်သည်အထိ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။



တူးတူးနှင့် ဆိုင်းရပ်စ်(အမေရိကန်)တို့သည် ပထမချီ၊ ဒုတိယချီတွင် သွေးအေးစွာ ထိုးသတ်ကြပြီး တတိယအချီတွင် တူးတူး၏ ပတ်ကန်လုံးလက်သီးများနှင့် ဆိုင်းရပ်စ်၏ တံတောင်၊ နောက်ပြန်ကန်ညာခြေတို့ဖြင့် ထိုးသတ်ကြရာ (၅)ချီမြောက်တွင် အမေရိကန်သားဆိုင်းရပ်စ်၏ ဘယ်အောက်မျက်ခမ်းမှာ တူးတူး၏ ဘယ်ထောက်လက်သီးချက်ဖြင့် ကွဲသွား၏။ ဆိုင်းရပ်စ်ကလည်း ညာထောက်လက်သီး၊ တံတောင်ဖြင့် ထိုးသတ်၏။ သတ်မှတ်ချိန်(၅)ချီပြည့်သွား၏။

ပထမအချိန်ပို(၅)မိနစ် မနားတမ်းထိုးစည်းကမ်းဖြင့် ဆက်လက်ထိုးသတ်ရာ ဆိုင်းရပ်စ်သည် တူးတူး၏ ထိုးလုံးသတ်လုံးများကို မခံနိုင်ဘဲ

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❋

# မုန်တိုင်းငယ်ဖြစ်ပေါ်နေ

**နေပြည်တော် ဇူလိုင် ၂၆**

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့ညနေ ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့၏ အနောက်-အနောက်တောင်ဘက် မိုင် ၆၀ ခန့်၊ မြန်မာနိုင်ငံ မောင်တောမြို့၏ အနောက်-အနောက်မြောက်ဘက်မိုင် ၁၁၀ ခန့်နှင့် စစ်တွေမြို့၏ အနောက်မြောက်ဘက် မိုင် ၁၆၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ ဆက်လက်တည်ရှိနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်ရှိပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သည်။

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါမုန်တိုင်းငယ်သည် ညနေ ၃ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၂၂ ဒသမ သုညဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၉၀ ဒသမ ၈ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်နှုန်းဖြစ်သည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ○






themirror.npt@gmail.com
www.facebook.com/themirrordaily